


www.burmeseclassic.com
မဖဲဝါနှင့်
တောက်တိုးဆွဲသရဲ
ကောန်မင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ မတ်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း |
| ကွန်ပျူတာ | - | ချယ်ရီမေ(အင်းစိန်) |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွှန့် (၀၀၃၇၄) ဇင်ရတနာစာပေ ၂၀၅၊ က/၄ လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက် အမှတ်(၁၇)၊ ၅၆ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကျော်မင်း ၃၉၈.၂

မဖဲဝါနဲ့ ဓောက်ထိုးဆွဲသရဲ/ ကျော်မင်း၊

ရန်ကုန်၊

ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။

၁၉၈-စာ၊ ၁၂ × ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# မဲဖါဒို့

# ကြောက်ထိုးခွဲသရဲ

ဧကန်မင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- အခေါင်းလာပြန်တောင်းတဲ့ မဖဲဝါ ၃
- မဖဲဝါနဲ့ ဖောက်ထိုးဆွဲသရဲ ၂၃
- ဝိညာဉ်တွေပျော်တဲ့အိမ် ၄၉
- သေွးစုပ် "ဖုတ်"ဘုရင် ၉၈
- ယောရာလမ်းကိုပြန်ရပြီ ၁၂၆
- လက်ဝှေ့အတိုးကောင်းတဲ့သရဲ ၁၅၃
- ချစ်သိုက်နန်းရှင် ၁၇၁


www.burmeseclassic.com

www.burmeseclassic.com

# အခေါင်းလာပြန်တောင်းတဲ့
# ဖဲပဝါ

"ငါ့ပစ္စည်း ပြန်ပေး"

ဝူး ဝူး ဝူး ဟူး

အူး ဟူး ဟူး

"ငါ့ပစ္စည်း ပြန်ပေး"

ညဉ့်နက်သန်းခေါင် ရွာလယ်ပိုင်းမှ ခွေးအူသံကြီးက တိတ်ဆိတ်မှုကို ဖြိုခွင်းပြီး ပေါ်လာသည်။

ခွေးအူသံက ရွာအနောက်ဖျားမှ စပေါ်လာပြီး ရွာလယ်ပိုင်း အထိ ဆူညံစွာ အော်ငြီးနေသည်။

ထို့နောက် ခွေးအူသံကြီးက တဖြည်းဖြည်း ရွာရှေ့ပိုင်းသို့ ရွေ့လျားအော်ငြီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အူး ... ဝူး ... ဝူး ... ဟာ

ရွာမြောက်ပိုင်းသို့ ခွေးအူသံများ ဆူညံစွာ အော်ငြီးနေရာမှ ရုတ်တရက် ရပ်သွားသည်။

"ငါ့ပစ္စည်း ပြန်ပေး"

ဟီ ... ဟီ ... ဟီ

ရွာအရဆိုလျှင် ရွာမြောက်ပိုင်း၊ ရပ်ကွက်အနေနှင့်ဆိုလျှင် ကျောင်းကြီးတောင်ပိုင်းရပ်ကွက်၊ ခြေတံရှည် အိမ်တစ်အိမ်ရှေ့မှာ အသံနက်ကြီးတစ်သံက တစ်ခွန်းချင်း ထွက်ပေါ်နေသည်။

"ငါ့ပစ္စည်း ပြန်ပေး"

ဟီ ... ဟီး ... ဟီ

"ကိုသိန်း ... ကိုသိန်း ... ထစမ်းပါဦး။ အိမ်ရှေ့မှာ အသံတစ်သံ ကြားနေရတယ်။ နားထောင်ကြည့်စမ်းပါ"

"ဟီး ... ဟီး ... ငါ့ပစ္စည်း ပြန်ပေး"

ထိုအသံကို ဦးသိန်း အတိုင်းသား ကြားရသည်။

"ဟိုက် ... ငါ့အိမ်ရှေ့မှာ ဒီအချိန်ကြီး၊ ဘာကို လာပြန်တောင်းနေတာလဲ"

"ဘယ်သိမလဲ ... ရှင်ထပြီး ဘယ်သူလဲ မေးစမ်း မေးပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအသံမျိုးက ကောင်းကောင်းလာတောင်းတဲ့ ပုံစံမျိုး မဟုတ်ဘူး၊ မင်းများ တစ်ယောက်ယောက်ဆီက ယူထားတဲ့ ပစ္စည်း ငွေရေးကြေးရေးများရှိလား"

"မရှိပါဘူးတော်"

"ငါ့ပစ္စည်းပြန်ပေး"

"ဟော ... ကြားလား၊ တောင်းနေပြန်ပြီ။ မင်းဒီနေ့ ပြန်ပေးမယ်ဆိုပြီး ငွေရေးကြေးရေး ကတိခံထားသေးလား၊ စဉ်းစား စမ်းပါဦး"

"မရှိပါဘူးတော်၊ တကတည်း အိပ်ရာကမထဘဲ လေကြော ရှည်နေတယ် ... ဟိုမှာ အိမ်ရှေ့က အသံကုန်လာ ကုန်းအော် နေတာ။ တစ်အိမ်နဲ့တစ်အိမ်က အိမ်ဝေးလို့ တော်သေးတယ်။ ရှင်သွားမေးကြည့်၊ အိမ်မှားပြီး လာအော်နေတာဆိုလည်း ပြောပြပြီး ပြန်လွှတ်လိုက်"

"အေး ... အေးပါကွာ၊ ထသွားပြီး မေးလိုက်ပါ့မယ်"

"ငါ့ပစ္စည်း ပြန်ပေး"

ဟီး ... ဟီ ... ဟီး ...

အသံက ဆက်တိုက်မဟုတ်၊ ပြတ်တောင်းပြတ်တောင်း အော် နေသည့်အတွက် တံခါးဖွင့်ပြီး အိမ်ရှေ့သို့ ခေါင်းဖီး ထိုးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဘာမှ သဲသဲကွဲကွဲ မမြင်ရ၍ လှေကားမှ အောက်သို့ ဆင်းခဲ့သည်။

အိမ်ရှာထဲက ဖေါ်တင်၏အသံ ထွက်လာသည်။

"တော် ... သတိထားပြီး သွားဦး၊ ဘာမှန်းမသိ၊ ညာမှန်းမသိ"

ဦးသိန်းလည်း ဓါတ်မီးအားကိုးနှင့် အိမ်ခြံဝသို့ ထွက်လာခဲ့သည်။

အိမ်ရှေ့ခြံဝမရောက်ခင် ဓါတ်မီးရောင်အောက်မှာ မြင်လိုက်ရသော မြင်ကွင်းက သွေးပျက်ဖွယ်ရာမင်း။

နောက်သို့ ပြန်လှည့်ပြေးရန် စိတ်က ကူးသော်လည်း နောက်သို့မသွားဖြစ်ဘဲ ခြေထောက်က ရှေ့သို့သာ တစ်လှမ်းခြင်း လှမ်းနေမိသည်။

"ပြီးခဲ့တဲ့ရက်က သချိုင်းထဲက ယူသွားတဲ့ပစ္စည်းကို လာတောင်းတာ၊ ပြန်ပေးလိုက်ပါ၊ ပြန်မပေးရင် မင်းရဲ့အသက်က ဒီထက်ပိုရှင်ခွင့်ရှိတော့မှာ မဟုတ်ဘူး။ ပိုင်ရှင်က သူပဲ ... သူ့ရဲ့ပစ္စည်းကို ခွင့်မတောင်းဘဲ ယူခဲ့လို့ သူစိတ်ဆိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သရဲမကြီးက အနားမှာ ရပ်နေသော သရဲမတစ်ကောင်ကို ပြနေသည်။

ဆံပင်အရှည်များကို ဖြန့်ချထားပြီး၊ မျက်တွင်းများက ဟောက် ပက်၊ မျက်နှာအသားအရည်မှာ အပုပ်အပွများ ရှိရှဲပြီး သွေးပြည် ရည်များ စီးကျနေသလို အပုပ်နံ့ကလည်း တထောင်းထောင်း ထနေသည်။

"ကျုပ်က သချိုင်းထဲကပစ္စည်း ဘယ်မှာယူလာခဲ့လို့လဲ"

ထိုအချိန်ထိ ဦးသိန်းလည်း သရဲမနှစ်ကောင်၊ ဘာကို လာ ပြန်တောင်းနေမှန်း စဉ်းစားရချေ။

"တကယ်ပြောတာပါ၊ ဘာယူခဲ့မှန်းကို မသိလို့ပါ ... ပြောပြပါလား"

"မင်းအိမ်ရဲ့ နောက်ဘက်က ကန်ထဲမှာ ချထားတဲ့ ပစ္စည်းကို ပြန်ပေးလိုက်ပါ"

"မင်းက ... ဒီတစ်ခုအပြင် ရှေ့တုန်းကလည်း ယူခဲ့သေး တယ်။ အဲဒီပစ္စည်းတွေကို ပိုင်ရှင်က ပြန်မတောင်းခိုင်းလို့ ဒီတို့ လာပြန် မတောင်းတာ"

"ဒီပစ္စည်းကို သူက ပေးချင်တာမဟုတ်ဘူး ...၊ သူ့အတွက် မပြည့်စုံဘူးတဲ့ ... ပြီးတော့ ... မနက်ဖြန် သချိုင်းထဲလာပြီး



www.burmeseclassic.com

www.burmeseclassic.com



... ဆုံးခန်းတိုင် လာလုပ်ပေးရမယ်"

"ဒါဆိုလည်း မနက်ဖြန် ဒီပစ္စည်းတွေကို မီးလာရှို့ပေးရမယ် ဆိုမှတော့ မနက်ဖြန်မှ ပြန်ယူခဲ့ပေးမယ်"

"မလိုဘူး၊ ငါတို့ အခု ပြန်ယူသွားမယ်"

ဦးသိန်းလည်း သရဲမတွေ ဘာလာပြန်တောင်းသည်ကို သိသွားသည့်အတွက်

"ခဏစောင့် အခု သွားယူပေးပါ့မယ်"

အိမ်ဖေါ်နောက်ဘက်တွင် ပေလေးဆယ်၊ ပေငါးဆယ်ခန့် အကျယ်တူးထားသော ငါးမွေးကန်အတွင်း မြှုပ်ထားသော ပစ္စည်းကို သွားဆယ်ယူလိုက်သည်။

ဦးသိန်းလည် အိမ်အောက်မှာ တွေ့ရသော ပုဆိုးစုတ်နှင့် ရေများကို သုတ်ပြီး၊ အိမ်ရှေ့သို့ သယ်လာခဲ့သည်။

သူယူလာသော ပစ္စည်းကို သရဲမနှစ်ကောင်အား ပေးလိုက်သည်။

"ကဲ ... ငါတို့သွားမယ်"

"ငါ့နာမည်မှတ်ထား၊ သချိုင်းစောင့် မဖဲဝါတဲ့။ သူ့ကိုတော့ မင်းသိမှာပေါ့ ... တစ်နေ့က သချိုင်းမှာ သူ့အလောင်းကို မင်းတို့ မီးသင်္ဂြိုဟ်ပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒီပစ္စည်း လာတောင်းကတည်းက သိလိုက်ပါတယ်"

မဖဲဝါဆိုသော သရဲမကြီးက ရှေ့ကသွားပြီး နောက်တစ်နေ့ကမှ သင်္ဂြိုဟ်လိုက်သော မထွေးစိန်ဆိုသည့် သရဲမက နောက်မှလိုက်သွားသည်။

သချိုင်းစောင့် မဖဲဝါနှင့် သရဲမ မထွေးစိန်တို့ လာပြန်ယူသွားသော ပစ္စည်းက မထွေးစိန်၏ ရုပ်ခန္ဓာအလောင်းကောင်အား ထည့်ထားသော အခေါင်းမှ အပေါ်အဖုံးအခေါင်း ပျဉ်ချပ်ဖြစ်သည်။

အလောင်းကို မီးသင်္ဂြိုဟ်သည့်အခါ အလောင်းကို ထင်းပုံပေါ် မှောက်ချပြီး အပေါ်က အခေါင်းကို ထားကာ မီးသင်္ဂြိုဟ်ကြသည်။

ဦးသိန်းက အလောင်းနှင့် အလောင်းထည့်သော အခေါင်းကိုသာ မီးထည့်ရှို့လိုက်ပြီး အခေါင်းအဖုံးကို အိမ်သို့ သယ်လာခဲ့သည်။

ထိုအခေါင်းကို မူးမူးနှင့် ပိုင်ရှင်သေသူထံမှ မတောင်းမိလိုက်ခြင်းလည်း ဖြစ်မည်။ သို့ကြောင့် လာပြန်တောင်းခြင်းဟု မှတ်ယူလိုက်တော့သည်။

ဦးသိန်း အခေါင်းအဖုံးယူခြင်းက ယခုတစ်ကြိမ်တည်း မဟုတ်။ ယခုအကြိမ်နှင့်ဆိုလျှင် ငါးကြိမ်မျှရှိပြီ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



သခု မထွေးစိန်၏အခေါင်းအပုံး ယူခဲ့မှ လာပြန်တောင်းခံလိုက်ရခြင်းပင်ဖြစ်သည်။

× × × × ×

"လိမ်ဖယ်ဖယ်တီးပါလို့ မောင့်လက်သီးကို လက်သီးကို မောင့်လက်သီးကို လက်သီးကို လက်သီးကို လက်သီးကို လက်သီးကို ရွှေချပါလို့ ဟော့ ... ဟော့ ... ဟော့ ... ဝါး"

ရွာလယ်လမ်းတင်ခလျှောက် အိုးစည်သံ၊ ဝါးလက်ခုပ်သံ၊ လင်းကွင်းသံ၊ ပုလွေသံ၊ ဆူဆူညံညံ၊ ညီညီညွတ်ညွတ် ထွက်ပေါ်နေသည်။

ထိုအလှူခံအဖွဲ့ အိုးစည်ဝိုင်း၏ ရှေ့မှာ ကွေးအောင် ခုန်ကနေသူကတော့ အသက်(၄၀)ခန့်ရှိ ဦးသိန်းဖြစ်သည်။

အိုးစည်တီးသူ၊ ဝါးလက်ခုပ်တီးသူ၊ ပုလွေမှုတ်သူများက ဦးသိန်းအောင်၊ ဦးလှမြင့်၊ ဦးပု၊ ဦးစိုးမောင်၊ ဦးအောင်တင်၊ ဦးပေါက်စ၊ ဦးတုတ်တို့တို့အဖွဲ့ဖြစ်သည်။

သူတို့အလှူခံအဖွဲ့က ကျောင်းကြီးကျောင်းကထိန်အတွက် ရပ်ကွက်မြို့ရွာအနှံ့၊ တစ်ရက်ကို နှစ်ရွာ၊ သုံးရွာခန့်လှည့်ပြီး အလှူခံကြခြင်းဖြစ်သည်။

သီတင်ကျွတ်လဆန်းသည်နှင့် အလှူခံစထွက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းကြီးကျောင်း၏ ကထိန်က သီတင်းကျွတ်လဆုတ်အတွင်း အစောဆုံး ခင်းလေ့ရှိသည်။

သူတို့အလှူခံအဖွဲ့ရငွေပေါ် မူတည်၍ အကျွေးအမွေးက စိုစိုပြေပြေ ဖြစ်ရသည်။ တစ်အိမ်ကို တစ်မတ်၊ ငါးမူး လှူကြပေမယ့် များသောအားဖြင့် ကထိန်မှာ ဝက်သားဟင်းနှင့် အမြဲကျွေးမွေးလှူဒါန်းနိုင်ခဲ့ကြသည်။

အလှူခံအဖွဲ့ ညဘက်ပြန်ရောက်လျှင် ဦးစံပေအိမ်မှာ ဆုံကြပြီး ညဆယ်နာရီခန့်အထိ အိုးစည်ဒိုးပတ် တိုက်ကြသည်။

နောက်နေ့ ခရီးစဉ် ဆွဲကြသည်။ သူတို့ လူစုက ချောင်းရင်းရွာ လူငယ်လမ်းညွှန် သာမူနာမူအသင်း၏ အဓိကဦးစီးလုပ်ကိုင်နေသူ လူတစ်စုဖြစ်သည်။

ထိုအသင်းတွင် ကာလသားလူငယ်များ၊ ကာလသမီး အမျိုးသမီးများကလည်း စုစုစည်းစည်း ပါဝင်ကြသေးသည်။

ရွာအတွင်း သာရေးဖြစ်ဖြစ် နာရေးဖြစ်ဖြစ် ကိစ္စပြီးသည်အထိ လူအား၊ ပစ္စည်းအား၊ တာဝန်ယူပေးသည်။ ထောက်ပံ့ငွေကြေးကိုတော့ သတ်မှတ်ထားသည့် အတိုင်းအတာတိုင်း ကူညီပံ့ပိုးပေးသည်။

နာရေးဖြစ်လျှင် သေဆုံးသည်မှသည် မြေကျသည်အထိ အစ


www.burmeseclassic.com

www.burmeseclassic.com


အဆုံး လူငယ်တာဝန်၊ လူကြီးတာဝန် လိုအပ်သလို ယူပြီး၊ မြေကျသည်အထိ တာဝန်ယူ လုပ်ဆောင်ပေးကြသည်။

မီးသင်္ဂြိုဟ်မည်ဆိုလျှင်လည်း အစအဆုံး တာဝန်ယူ လုပ်ကိုင်ပေးသည်။

အလှူအတန်းဖြစ်ဖြစ်၊ နာရေးပဲဖြစ်ဖြစ်၊ ဝယ်ခြမ်းရေး၊ ချက်ရေးပြုတ်ရေးအားလုံး ဤလူကြီးအုပ်စုက တာဝန်ယူဆောင်ရွက်ပေးသည်။

လူငယ်အဖွဲ့က အဝေးအဝေး၊ အသယ်အပိုး အသိမ်းအဆည်းအားလုံး မျက်နှာလွှဲ လုပ်ဆောင်ပေးသည်။ ထိုအသင်းတည်ထောင်သည်မှ နှစ်ပေါင်းလေးဆယ်ခန့် ကြာခဲ့ပြီ။ ယနေ့အထိ နာမည်ပျက် မရှိဘဲ တစ်ယောက်လက်တစ်ယောက် လက်ဆင့်ကမ်းပြီး လူမှုရေးဆောင်ရွက်ပေးခဲ့ကြသည်။

ထိုကဲ့သို့ လူမှုရေးဆောင်ရွက်ကြသော ဦးသိန်းတို့လူစုအချို့နာရေးများတွင် မီးသင်္ဂြိုဟ်သည့်ကိစ္စကို တာဝန်ယူလုပ်ဆောင်ပေးခဲ့ရာ ...

တစ်ရက် ရွာအတွင်း ဦးဖိုးဆင်၏နာရေးတွင် မီးသင်္ဂြိုဟ်မည်ဆို၍ သင်္ချိုင်းအတွင်း ကြိုတင်သွားရောက်ပြီး နေရာပြင်ဆင်လုပ်ကိုင်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com 

အသုဘ သင်္ချိုင်းသို့ ရောက်သောအခါ စုပုံထားသော ထင်းပုံပေါ် အခေါင်းအဖုံးဖွင့်၍ အလောင်းကို မှောက်ချကာ မီးသဂြိုဟ်ခြင်းကိစ္စကို ဆောင်ရွက်သည်။

ထိုအချိန် ဦးလှမြင့်က အရက်တစ်ခွက်ကို အလောင်း မီးရှို့နေသော ဦးတင်မောင်အား ကမ်းပေးလိုက်ပြီး ဦးသိန်းအား ...

"ဟေ့ ဖိုးသိန်း အဲဒီအခေါင်းအဖုံး ဒီမီးပုံပေါ် လာတင်လိုက်တစ်ခါတည်း လောင်သွားအောင်"

"ဟာ ဒီ ဦးဖိုးဆင်ဆီက ကျုပ်တောင်းထားပြီးပြီ၊ ကျုပ်ယူသွားမလို့"

"ဟေ့လူ ဖိုးသိန်း အခေါင်းအဖုံးကြီး အိမ်ကို ဘာလို့ယူသွားမှာလဲ။ မင်္ဂလာမရှိ ဘာမရှိ"

"မင်္ဂလာဆိုတာ ဘာလဲ ... လူတွေ သေရင်ကော အသုဘဘာကြောင့် ပို့ရတာလဲ၊ သိရောသိကြရဲ့လား"

"ဟား ... ဟား ... ကိုယ့်လူ မောင်ဖိုးသိန်းတစ်ယောက်အရက်ကြောင့် ကြောင်ပြီး တရားဟောတော့မယ်နဲ့တူတယ်။ တဲ့သိတာလေးရှိရင်လည်း ဝေမျှစမ်းပါဦး၊ နားထောင်ရတာပေါ့"

"မသိတဲ့လူတွေက များတော့လည်း ပြောပြရတာပေါ့။ စိတ်ဝင်စားတဲ့လူ နားထောင်ကြ"


www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက် သေဆုံးသွားပြီဆိုရင် အနီးဝန်းကျင်က သိသူရော၊ မသိသူ အားလုံး ဖိတ်ရတယ်။ ဖိတ်ကြားခံရသူတွေက အသုဘအိမ်ကို အသုဘရှုဖို့ သွားကြရတယ်။

သင်္ဂြိုဟ်တဲ့နေ့ ရောက်တော့လည်း သချိုင်းအရောက် ပို့ရတယ်။ အသုဘရှုသွားတဲ့ ဓလေ့၊ ပို့ဆောင်တဲ့ ဓလေ့ဟာ တို့ရဲ့ မြတ်စွာဘုရားရှင်လက်ထက်က စခဲ့တာ၊ သိရော သိကြရဲ့လား။

"အံမယ်ကြီးကြီးကျယ်ကျယ်"

"မကြီးကျယ်နဲ့ အမောင်တို့ မြတ်စွာဘုရားရှင်ကို ဆေးကုပေးနေတဲ့ ဆေးဆရာ ဇီဝကရဲ့နှမ သိရိမာသေဆုံးသွားတယ်။

အရင်က မင်းညီမင်းသား၊ သူကြွယ်သူဌေးသားတွေကို အသုံးတော်ခံခဲ့တဲ့ ပြည့်တန်ဆာ အလှဘုရင်မ သိရိမာ သေဆုံးပြီး၊ တစ်ရက်၊ နှစ်ရက်၊ သုံးရက်အတွင်း အဆင့်ဆင့် ရုပ်ခန္ဓာရဲ့ ဖြစ်ပျက်ပြောင်းလဲသွားပုံကို သိစေခြင်းငှာ မြတ်စွာဘုရား ဦးဆောင်ပြီး နေ့စဉ် အသုဘရှုခဲ့တယ်။

ခုနစ်ရက်ပြည့်တော့ ရဟန္တာအပေါင်း မင်းပရိသတ်၊ လူပရိသတ်တွေနဲ့ မြတ်စွာဘုရား ဦးဆောင်ပြီး ပို့ခဲ့တယ်။

အဲဒီကစပြီး နောက်ပိုင်းရှေးပညာရှိများနဲ့ ဆရာတော်ကြီးများက သချိုင်းပို့တဲ့ ဓလေ့ပြုလုပ်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


အခု အချို့ရွာတွေမှာ တရားနာပြီးတာနဲ့ ဘုန်းတော်ကြီးများ ဦးဆောင်ပြီး သင်္ချိုင်းအထိ ကြွချီပို့ဆောင်တဲ့မလေ့ ရှိကြတုန်းပဲ မဟုတ်လား။

အသုဘရှုတယ်၊ အသုဘပို့တယ် ဆိုတာကလည်း ဒီသေဆုံးသွားတဲ့ အသုဘအပုတ်ကောင်ကြီးကို ကြည့်ပြီး တစ်နေ့ကြရင် ငါလည်း ဒီလိုပဲ သေဆုံးမှာပါလားဆိုတဲ့ အသိနဲ့ ရှုကြရမှာ ပို့ကြရမှာ။

ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင် သေနိုင်သလို သူ့လို သေမသွားခင်မှာ အချိန်မီ ကုသိုလ်ဒါနတွေ လုပ်ဦးမှာပဲလို့လည်း အတွေးဝင်နိုင်တယ်။

သေခြင်းတရားက ကြီးသည် ငယ်သည် မရွေး ခေါ်ချင် ခေါ်သွားနိုင်တာ။

ရုပ်နာမ်ခန္ဓာရှိနေသရွေ့ ငါ အိုရမယ်၊ ငါ နာရမယ်၊ ငါ သေရဦးမယ်ဆိုတဲ့ သံဝေဂတွေ ပွားနိုင်အောင် အသုဘရှု ပို့ဆောင်ကြတာ မဟုတ်လား"

"အခုလည်းကြည့် ... ငါ ဒီအခေါင်းအဖုံးကို ဘာကြောင့် ယူရတာလဲ သိကြလား။

သေခြင်းတရားကို အချိန်မရွေး နာနာရှုမှတ် ပွားများနိုင်အောင်


www.burmeseclassic.com

www.burmeseclassic.com



ယူရတာ”

“အဲဒီမယ် ခင်ဗျားအိမ်မှာ စွားစာကျင်း၊ ဝက်စာခွက် လုပ်မလို့ မဟုတ်လား”

“မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး။ ငါအခုရင်တစ်ခါ ယူသွားတဲ့ အခေါင်းအဖုံးကို ဘုရားစင်က မျက်နှာကျက်မှာ သဘော်ဆေး တွေနဲ့ ကနုတ်ပန်းတွေရေးပြီး တင်ထားတာ။ အခုလည်း အဲဒီမှာ ထားမှာ”

“ရှေးလူကြီးတွေပြောတဲ့စကား မကြားဖူးဘူးလား၊ သံဃိက ပစ္စည်း၊ လက်တစ်ဆစ်မျှတောင် မယူရဘူးတဲ့။ မသာပစ္စည်းကိုဆောင်၊ ကျောင်းပစ္စည်းကို ရှောင်ရမယ်ဆိုခဲ့တဲ့ စကားရှိတယ် မဟုတ်လား။

ဒါကြောင့် ကာယကံရှင်ဆီက တောင်းပြီး၊ ဒီအခေါင်းအဖုံးကို ကျုပ် ယူသွားမှာ”

“နံနံစော်စော်ဗျာ၊ အခေါင်းအပေါ်မှာ လေးငါးရက် ပုံးထားတာ ဒီသစ်သားထဲမှာ ဝင်နေတဲ့ အနံ့က ဘယ်ပျောက်တော့မလဲ စွဲနေ မှာပေါ့”

“ဒါက လွယ်လွယ်လေး ဗိုးလှမြင့်ရဲ့ ကျုပ်ခြံထဲမှ ရေကန် ရှိတယ်လေ၊ ကန်ထဲမှာ ဆယ့်ငါးရက် အရက်နှစ်ဆယ် ရေစိမ် ထားလိုက်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သတိတယ်ဆိုလည်း ပြီးတာပါပဲ"

အခေါင်းစပ်သော ပေပျဉ်များကလည်း ထိုခေတ်က သစ်ဆိုင်များတွင် အလွယ်တကူဝယ်၍ ရသဖြင့် ချမ်းသာသူက သစ်သားကောင်းကောင်းနှင့် အခေါင်းစပ်ကြသလို ...

သာမန်လူများက ရိုးရိုးသစ်များဖြင့် အခေါင်းစပ်ကြသည်။

သို့ကြောင့် ဦးသိန်းတစ်ယောက် အသုဘကို မီးသင်္ဂြိုဟ်ပေးရလေတိုင်း အခေါင်းအဖုံးများကို သေသူထံမှတောင်းပြီး အိမ်သို့ပြန်ယူခဲ့သည်မှာ လေးဖုံးပင် ရှိသွားခဲ့သည်။

အိမ်က ဇနီးနှင့်သားသမီးများကလည်း ဦးသိန်း၏လုပ်ရပ်ကို ပထမအကြိမ် ယူခဲ့စဉ်က ဆူဆူညံညံ လုပ်ပေမယ့် ကြာတော့ ရိုးသွားခဲ့ပြီ။

ကြောက်လည်း မကြောက်နိုင်တော့။

အခေါင်းကို တရားသဘောနှင့် မြင်တတ်ရန် ရှုတတ်ရန် ဆိုလာတော့လည်း ပြဿနာမရှာတော့ဘဲ ဥပေက္ခာထားလိုက်ကြသည်။

နှစ်ခုက သုံးခုဖြစ်လာတော့ ...

"ရှင့်ဟာက တစ်ခုနှစ်ခုဆိုရင် တရားရှုဖို့ ဖြစ်နိုင်သေး၊ အခု လူသေမိန်းရှို့တိုင်း ယူလာခဲ့တော့ စီးပွားဖြစ်ယူနေသလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မနေဘူးလား”

“မဟုတ်ဘ ... ဟုတ်ကကွာ”

ယခု ပဥ္စမမြောက်တစ်ဖုံးကို မိးမသကြိုဟ်ခင် အခေါ်င်းပိုင်ရှင်အား ယူသွားခွင့်ပေးပါရန် တောင်းခဲ့သည်လား၊ မတောင်းခဲ့ခည်လား မူးနေ၍ မမှတ်မိတော့။ မူးသည်ဆိုပေမယ့် အနံ့အသက် အပုပ်နံ့များနှင့် လုံးပန်းနေရ၍ နှစ်ခွက်ထက်ပိုမသောက်။

သောက်နေကျမဟုတ်၍ သောက်မိတိုင်း ပိုပြီး မူးတတ်သည်။ သို့ကြောင့် ကာယကံရှင်ထံမှ တောင်းပြီးပြီအထင်နှင့် ယူခဲ့ခြင်းဖြစ်သည်။

ယခု မထွေးစိန်က သူ မပေးတဲ့ပစ္စည်းကို ယူသွား၍ ပြန်တောင်းခြင်းဟု သိလိုက်ရသည်။

ဘာ့ကြောင့် မပေးချင်ရသည်ကို စဉ်းစားမရ။

ဦးသိန်းလည်း သရဲမနှစ်ကောင် ကြိုးစားပမ်းစား ဘာ့ကြောင့် လာပြန်တောင်းရသည်ကို စဉ်းစားတွေးတော၍မရ၊ ခေါင်းပင် ရှုပ်လာသည်။

ခွေးအူသံများ တိတ်ဆိတ်ငြိမ်သက်သွားပြီး ...

ဦးသိန်း အိမ်ထဲ ပြန်ဝင်ခဲ့သည်။

အိမ်ပေါ်က ဇနီး ဒေါ်တင်က လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ဘာပြန်လာတောင်းတာလဲ"

"အိုကွာ ... မသိချင်စမ်းပါနဲ့၊ နေရာတကာ စပ်စုတယ်"

"ဘာ မသိချင်စမ်းပါနဲ့လဲ ... ရှင် အခေါင်းအဖုံးကြီး သယ်သွားတာ မြင်လိုက်တယ် ... အခေါင်းအဖုံးက ဘာကြောင့် ရောက်နေတာလဲ"

"ငါ ယူလာတာတော့ ငါယူလာတာ"

"ရှင့်ကို ... မယူနဲ့တော့လို့ ပြောတာ မရဘူး"

"အခု ဘယ်သူက လာပြန်တောင်းတာလဲ"

"တော်တော် စကားကြောရှည်တာပဲ ... သင်္ချိုင်းကုန်းက သရဲမတွေ လာပြန်တောင်းသွားတာ"

"လာပြန်တောင်းတဲ့ သရဲမနာမည်တွေရော သိချင်သေးလား"

"တော်တော့ မပြောနဲ့၊ တော့အစား ကျုပ်စိတ်ထဲ ချောက်ချား လာပြီ"

"မင်းမကြားချင်လည်း ပြောရမှာပဲ မိန်းမရေ ... မဖဲဝါနဲ့ အခေါင်းပိုင်ရှင် ... မထွေးစိန်တဲ့"

ထို့နောက်ပိုင်း ဦးသိန်းတစ်ယောက် အလောင်းမီးရှို့သင်္ဂြိုဟ် သည့်အခါတိုင်း အခေါင်းအဖုံးကိုတောင်းပြီး ယူခြင်း လုံးဝမပြု လုပ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုဒေသက မြေကွက်ရှိသူများ မြေကို အငှားမပေး ဆက်တိုက် စိုက်ကြသည်။ မိုးအခါ လယ်ထဲဆင်း စပါးစိုက်၊ စပါးသိမ်းပြီးနောက် ကိုင်းသီးနှံမျိုးစုံမှ ဈေးကွက်ဝင်မည့် အသီးအနှံများကို ရွေးချယ် စိုက်ကြသည်။

ဦးသိန်းက သားနှစ်ယောက်ရှိသော်လည်း အတန်းပညာသင်နေ၍ လယ်အလုပ်များ မနိုင်၊ သမီးနှစ်ယောက် သားတစ်ယောက်က ငယ်သေးသည်။ သူတို့လည်း အလယ်တန်းမှာ တက်နေကြသည်။

သို့ကြောင့် မြေငါးဧကကို လူငှားမထားဘဲ နွေမိုးဆောင်းလုပ်ကိုင်လာရင်း ရပ်ရွာ သာမှု၊ နာမှုရှိလေတိုင်း လယ်နှင့်ယာကို ဇနီးအား လွှဲထားပြီး ဝင်ရောက် ကူညီလုပ်ကိုင်ခဲ့သည်။

ဦးသိန်းတစ်ယောက် အိမ်ထောင်ကျပြီး နောက်ပိုင်း အိပ်ရာပေါ်လဲအောင် ဖျားသည်၊ နာသည်ဟူ၍ မရှိခဲ့၊ ဆေးလိပ်လည်း မသောက်၊ ကွမ်းလည်းမစားခဲ့၊ အရက်ကိုတော့ အသုဘကိစ္စဆောင်ရွက်မှ သောက်တတ်သည်။

မများမနာပေမယ့် တစ်ခုတော့ရှိတယ်၊ အသက် လေးငါးနှစ်ခန့်က ရင်ဘတ်တစ်ခုလုံး၊ ခါးတစ်ပြင်လုံး ပွေးကြီးမျိုး၊ အကွက်ကြီးများ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွေးတစ်ကွက်ကို ပဲပုပ်ချပ်အရွယ် အဝိုင်းကြီးတွေ၊ အသား ပေါ်မှာ ဖြူဖြူအကွက်ကြီးတွေ မြင်မကောင်းအောင် ထွက်လာသည်။

ပွေးက ပွေးခြောက်မျိုး အနည်းငယ် ယားသည်ဟုဆိုသည်။

တစ်ရက်၊ လယ်နီးနားချင်း ကိုရင်အေးတို့ လယ်ကွက် စပါးရိတ်စဉ် မြွေပွေးတစ်ကောင်တွေ့၍ ရိုက်သတ်လိုက်ပြီး၊ မြေမြှုပ် ရန် သယ်လာစဉ် ဦးသိန်းတွေ့သွားသည်။

"အဲဒီမြွေကို မြှုပ်မယ့်အစား ငါ့ကိုပေး"

"ဟာ ... ဦးသိန်း ချက်စားမလို့လား"

"မဟုတ်ပါဘူးကွာ၊ ဒီမှာကြည့်"

မြွေအသေကို လက်ထဲမှာ ကိုင်ထားသော ကိုင်းခုတ်ဓားနှင့် လည်ပင်းကို ဖြတ်လိုက်သည်။

ထို့နောက် အူများကို ဆွဲထုတ်ပြီး မြွေပွေးသည်းခြေကို ဖြတ်လိုက်ကာ စွပ်ခနဲ ပါးစပ်အတွင်းထည့်၍ မျိုချလိုက်သည်။

"ဟာ ဦးသိန်း ရွံစရာကြီးဗျာ"

"ဟကောင် ဘယ်လောက်ကောင်းတဲ့ သည်းခြေလည်းဆိုတာ မင်းမှ မသိသေးဘဲ ... နောက်ထပ် မြွေပွေးတွေ့ရင် ငါ့ကို ပေးပါ"

"မြွေပေါက်ဆိုရင် ... ယူမလား"

www.burmeseclassic.com

www.burmeseclassic.com



"မြွေပွေးရမှ ယူမယ်"

သို့ဖြင့် မြွေပွေးသည် ခြေနှစ်ခုမျှ လတ်လတ်ဆတ်ဆတ် မျိုချလိုက်ပြီးနောက်ပိုင်း ဦးသိန်း၏ ခန္ဓာကိုယ်မှာ စွဲကပ်နေသော ပွေးခြောက်များ၊ တစ်ပတ်ဆယ်ရက်အတွင်း အကောင်းပကတိ ပျောက်ကင်းသွားတော့သည်။

ဦးသိန်းက ရှမ်းဆရာကြီး ပြောသွားသော ဆေးနည်းဟု ဆိုသည်။

ထိုနောက်ပိုင်း ဦးသိန်း(၆၅)နှစ်အရောက် ဇနီးဒေါ်တင် ဆုံးသွားသည်။ ဦးသိန်းအား သားသမီးများက လယ်မလုပ်စေဘဲ အိမ်မှာသာ နားနားနေနေ အနားယူစေသည်။

ဦးသိန်း အသက်(၆၈)နှစ်အရောက် မဖျားမနာဘဲ မြတ်စွာ ဘုရားအား ဆွမ်းတော်တင်ပြီး ဘုရားကို ရှိခိုးနေစဉ် အသက် သေဆုံးသွားတော့သည်။

အသုဘကမ္မဋ္ဌာန်း ပွားရှုရန်ယူခဲ့သော အခေါင်းအဖုံး ပျဉ်ချပ် များကို သားသမီးများက ဖခင်သေဆုံးပြီးနောက်ပိုင်း ဖြုတ်ပစ် လိုက်လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

# မမဝါနှင့် ကောက်ထိုးဆွဲသံရ

ပြန်တန်ဆာမြို့အပိုင် ချောင်းကျိုးရွာကလေးသည် နာမည်နှင့်လိုက်အောင် မိုးအခါဆိုလျှင် ချောင်းရေ မိုးရေတို့က နေရာအနှံ့အပြည့် ရှိနေပါသည်။

ထိုရွာမှာ ဘုန်းကြီးကျောင်းက တစ်ကျောင်း၊ မူလတန်းကျောင်းက တစ်ကျောင်း ရှိပါသည်။

ထိုရွာပတ်ဝန်းကျင်တွင် လယ်ကွက်ကြီးများက တမျှော်တခေါ်ရှိသလို ရွာ၏တောင်ဘက်မှာ ကိုင်းပင်များကလည်း ထူထပ်စွာပေါက်ရောက်နေပါသည်။

ကိုထွန်းတင်၊ မလှညွန့်တို့က ထိုရွာအနီး လယ်ရှင်ဦးစံလှလယ်ကွက်မှာ သူရင်းငှား လာလုပ်နေကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားက ချောင်းကျိုးရွာမှ မဟုတ်၊ စစ်တောင်း မြစ်ကမ်းရှိ တာဦးရွာမှ တစ်နွေတစ်မိုး အငှားလာလုပ်နေကြခြင်း ဖြစ်သည်။

မလှည့်နှံ့က ပထမဆုံးသားဦးကို ကိုယ်ဝန်လွယ်ထားရသည်။ ကိုယ်ဝန်ရင့်လာပြီဖြစ်၍ ဘာမှ ဝင်မလုပ်နိုင်။ ထမင်းချက်၊ ဟင်းချက်၊ မီးဖိုတာဝန်နှင့် အသေးစားအလုပ်များကိုသာ လုပ်ကိုင်ပေးနိုင်သည်။

မလှည့်နှံ့ကိုယ်ဝန်ရှစ်လထဲ အရောက် ကိုထွန်းတင် ကိုင်း တောမှာ ကိုင်းပင်သွားစုရင်း ပိုးထိကာ အသက်ဆုံးရှုံးသွားရသည်။

ကိုထွန်းတင် ပိုးထိစဉ်က အနီးမှာ မည်သူမှမရှိ၊ အနီးအပါးသို့ မလှည့်နှံ့ အပြေးအလွှား အကူအညီ လျှောက်ခေါ်သော်လည်း အလုပ်ကို ပစ်ထားပြီး ချက်ချင်းလိုက်မလာကြ။

မလှည့်နှံ့ ပင်္ဂါမြေလူးသလို ကိုယ်ဝန်အရင့်အမာကြီးနှင့် နီးစပ်ရာ တဲများကို လျှောက်ခေါ်ပါမှ ဆယ့်ငါးမိနစ်ခန့် နောက်ကျ ပြီး လူသုံးယောက် ရောက်လာသည်။

သူတို့ရောက်တော့ ကိုထွန်းတင်က သေဆုံးနေပြီ။ ကိုထွန်း တင်အလောင်းနားမှာ မလှည့်နှံ့အပါအဝင် လူလေးယောက်သာ ရှိသည်။

သွားရဲလာရဲရှိသူတစ်ယောက်ကို ချောင်းကျိုးရွာမှ လယ်ရှင်



www.burmeseclassic.com

www.burmeseclassic.com


ဦးစံမောင်ထံလွှတ်ပြီး အကြောင်းကြားသော်လည်း အကူအညီပေးရန် လူနှစ်ယောက် လွှတ်လိုက်သည်။ ဦးစံမောင်က လိုက်မလာ။

ထိုည လင်းကသေ၊ လူကမရှိ စိတ်ဆင်းရဲလွန်းမက စိတ်ဆင်းရဲလှသဖြင့် မလှတင်၏ဗိုက်က ရှစ်လအတွင်း ဗိုက်အလွန် နာလာခဲ့သည်။

ကံဆိုးစွာ လင်သေဆုံးသောတဲမှာပင် မွေးဖွားရန် ရက်ပိုင်းလိုသေးပေမင့် ကလေးကို ထိန်းမရအောင် မွေးဖွားချင်လာသည်။

ထိုရွာမှာ ဆေးပေးခန်းလည်း မရှိ၊ သားဖွားဆရာမလည်း မရှိ၊ ရွာ၏လက်သည်တော့ရှိသည်။

ရွာအတွင်း လက်သည်သွားခေါ်ရအောင်လည်း တဲမှာ ငါး ယောက်သာ လူရှိသည်။ သွားခေါ်ပေးချင်ပုံ မပေါ်ကြ။

အခြားတဲမှာ သွားမွေးရန်ကလည်း မည်သူကမှ အကြံမပေးလိုလိုချင်ချင် မခေါ်၊ တစ်ယောက်က တဲနီးနားချင်း အဒေါ်ကြီးကို သွားခေါ်သဖြင့် ထိုအဒေါ်ကြီးနှင့်ပင် မွေးဖွားရန် ပြင်ဆင်ရသည်။

ထိုအဒေါ်ကြီးက လက်သည်လည်း မဟုတ်သဖြင့် ကျွမ်းကျင်မှု မရှိ၊ သို့နှင့် တစ်နာရီပင် မကြာ၊ အဒေါ်ကြီးလက်ထဲမှာ ကလေး မီးဖွားပြီးသည်နှင့် မလှည့်နှ့် လူ့လောကကြီးထဲမှ ထွက်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ကလေးက အသက်ရှင် ကျန်ရစ်သည်။

အလောင်းနှစ်လောင်းနှင့် ထိုတဲလေးသို့ ရွာထဲမှ အောက်လင်း ဓါတ်မီးနှစ်လုံးဆွဲ၍ လူတစ်ချို့ ထပ်ရောက်လာသည်။

ကလေးကို အဒေါ်ကြီးက ကြည့်ရှုပေးထားသည်။ တာဦး ရွာရှိ နှစ်ဘက်မိဘဆွေမျိုးများထံ မနက်မိုးလင်းသည်နှင့် လူလွှတ် အကြောင်းကြားခိုင်းလိုက်သည်။

နေ့ခင်းရောက်တော့ ဆွေမျိုးသားချင်းများ ရောက်လာပြီး သုံးရက်ထားကာ သင်္ဂြိုဟ်လိုက်ကြသည်။

ကလေးကို မလှညွန့်မိဘများက လိပ်ပြာခွဲပြီး ပြန်ယူသွား ကြသည်။

ရက်လည်သည့်အခါ ထိုတဲလေးမှာ ဘုန်းကြီးသုံးပါးပင့်၍ တရားနာလိုက်ကြသည်။

× × × × ×

ရွာက လူတစ်ဝက်နီးပါးခန့် လယ်ကွင်းထဲသို့ ပြောင်းပြီး တဲထိုးနေထိုင်ကာ လုပ်ငန်းဝင်နေကြသည်။

စပါးစိုက်ချိန်မှသည် ကိုင်းသိမ်းချိန်အထိ ညအိပ်ညနေ နေကြ ခြင်းဖြစ်သည်။

ကိုင်းသိမ်းပြီး မိုးမကျခင် သုံးလခန့်မျှသာ ရွာမှာ ပြန်နေ



www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ မိုးရွာသည်နှင့် လယ်ယာလုပ်ခွင်ဝင်ရန် စားအိုးစားခွက်များနှင့် ပြောင်းရွှေ့သွားကြသည်။

ထိုအချိန်ဆိုလျှင် ရွာမှာ လူမရှိသလောက်ဖြစ်၍ ရွာရှိ ဘုန်းတော်ကြီးလည်း ဆွမ်းခံရေး အခက်အခဲရှိလာသည်။

ကိုရင်လေးပါး၊ ဦးပဉ္စင်းနှစ်ပါး၊ ဘုန်းတော်ကြီးတစ်ပါး ကျောင်းသားငါးယောက်အတွက် ဆွမ်းကွမ်းကိစ္စ အခက်အခဲရှိလာသည်။

သို့ကြောင့် ကျောင်းရှိ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားတို့လည်း ဝိရိယပိုစွာ ဆွမ်းခံထွက်ကြရသည်။

မနက်အာရုံဆွမ်းစားပြီး မကြာခင် ရှစ်နာရီခန့် ကျောင်းမှထွက်ကြကာ ရွာထဲတချို့ လယ်ကွင်းထဲတချို့ ဆွမ်းခံထွက်ကြရသည်။

မနက်ရှစ်နာရီမှစ၍ လယ်ကန်သင်းများ၊ လယ်ကွက်များပေါ်မှ ဖြတ်ကာ တဲများဆီသို့ ဆွမ်းခံထွက်ကြရသည်။

လူပိုရှိသော တဲဆိုလျှင် ဆွမ်း၊ ဆွမ်းဟင်းရသည်။

လူပိုလူလျှံမရှိသော တဲဆိုပါက အလုပ်လုပ်ရန် လူများလယ်ကွက်ထဲရောက်နေကြသဖြင့် တဲတံခါးပိတ်ထားသည်နှင့်ကြုံကာ ဆွမ်းသွားခံလည်း အချည်းနှီးပင်။

သို့ဖြင့် လယ်ကွင်းတစ်ပြင်လုံး၊ ရှစ်နာရီမှ ဆယ်နာရီခွဲခန့်


www.burmeseclassic.com

www.burmeseclassic.com


အထိ နှစ်နာရီခွဲမျှ နေပူပူ၊ ဗုန်ထူထူ၊ ခြေထောက်ပူပူနှင့် ဆွမ်းခံထွက်တာမှ တော်ရုံဆွမ်းရသည်။

ရွာထဲ ဆွမ်းခံထွက်သော ဦးပဥ္စင်း၊ ကိုရင်ကျောင်းသားများလည်း လေးငါးအိမ်ရောက်မှ တစ်အိမ်လောက်လှူရှိကာ ဆွမ်းရသည်။

အာရုံဆွမ်းကို ကျောင်းမှာပင် မနက်လေးနာရီ တုံးခေါက်သည်နှင့် ထကာ ဆွမ်းချက်သည်။ ညပိုင်းက ရွာထဲလယ်ထဲမှ အလှည့်ကျ ချက်ပို့သော ဆွမ်းဟင်းနှစ်ချိုင့်နှင့် အာရုံဆွမ်း စားရသည်။

နွေရာသီမှာ ထိုကဲ့သို့ အားစိုက်နိုင်မှ ဆွမ်းရသလို မိုးအခါ ကျောင်းပိုင်လှေနှစ်စီးနှင့် ရွာထဲ ဆွမ်းခံထွက်ကြရပြန်သည်။

ရွာနှင့် ခပ်လှမ်းလှမ်းရှိ လှည်းလမ်းဘေးမှာ သနပ်ပင်ကြီးတစ်ပင် အထီးတည်း ပေါက်ရောက်နေသည်။

ထိုအပင်ကြီးမှာ မကြာခင်ရက်က သေသွားသော ဗိုက်ကြီးသည် သရဲမကာ အလွန်ခြောက်လှန့်သည်ဟု သတင်းကြီးနေသည်။

နေ့ခင်းလည်း ခြောက်သည်၊ နေဝင်ရီတရောလည်း ခြောက်သည်။ ညဆိုလျှင် ပို၍ ခြောက်လှန့်သည်။

သစ်ပင်ကြီးနားမှာ တွဲလောင်းကြီးလုပ်ပြပြီး ခြောက်သည်။ ဖောက်



www.burmeseclassic.com

www.burmeseclassic.com


ထိုးကြီးလည်း နေပြသည်။

သစ်ကိုင်းကို ခြေထောက်နှင့် ချိတ်၍ ဇောက်ထိုးကြီး ကိုယ်ကို လွှဲကာ လွှဲကာ ခြောက်သည်။

မကြာခဏ ဇောက်ထိုးပုံသဏ္ဌာန်နှင့် ခြောက်လှန့်လွှန်းသဖြင့် ဇောက်ထိုးဆွဲသရဲဟု နာမည်တွင်နေသည်။

ထိုဇောက်ထိုးအနေအထားမှ ပါးစပ်ကြီးဖြကာ လျှာကြီးက မြေကြီးအထိပင် ရောက်အောင် ထုတ်ပြနေတတ်သေးသည်။

ထိုသစ်ပင်အောက် မကျတကျမှ ဖြတ်သွားသော လှည်းလမ်းက တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာနေသည့် လမ်းလည်း ဖြစ်သည်။

မိုးအခါဆိုလျှင် လှည်းလမ်းပျောက်ပြီး ရေပြင်ကြီးသာ ဖြစ်နေသည်။ မိုးကုန်၍ မြေသားမာလာသည်နှင့် တစ်ရွာနှင့်တစ်ရွာ လှည်းဖြင့် သွားလာရင်းက လမ်းဖြစ်သွားခြင်းဖြစ်သည်။

ချောင်းရင်းရွာ ကညင်နှစ်ပင် ငါးကျုံးအိုင်၊ ဆင်ကူးချောင်းတိုး၊ တာဦး၊ ရေပေါ်သောင်စသော ရွာများ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ် သွားလာနေသော လှည်းလမ်းဖြစ်သဖြင့် မနက်ငါးနာရီမှ ည ရှစ်နာရီ ခန့်အထိ လှည်းအသွားအလာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မလှတင်တို့လင်မယား သေဆုံးပြီးမှ ကိုထွန်းတင် ဝိညာဉ်က ဘယ်ရောက်သွားသည်မသိ။

ဗိုက်ကြီးသည့် မလှတင်၏ ဝိညာဉ်ကသာ သနပ်ပင်ကြီးပေါ် ရောက်ရှိ ခြောက်လှန့်နေသည်။

တစ်ရက် ကညင်နှစ်ပင်ရွာမှ လှည်းတစ်စီး မနက်ငါးနာရီခန့် ထိုသစ်ပင်ကြီးအောက် ရောက်လာသည်။

"ဝုန်း"

"အမလေး ... သရဲမကြီး"

ဖြတ်သွားသော လှည်းပေါ်သို့ ခုန်ချလိုက်သော ဆံပင်ဖားလျား မျက်လုံးပောက်ပက်၊ ပါးစပ်မှာ သွားကြီးများပေါ်အောင် အသား အရည်များက ရှိုးကျနေသည့် ကြောက်စရာသရဲမကြီးကို မြင်လိုက် ကြရသည်။

လှည်းနောက်မှာ ထိုင်လိုက်လာသော အသက်ဆယ့်သုံးနှစ် ခန့်ရှိ လူငယ်လေး ငယ်သံပါအောင် အော်ပြီး သတိလစ်သွားသည်။

ဟား ... ဟား ... ဟား

ရှေ့မှာ နွားမောင်းနေသော ဖခင်ဖြစ်တန်ရှိသည့် လူကြီးက သရဲမကို မြင်ပြီး နွားနှစ်ကောင်ကို အားကုန်ရိုက်ပြီး မောင်းလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုန်း ... ဒုန်း ... ဒုန်း

လှည်းဘီးနှင့် မြေကြီးဆောင့်သံ တဒုန်းဒုန်း မြည်အောင် ပြေးထွက်သွားသည်။

အတော်လေးရောက်တော့ လှည်းပေါ်မှာ သရဲမကြီး မရှိတော့ပါ။

လှည်းပေါ်က ကလေးမှာ အကြောက်လွန်၍ အသံပင် မထွက်နိုင်တော့ချေ။ ထိုအခါ သွားလိုသော ခရီးကို ဆက်မသွားဖြစ်ဘဲ ထိုသနပ်ပင်ကြီးနှင့် ဝေးရာမှပတ်၍ လာရာလမ်းသို့ ပြန်သွားရတော့သည်။

ထို့ပြင် ရွာထဲမှ ယာခင်းထဲသို့ စောစောထွက်လာကြသော လူတစ်စုအားလည်း သစ်ပင်ကို လှုပ်၍ ခြောက်ပြသည်။

ဝေါ ... ဝေါ ... ဝေါ

ဟီး ... ဟီး ... ဟီး ... ဟီး

ထိုအချိန် သစ်ပင်ပေါ်မှ ချောက်ချားဖွယ် ရီမောသံကြီး ပေါ်ထွက်လာသည်။ ဝိညာဉ်သရဲမကို မမြင်ရ။

ယောကျ်ားရော မိန်းမများပါ ထိုနေရာမှ ခြေကုန်သုတ် ပြေးကြသည်။

ဟား ... ဟား ... ဟီး ... ဟီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြေးနေရာနောက်သို့ သရဲမ၏ရိုသံကြီးက ကပ်ပါလာသည်။

ရပ်ဝေးရပ်နီးမှ ထိုသစ်ပင်မှာရှိသော သရဲမအကြောင်းကို မသိ၍ ဖြတ်သွားဖြတ်လာသူများအား မကြာခဏရန်စောင်ချောက်လှန့်နေခဲ့သည်။

သိသူများကတော့ ကွင်းရှောင်သွားကြသည်။

အဆိုးဆုံးချောက်လှန့်မှုကတော့ တာဦးရွာမှ ပြန်လာသောလှည်းတစ်စီးကို ချောက်လှန့်ခြင်းဖြစ်သည်။

ထိုလှည်းပေါ်မှာ အမျိုးသမီးနှစ်ယောက်နှင့် လူကြီးတစ်ယောက်တို့ ရီလိုက်မောလိုက် စကားတပြောပြောနှင့် ပါလာသည်။ မိန်းကလေးက ထိုလူကြီး သမီးဖြစ်သည်။ ကျန်အမျိုးသမီးက ထိုလူကြီး၏ညီမ ဖြစ်သည်။

သနပ်ပင်ကြီးနားရောက်လာသည်။ အခြောက်ကြမ်းသည့် သရဲမရှိသည်ကိုလည်း သိမထား၊ တစ်နှစ်ကို တစ်ခေါက်နှစ်ခေါက်မျှ သွားနေကျ ခရီးမို့ အေးအေးဆေးဆေး ရယ်လိုက်မောလိုက်။

သနပ်ပင်အောက်သို့ နွားလှည်း စဖြတ်ပြီ။

ထိုအချိန်မှာပဲ သနပ်ပင်ပေါ်မှာ သွေးများပေကျံနေသော မျက်နှာကြီး၊ ပါးစပ်ကြီးပြဲ၊ မျက်လုံးကြီးပြူး၊ လျှာက တွဲလဲကျ



www.burmeseclassic.com

www.burmeseclassic.com



နေသော အစိမ်းသရဲမကြီးက ခြေနှစ်ချောင်း ချိတ်ပြီး ဖောက်ထိုး အနေအထားမှ တဖြည်းဖြည်း နိမ့်ဆင်းလာသည်ကို အားလုံး တွေ့လိုက်ရသည်။

"အား"

သရဲမကြီးကို မြင်သည်နှင့် အမျိုးသမီးနှစ်ယောက် ငယ်သံ ပါအောင် အော်ပြီး၊ သတိလစ်သွားတော့သည်။

ထိုအော်သံကြီးက ပတ်ဝန်းကျင်ကပင် ကြားနိုင်လောက်သည်။

လှည်းပေါ်မှလူကြီးလည်း ခဏမျှ မင်သက်သွားပြီး အသိ ဝင်လာကာ လှည်းဆောင်ပန်းဘေး ကပ်ချထားသော သွားလေရာ ယူသွားသည့် ကိုင်းခုတ်ဓါးကို ဆွဲယူ၍ လွဲခုတ်လိုက်သည်။

ဟား ... ဟား

ဟီး ဟီး ဟီး

နွားများကလည်း ကြိမ်လုံးနှင့် တဖြန်းဖြန်း ရိုက်မောင်းနေ ပေမင့် လှုပ်လှုပ်နှင့်သာ သွားနေသည်။

ဓါးကိုင်ထားသောလူကြီးသည် သရဲကို ဆက်၍ မဲမနေတော့ဘဲ သတိလစ်နေသော အမျိုးသမီးနှစ်ယောက်အတွက် စိုးရိမ်ဇောဖြ ထိုင်ချလိုက်သည်။

"ကျော်စိုး ... ကျော်စိုး ... ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... အဘ၊ သရဲ လိုက်လာသေးလား"

ပါမလာတော့ဘူး၊ မင်းနွားနှစ်ကောင်ကလည်း ဘာဖြစ်နေတာလည်း၊ ဒီနေရာက မြန်မြန်ဝေးအောင် မောင်းစမ်းပါ။

"ဟုတ်ကဲ့ အဘ"

ထိုအခါမှ ကျော်စိုးဆိုသော လူရွယ်လည်း စိတ်နှင့်ကိုယ် အသိကပ်သွားပြီး နွားများကို အော်ဇေါက်မောင်းသည်။

နွားများက အော်ဟစ်ရိုက်ပုတ်နေပေမယ့် ပုံမှန်အတိုင်းသာ သွားနေသည်။ သရဲမကြောင့်လားဟု လူကြီးစိတ်က ထင်လိုက်သည်။

"အဘ ... အစ်မနဲ့ ဒေါ်လေး ... ဘာဖြစ်သွားတာလဲ"

"အကြောက်လွန်ပြီး သတိမေ့နေတာ"

"နှစ်ယောက်လုံး မေ့နေတယ်၊ ဒုက္ခပါပဲ ...၊ ငါလည်း ဘာမှ မလုပ်တတ်ဘူး"

"ခါတိုင်း ဒီသစ်ပင်အောက် မကြာမကြာ သွားဖူးတာပဲ သရဲ မခြောက်ပါဘူး"

ဟင်း ... ဟင်း ... ဟင်း

"သမီး ... သမီး ... သတိရလာပြီ"

သရဲ ... သရဲ



www.burmeseclassic.com

www.burmeseclassic.com



"အဖေ … သ … သရဲ … သရဲ"

"သရဲ မရှိတော့ပါဘူး၊ ဟိုးနောက်မှာ သစ်ပင်ကြီးမှာ ကျန်ခဲ့ပြီ"

"သမီးလေး သတိရပြီ … သမီးဖေါ်လေးက သတိမရ သေးဘူး … နဂိုကမှ နှလုံးရောဂါသည် … ဒုက္ခပါပဲ"

"ကဲ … သား ကျော်စိုး … နွားတွေ အမြန်မောင်းလို့ မရမှတော့ မှန်မှန်ပဲ မောင်းတော့၊ မင့်ဖေါ်လေး သတိမရသေးဘူး"

"ဖေါ်လေး … ဖေါ်လေး … သတိရပါဦး ဖေါ်လေးရယ်"

"ဖေါ်လေး"

"ဝုန်း"

"ဟင် ဘာဖြစ်ပြန်တာလဲ"

"အဖေ သရဲမကြီး လှည်းရှေ့မှာ"

"ဟင်"

သရဲမကြီးက ရုတ်တရက် လှည်းဦးမှာ ရပ်လျက်ပေါ်လာ သဖြင့် နွားများလန့်ပြီး တစ်ဖက်သို့ ဆောင့်ရုန်း ဆွဲသွားသည်။

ဝုန်း … ဝုန်း … ဝုန်း

အမလေး

"အား"



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်မှ မိန်းကလေး၏ ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ လူကြီးလည်း လှည်းပေါ်မှ လွင့်ကျကျန်ခဲ့သည်။

လူငယ်က နွားကြိုးကို အတင်းဆွဲထားခြင်းကြောင့်သာ လှည်းပေါ်မှ မကျခြင်းဖြစ်သည်။

နွားနှစ်ကောင်က လယ်ကွင်းများ၊ ကန်သင်းရိုးများပေါ် တဝုန်းဝုန်း ကျော်ဖြတ်ပြေးနေသည်။

သတိရနေပြီဖြစ်သော မိန်းကလေးသည် ပြန်ပြီး သတိမေ့သွားရပြန်သည်။

လှည်းပေါ်မှ ကျသွားသော လူကြီးလည်း လဲနေရာက ကုန်းရုန်းထကာ လှည်းနောက်သို့ ပြေးလိုက်နေသည်။

ထိုအချိန် သရဲမကြီး ပြန်ပျောက်သွားပြန်သည်။

နွားတစ်ကောင်က လှည်းမှ ပြုတ်ထွက်ကာ ကြိုးတန်းလန်းကြီးဖြစ်ပြီး ရုန်းပြေးရန် ကြိုးစားနေသည်။

လှည်းက စောင်းနေသဖြင့် လှည်းပေါ်မှ သတိလစ်နေသူများ ပြုတ်မကျရန် လူရွယ်လည်း ကိုယ်လုံးနှင့် ခံပေးထားသည်။

"အဘ ... အဘ လာပါဦးဗျ"

"အေး လာပြီ ... လာပြီ၊ မင်းရဲ့ဒေါ်လေးနဲ့ အစ်မကို လှည်းပေါ်က မကျအောင်လုပ် ... အဖေ နွားကို ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကောက်လိုက်ဦးမယ်"

လူကြီးက လွတ်သွားသော နွားကိုဆွဲပြီး လှည်းမှာ ပြန်ကောက်ရန် လုပ်နေသည်။

ဝါးတံပိုး တစ်ချောင်းကျိုးသွားသဖြင့် ထိုဝါးတံပိုးကို ပြောင်းပြန် လှည့်တပ်လိုက်သည်။

"ကဲ ရပြီ"

လူကြီးက လှည်းပေါ်သို့ ပြန်တက်လာသည်။

"ကဲ မောင်းတော့၊ နွားတွေကို ထိမ်းပြီး လှည်းလမ်းဆီ ပြန်ရောက်အောင် မောင်းတော့"

"အဖေ အစ်မနဲ့ ဒေါ်လေးကို ကြည့်ပါဦး၊ အားလုံးခေါ်လို့ မရတော့ဘူး"

ထို့နောက်တော့ အခြေအနေ ဆိုးလှသော လှည်းသမားမိသားစုလည်း ထိုနေရာမှ ဝေးသထက် ဝေးအောင် မောင်းသွားလေတော့သည်။

သတိမေ့နေသော မိန်းကလေး သတိပြန်ရတော့ ပုံမှန်စိတ်ပြန်ဖြစ်မလာတော့။

အမျိုးသမီးကြီးကတော့ သတိပြန်မလည်လာဘဲ ရွာပြန်ရောက်တော့ နှလုံးရောဂါနှင့် အသက်ဆုံးပါး သွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အဖြစ်ဆိုးများက ရပ်မသွား၊ သရဲမ၏ အခြောက် အလှန့် ကြမ်းလွန်းသဖြင့် အကြောက်လွန်ကာ သုံးယောက်သေပြီး စိတ်ဂယောင်ချောက်ချား ဖြစ်သွားသူများလည်း မနည်းလှပေ။

× × × × ×

"ကိုရင်ပဏ္ဍိတနဲ့ ကိုရင်ဝေပုလ္လ"

"ဘုရား"

"မနက်အာရုံဆွမ်းအတွက် ဒီညနေ ဘယ်အိမ် ဆွမ်းဟင်းချိုင့် အလှည့်လဲ"

"အရှေ့ပိုင်းတဲစုက ဦးကျော်ဖေတဲနဲ့ မအေးပုတို့တဲမှာ သွားယူရမှာပါဘုရား"

"အေး ... သွားရင် စောစောသွား၊ လေးနာရီလောက် ကျောင်းသားနှစ်ယောက် ခေါ်သွား"

"တင်ပါ့ဘုရား"

မနက်အာရုံဆွမ်းကို ရွာထဲ ဆွမ်းခံမထွက်။

သို့ကြောင့် တစ်နေ့လုံး လယ်သမားများထံမှ အလှူခံ၍ ရသော စပါးများကို ကျိတ်ခွဲပြီး ကျောင်းမှာ သိမ်းဆည်းထား သည်။ ထိုဆန်ကို မနက်လေးနာရီ အာရုံဆွမ်းအတွက် ထချက် ရသည်။ နေ့ဆွမ်းကိုတော့ ဆွမ်းခံ၍ စားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဟင်းကိုတော့ ရွာထဲမှာရော၊ လယ်ကွင်းထဲရှိ တဲများမှာပါ။ အလှူ့ဒကာ တရင်းလုပ်၍ တစ်အိမ်တစ်ရက်နှင့် တစ်ရက်မှာ ဆွမ်းနှစ်ချိုင့်ကို နှစ်အိမ်အလှည့်ကျ လှူဒါန်းခဲ့သည်။

ထို့ကြောင့် ဆွမ်းဟင်းများကို ညနေပိုင်းအပြီး ချက်ထားကြသည်။ ကျောင်းသားများ၊ ကိုရင်များက လိုက်သိမ်းသည်။

သို့မှ မနက်အာရုံဆွမ်း အချိန်မီ ဖြစ်ပေမည်။

ယနေ့ ဆွမ်းအလှည့်ကျ ဒကာနှစ်ယောက်က လယ်ကွင်းထဲမှာ ရှိသဖြင့် ကိုရင်တစ်ပါး ကျောင်းသားတစ်ယောက်စီနှင့် သွားယူခိုင်းလိုက်သည်။

ကိုရင်နှစ်ပါး ကျောင်းသားနှစ်ယောက်တို့ တစ်ပါးကို ကျောင်းသားတစ်ယောက်စီတွဲပြီး ဦးကျော်ဖေတဲသို့ ဆွမ်းချိုင့်သွားယူကြသလို မအေးပုတဲသို့လည်း ဆွမ်းချိုင့်သွားယူကြသည်။

အပြန်ကျတော့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စောင့်ပြီး ပြန်ကြရန် တိုင်ပင်ထားကြသည်။ ဆွမ်းချိုင့်များ ပြန်သယ်လာတော့ လေးနာရီခွဲခန့် ရှိပြီ။

"ကိုရင်တပည့်တော်တို့ လှည်းလမ်းကြောင်းအတိုင်း ပြန်ကြရအောင်"

"မသွားနဲ့ ကိုရင် မသွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလေးပေစိက ရုတ်တရက် လှမ်းတားလိုက်သည်။

"ဘာဖြစ်လို့လဲ ပေစိ"

"ဟိုရှေ့က သစ်ပင်ကြီးမှာ ဇောက်ထိုးဆွဲသရဲမ ရှိတယ်လို့ ကြားဖူးတယ်"

"ဟုတ်လို့လား ပေစိရာ"

"ဟုတ်တယ် ကိုရင် ... ကိုရင် ... မကြားဖူးလား၊ ရွာထဲက လူတော်တော်များများ အခြောက်ခံရဖူးတယ်တဲ့"

"မဖြစ်နိုင်ပါဘူး၊ လာ ... အဲဒီဘက်က သွားမယ်၊ အခုမှ အစောကြီး ရှိပါသေးတယ် ... သရဲခြောက်တယ်ဆိုတာ ... ညဘက်ရောက်မှ ခြောက်တာ"

"တပည့်တော် မလိုက်ဘူး"

"လာပါ ပေစိရာ ... ငါတို့က လေးယောက်၊ ဘာကြောက်စရာရှိလဲ၊ ငါတော့ မကြောက်ဘူး၊ လာ ငါ ရှေ့က သွားမယ်"

ကိုရင်ပဏ္ဍိတက မကြောက်ဘူးသသောနှင့် ရှေ့က ရင်ကော့ပြီး ထွက်သွားသဖြင့် ဟင်းချိုဆွဲသော ကျောင်းသားနှစ်ယောက်က နောက်မှ အမှီလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ဆိုလျှင် သရဲမကို ကြောက်၍ အနီးအပါးက လူများ အသွားအလာ မလုပ်တော့၊ ရပ်ဝေးက သွားလာသူများသာ အကြောင်းမသိ၍ သွားလာနေကြသည်။ သုံးကြိမ်သွားလျှင် နှစ်ကြိမ် လောက်ကတော့ အခြောက်ခံလိုက်ရသည်။

ယခု ကိုရင်နှစ်ပါးနှင့် ကျောင်းသားနှစ်ယောက်စကား တပြောပြောနှင့် လျှောက်လာကြရာ သနပ်ပင်ကြီးအောက်သို့ပင် ရောက်လာခဲ့သည်။

နေရောင်က အထင်းသား ရှိသေးသည်။

"တွေ့လား ... ဘာသရဲမှ မရှိဘူး"

အားလုံး ငြိုင်တူ မော့ကြည့်လိုက်ကြသည်။

"အား ..."

သူတို့ မျက်နှာနှင့် မနီးမဝေးမှာ တွဲလောင်းကြီး ဇောက်ထိုး အနေအထားဖြင့် သရဲမ မျက်နှာကြီးကို အနီးကပ် မြင်လိုက်ကြ သည့် နောက်မှာတော့ ...

"အား ..."

"အာ ..."

"အမယ်လေးဗျ"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းတင်းချိုင့်များ ပစ်ချပြီး အားကုန်အော်ကာ ထွက်ပြေးကြသည်။ ပစ်လဲကျသူက ကျ၊ ရှုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

မထနိုင်သောပေစိကို အတင်းဆွဲထူကာ ကျောင်းရှိရာသို့ ပြေးခဲ့ကြသည်။

ဘုန်းတော်ကြီးအား အဖြစ်အပျက်ကို လျှောက်တင်လိုက်ကြသည်။

ဘုန်းတော်ကြီးလည်း ဦးပဥ္စင်းနှစ်ပါးနှင့် ကျောင်းသားများကို ခေါ်ပြီး ...

"ကဲ ... ကဲ၊ အချိန်ရှိတုန်း အဲဒီသနပ်ပင်က သရဲမဆိုးသွားကြရအောင်"

"အရှင်ဘုရား ... မနက်ဖြန်မှ သွားပါလား၊ အချိန်က မရှိတော့ဘူး"

ဒီအချိန်အတော်ပဲ ... အချိန်ဆွဲနေလို့လည်း မဖြစ်ဘူး။ ဆွမ်းချိုင့် အလွတ်တွေလည်း ပြန်ယူရဦးမယ်"

ဘုန်းတော်ကြီးက စိတ်မြန်လက်မြန် ကျောင်းက ထွက်သွားသဖြင့် နောက်မှ လိုက်ကြရသည်။ အချိန်က ၆းနာရီခန့်ရှိပြီ မကြာခင် သနပ်ပင်အနီး ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဖျော်က သစ်ပင်အောက်သို့ မဝင်သေးဘဲ အနီးမှာ ရပ်ကာ သရဲမကို လှမ်းပြောနေပါသည်။

"ကဲ ... ဒီသစ်ပင်မှာနေတဲ့ ဝိညာဉ်သရဲမ ဘယ်အတွက်ကြောင့် ဖိုးကျောင်းသားနဲ့ ကိုရင်လေးတွေကို ခြောက်လှန့်ရတာလဲ"

"တဝအကျိုးပေး မကောင်းလို့ သရဲပြိတ္တာ ဖြစ်နေရတာတောင်မှ သူများလှူတဲ့ အလှူဒါနကို ဘာကြောင့် ဖျက်လိုဖျက်စီး လုပ်ရတာလဲ"

"သစ်ပင်ပေါ်မှာ ရှိရင် ဘုန်းကြီးနားလာပြီး အကျိုးအကြောင်း လာရှင်းပြစမ်း"

ဘုန်းကြီးက ထိုကဲ့သို့ ပြောလိုက်သည်နှင့် မကြာခင် အနီးမှာ ရှိသော ဘုန်းကြီးကျောင်းသားလေးအား ဝင်ရောက်ပူးကပ်သည်ကို အားလုံး တွေ့လိုက်ကြသည်။

ကျောင်းသားလေးမှာ ရပ်ကြည့်နေရာက တုန်တုန်ရီရီဖြစ်ပြီး လဲကျသွားပါသည်။

ထို့နောက် ထိုင်လိုက်ပြီး ဘုန်းကြီးအား လက်အုပ်ချီ၍

"ကျောင်းသားလေးများကို ခြောက်လှန့်မိသည်ကို ခွင့်လွှတ်စေချင်ပါသည် အရှင်ဘုရား၊

တပည့်တော်နေရာက ရွာနှင့်ဝေးကွာလှသလို လူတွေနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝေးလှပါတယ်၊ အစာရေစာဆိုလည်း မစားရပါ။ ဖြတ်လပ်လွန်းလှပါသည်၊

အခု ကျောင်းသားလေးတွေ စားစရာများ သယ်လာသည့်အတွက် စားချင်သောက်ချင်လို့ ခြောက်လှန့်လိုက်မိပါတယ်"

"သူများလှူတဲ့ပစ္စည်းကို ဝင်လုစားတော့ ကောင်းလို့လား"

"မကောင်းမှန်း သိပါတယ်၊ ဗိုက်ဆာလို့ပါဘုရား"

"ကဲ ... နောက်ကို မခြောက်မလှန့်နဲ့တော့ ... ငါ့ကျောင်းခြံဝကို နေ့စဉ်လာပြီး ငါ့ကျောင်းမှာ ကိုရင်၊ ကျောင်းသားတွေ စားပြီးတာနဲ့ ကျောင်းခြံဝမှာ ထားပေးမယ်၊ လာပြီးစား၊ ပြီးတော့ ငါဘုရားရှိခိုးတာ အမျှဝေတာကို စောင့်ပြီး သာဓုခေါ်ပေါ့"

"ကျောင်းကို လာလို့ မရပါဘူး၊ သွားချင်တိုင်းလည်း သွားလို့မရပါဘူး ... ဒီနေရာက ခွာသွားတာနဲ့ နောက်နေမယ့် တစ္ဆေသရဲက ရောက်လာမှာ၊

နေရာတစ်နေရာ ရဖို့လည်း မလွယ်ပါဘူး။ ဘုရားနား၊ ကျောင်းနားကိုလည်း မလာချင်ဘူး"

"ဘာဖြစ်လို့လဲ"

"အမျှ မလိုချင်သေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


"တစ္ဆေသရဲတိုင်း အမျှဝေသံကြားရင် သာဓုခေါ်ချင်ကြတာပဲ၊ မင်းက ဘာကြောင့် သာဓုမခေါ်ချင်တာလဲ"

"မကျွတ်မလွတ်ချင်သေးလို့ပါ ... လူတွေကို စိတ်နာလွန်းလို့၊ အကြွင်နာမဲ့တဲ့ လူတွေကြောင့် သားနဲ့လင်နဲ့ ကွဲ၊ အသေဆိုးနဲ့ သေခဲ့ရလို့ လာလာသမျှ လူတွေကို မုန်းပြီး ခြောက်လှန့်ရတာ မဝသေးလို့ပါ"

"အင်း ... ကံတရား မျက်နှာသာပေးလို့ ပြိတ္တာ သရဲလား ဖြစ်ရတာ၊ ပြိတ္တာသရဲတွေဟာ အမျှပေးသူရှိလို့ သာဓုခေါ်နိုင်ရင် ဒီဘဝက အမြန်ဆုံး ရောက်ရာဘဝကနေ ပိုမြင့်တဲ့နေရာရောက်နိုင်ရက်နဲ့ အမျှမလိုချင်ဘူး ဖြစ်နေတယ်၊

အကုသိုလ်ဆိုးလွန်း၊ များလွန်းတဲ့သူတွေဟာ သေတာနဲ့ ငရဲဘုံတန်းရောက်သွားလို့ ဆွေမျိုးသားချင်းတွေကို သရဲအဖြစ်နဲ့ တောင် ကိုယ်ရောင်ပြတာတို့ အပုပ်နံ့ပေးတာတို့ ခြောက်လှန့်တာတို့ မလုပ်နိုင်ကြဘူး။ ငရဲကြီး ရှစ်ထပ်တို့ တန်းရောက်သွားကြတာ၊

ကုသိုလ်ကောင်းတဲ့လူတွေသေရင်လည်း အထက် မြင့်မြတ်တဲ့ ဘုံကို တန်းရောက်သွားလို့ သေပြီးတာနဲ့ မိသားစုတို့ ချိုးချိုး ချွတ်ချွတ်တောင် မနှုတ်ဆက်ဖြစ်ဘူး၊


www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝ ပြန်ကူးပြောင်းတဲ့ လူတွေကျတော့လည်း သေတာနဲ့ ဝင်စားမယ့် ဝမ်းထဲ တစ်ခါတည်း ရောက်သွားလို့ ဝိညာဉ်တစ္ဆေ သရဲဘုံကို ရောက်မလာဘူးကွယ့်၊

အခု မင်းရှိနေတဲ့ ပြိတ္တာဘုံက ရောက်ရာဘဝမှာ ပျော်မနေဘဲ ကောင်းတဲ့စိတ်နဲ့ တရားနာချင်၊ သာဓုခေါ်ချင်တဲ့စိတ်ရှိရင် အဆင့်ပိုမြင့်တဲ့ဆီ ရောက်နိုင်သေးတယ်၊

အခု မင်းက အဝီစိကို ပြန်ဆင်းချင်လို့ လုပ်နေသလို ဖြစ်မနေဘူးလား ... အသိရပါတော့ ... လူတွေကို မင်းခြောက်လှန့်လို့ သေကြရှုံးကြတယ်လို့လည်း ဘုန်းကြီးကြားတယ်၊

ပြိတ္တာဘဝကနေ မြင့်တဲ့ဘုံကို ရောက်အောင် လူသားတွေကို ခွင့်လွှတ်စိတ်နဲ့ တရားနာ သာဓုခေါ်နိုင်အောင် ကြိုးစားပါ ဒကာမ ... ဘုန်းကြီးသွားမယ် ... ဒကာမလည်း သွားပေတော့”

ဘုန်းတော်ကြီးလည်း သူ့ကိုရင်နှင့် ကျောင်းသားလေးများကို မခြောက်မလှန့်ရန် ဂါထာရွတ်ပြီး ကျောင်းသို့ ပြန်ခဲ့သည်။

ထိုအချိန် နေလုံးက ဝင်သွားခဲ့ပြီ။

ထို့နောက်ပိုင်း သရဲမက အခြောက်အလှန့် လျှော့မသွားဘဲ ခြောက်မြဲ ခြောက်နေသည်။

လှန့်မြဲ လှန့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းသားနှင့် ကိုရင်လေးများလည်း ထိုလမ်းက မသွားတော့သဖြင့် အခြောက်အလှန့် မခံရတော့။

တစ်ရက် ညနေ နေဝင်ရီတရောအချိန် ထိုသနပ်ပင်ကြီးအောက်သို့ အသက်ခြောက်ဆယ်ခန့် တောင်ဝှေးတစ်ချောင်းကို အားပြုလျက် အဖွားအိုတစ်ယောက် ရောက်လာသည်။

အဖွားကြီးက သနပ်ပင်အောက်မှနေ၍ ခေါင်းမော့ကြည့်ကာ အမိန်သံပါပါ သစ်ပင်ပေါ်သို့ လှမ်းပြောလိုက်သည်။

"ကဲ ... သစ်ပင်ပေါ်က သရဲမအောက်ကို အခုဆင်းခဲ့စမ်း"

အဖွားအို၏ စကားကို မလွန်ဆန်ဝံ့ဘဲ သရဲမအောက်ကို ဆင်းလာပြီး အဖွားအိုရှေ့ ခေါင်းစိုက်ကာ ဒူးထောက်ထိုင်နေလိုက်သည်။

"မင်းကြောင့် တစ္ဆေ သရဲတွေကို လူတွေကြောက်လန့်ပြီး မုန်းနေပြီ၊ မင်းကို ဒီထက်ပိုပြီး ခြောက်လှန့်ဖို့ ငါခွင့်မပြုနိုင်တော့ဘူး"

"အမေ မဖဲဝါ ကျွန်မကို ခွင့်လွှတ်ပါ၊ လူတွေကို မုန်းတဲ့စိတ်နဲ့ ခြောက်လှန့်နေမိတာပါ"

"အေး ဘုန်းကြီးက တရားလာပြတော့လည်း တရားမရ၊ ခြောက်မြဲ ခြောက်နေလို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေနဲ့ နီးတဲ့နေရာမှာ နင့်ကို ထားလို့ကို မဖြစ်ဘူး။ ငါရဲ့သချိုင်းကိုသာ လိုက်ခဲ့တော့၊ နင်နေဖို့နေရာ ငါ စီစဉ်ပေးမယ်"


"သရဲ သဘ္ဘောဝမှာ ပျော်တယ်ဆိုတော့လည်း သချိုင်းကိုသာ လိုက်ခဲ့ပေတော့၊

ကဲ ... ချောင်းကျိုးရွာ သချိုင်းထဲသွားမယ်၊ နောက်က လိုက်ခဲ့ပေတော့"

ညနေ နေဝင်ရီတရောအချိန်မှာ သရဲ တစ္ဆေတို့၏ သခင်မ မဖဲဝါလာခေါ်သွားပြီးနောက်ပိုင်း သနပ်ပင်ကြီးအပေါ်မှာ သရဲမ၏ အခြောက်အလှန့်ကို မခံရတော့။

ရွာသားများက ဆရာတော်တရားပြပြီး ဧမတ္တာနဲ့ သွားနှင်လိုက်လို့ နေရာ ရွှေ့သွားသည်ဟု ပြောဆိုနေကြသည်။

တကယ်တော့ ဖောက်ထိုးခွဲသရဲမ၏ ဆိုးရွားစွာ ခြောက်လှန့်နေမှုကို ခွင့်မလွှတ်သော အမေမဖဲဝါကိုယ်တိုင် သချိုင်းသို့ လာခေါ်သွားခြင်းသာ ဖြစ်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com

# စိုးရင်တွေ ပျော်တဲ့အိမ်

ဒုတိယကမ္ဘာစစ်ကြီး တစ်ကမ္ဘာလုံး ပျံ့နှံ့နေသည့်အချိန် အာရှတာလွှားကို ဂျပန်တို့ သိမ်းယူနေသော ၁၉၄၄ ခုနှစ် ကာလ ကြခတ်တောရွာ၏ အနောက်ဘက်တောင်ကုန်းတစ်ခုပေါ်မှာ ဂျပန် ကင်ပေတိုင် ရုံးတစ်ခု ရှိနေသည်။

အင်္ဂလိပ်အုပ်စိုးခဲ့စဉ် ထိုရုံးက ဗိုလ်တဲအဖြစ် ရှိခဲ့သည်။ ထိုကင်ပေတိုင်ရုံးနှင့် ပေ၁၀၀ ဆယ်ခန့်အကွာမှာ ဂျပန်စစ်ဗိုလ်နေသော သစ်သားနှစ်ထပ်အိမ်ကြီး ရှိနေပါသည်။

ထိုကင်ပေတိုင် ရုံးနှင့် ဂျပန်စစ်ဗိုလ်အိမ်အကြား နေရာတ မြန်မာ့တော်လှန်ရေး ရဲဘော်များ၊ သူတို့ခြေတော်အတင်ခံရသည့် မိန်းကလေးများ၊ အလိုမတူ ဆန့်ကျင်သူများ၊ စစ်ဆေးမေးမြန်း၍

www.burmeseclassic.com



မရသူများအား သုတ်သင်ရာ သူသတ်ကုန်းလည်းဖြစ်သည်။ မြေမြုပ်ရာနေရာလည်း ဖြစ်သည်။

မသက်သာသူများ၊ ဇော်လှန်ရေးသမားဟု အထင်ခံရသူများ၊ သူခိုးသူဝှက်များကို ဖမ်းဆီး၍ ဂျပန်စစ်ဆေးနည်းမျိုးစုံနှင့် စစ်ဆေးသည်။ စစ်ဆေးမှုကို မခံနိုင်၍ သေဆုံးသူ ရှိသလို ရုံးအတွင်းမှ ဆွဲထုတ်ပြီး ပစ်သတ်သည်လည်းရှိသည်။

တစ်နေ့ကို အနည်းဆုံးတစ်ယောက်၊ နှစ်ယောက်ကတော့ အသက်ခံနေရသည်။

ဂျပန်တွေ ဖမ်းသွားပြီဆိုလျှင် ပြန်လမ်းတူ၍ မရှိတော့။

တစ်ရက်မှာ ဂျပန်စစ်ဗိုလ်ရှိရာအိမ်သို့ ဂျပန်ရဲဘော်သုံးယောက် စကားပြန်တစ်ယောက်နှင့်အတူ အသက်(၁၉)နှစ်ခန့် မိန်းကလေး တစ်ယောက်တို့ ရောက်လာကြသည်။

မိန်းကလေးကို ဖမ်းဆီးလာကြခြင်းလည်း ဖြစ်သည်။

"ဘယ်လိုလည်း မိလာပြီလား"

"ကျုပ်ဖမ်းခိုင်းတာ ယောက်ျားကြီးတစ်ယောက်၊ အခု ဘာကြောင့် မိန်းကလေးဖြစ်နေရတာလဲ"

ဂျပန်ဗိုလ်နှင့် ဂျပန်စစ်သားများ ဂျပန်လိုပြောကြခြင်းဖြစ်သည်။

"မမိလိုက်ဘူး ဗိုလ်ကြီး၊ ဘယ်သူမှ မေးမြန်းစုံစမ်းလို့



www.burmeseclassic.com

www.burmeseclassic.com



မရတာနဲ့ အဲဒီအိမ်မှာတွေ့တဲ့ တရားခံရဲ့သွေးရင်းတစ်ယောက်ကို ခေါ်ခဲ့ပါတယ်”

“သူနဲ့ ဘာတော်လဲ”

ဂျပန်စကားပြန်က သူသိသမျှ ပြန်ပြောသည်။

“သမီးလို့ ပြောပါတယ်ဗိုလ်ကြီး”

“ကဲ ရဲဘော်တွေ အပြင်ထွက်၊ မင်းနေခဲ့ ငါမေးစရာတွေ ရှိတယ်”

ဂျပန်စစ်ဗိုလ်က သူ၏ ရဲဘော်များကို အပြင်ထွက်ခိုင်းလိုက်ပြီး စကားပြန်ကို နေခိုင်းလိုက်သည်။

ဂျပန်စစ်ဗိုလ်က စကားပြန်မှတဆင့် သို့လိုသမျှကို မေးနေသည်။

“မင်းနာမည် ဘယ်သူလဲ”

“ပန်းဝါ ပါ”

“မင်းအဖေက တော်လှန်ရေးသမားဟုတ်လား”

“မဟုတ်ပါဘူး”

“လှမောင်ကြီးဆိုတာ ဘယ်သူလဲ”

“ကျွန်မ အဖေပါ”

“ငါတို့ကို ပြန်ပြီး တော်လှန်ပုန်ကန်တဲ့အထဲက အဖိက



www.burmeseclassic.com

www.burmeseclassic.com



အရေးပါတဲ့ လူတစ်ယောက်ဆိုတာ ဟုတ်လား"

"မ ... မဟုတ်ပါဘူး ဗိုလ်ကြီး"

"ကောင်းရောင်း ကောင်းဝယ်လုပ်စားနေတဲ့ လယ်သမား တစ်ယောက်ပါ"

"မင်းက ညာဖို့ ကြိုးစားနေတာလား"

"မညာပါဘူး၊ တကယ် အမှန်ပြောနေတာပါ"

"ငါတို့ အသေအချာ စုံစမ်း ပြီးနေပြီ။ မင်းပါးစပ်က အမှန်ပြောလာတဲ့အထိ မေးရမှာပေါ့"

"ကဲ ဘဂျမ်း ... ဒီမိန်းကလေးကို ဂျပန်တွေ ဘယ်လို စစ်တယ်ဆိုတာ ရှင်းပြလိုက်ပါဦး။ အသားအနာမခံဘဲ အမှန်ပြောရင် ချက်ချင်း ပြန်လွှတ်မယ်လို့လည်း ပြောပြလိုက်"

"ဟုတ်ကဲ့၊ ပြောပြလိုက်ပါမယ် ဗိုလ်ကြီး"

"အေး ... အခု နေ့တစ်နာရီကစပြီး ညနေငါးနာရီအထိ စဉ်းစားချိန်ပေးမယ်၊ ခေါ်သွားလိုက်၊ မင်းရှင်းပြလိုက်"

အပြင်ခန်းရောက်တော့ စကားပြန်ဘဂျမ်းက ထပ်မေးပြန် သည်။

"မင်း အမှန်မပြောရင် ဒီည မင်းအသက်ရှင်တာ နောက်ဆုံး ညပဲ၊ မင်းအမှန်ပြောလိုက်ပါလား။ မင်းအဖေက ငါတို့သခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေကို တော်လှန်တဲ့ လူတစ်ယောက်လား။ အခု ဘယ်သွားနေတာလဲ"

"မသိဘူး ... သိလည်း ရှင့်လို အမျိုးယုတ်ကို မပြောနိုင်ဘူး"

"တောက်"

"ဖျန်း"

ပန်းဝါ၏ပါးကို ဘဂျမ်းတစ်ချက် ရိုက်လိုက်သည်။

"ကောင်မ ငါ့ကို စော်စော်ကားကား၊ နင့်ကို အသားမနာစေချင်လို့ ပြောနေတာ၊

ဂျပန်တွေ ဘယ်လို စစ်တယ်ဆိုတာ ဒီည သိစေရမယ်"

ထိုသို့ပြောပြီး ဂျပန်စစ်ဗိုလ်၏ အိမ်အောက်ထပ်၌ သီးသန့်လုပ်ထားသော အချုပ်ခန်းအတွင်း ထည့်ထားလိုက်သည်။

"မင်း အသားအနာ မခံချင်နဲ့၊ သူတို့မေးရင် အမှန်သာ ဖြေလိုက်။ ဒါဆို နင့်ကို သတ်မှာ မဟုတ်ဘူး"

"ကျွန်မ မသိဘဲ၊ မသိတဲ့ကိစ္စကို ဘယ်လို ပြောနိုင်မှာလဲ"

"အေး၊ ငါ့ဘက်ကတော့ တာဝန်ကျေပြီ။ နင့်ထိုက်နဲ့ နင့်ကံပဲ၊ နင် ဘာပြောမလဲ စဉ်းစားထား"

ဘဂျမ်းက ဂျပန်ရဲဘော်များနှင့်အတူ အပြင်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့ ပန်းဝါကို အချုပ်ခန်းအတွင်းက ခေါ်ထုတ်ပြီး ကင်ပေတိုင်ရုံးသို့ ခေါ်သွားကြသည်။

အဝတ်အစားများချွတ်ပြီး မျက်နှာပေါ် အဝတ်စတင်၍ ရေကို ဆက်တိုက် မျက်နှာပေါ် လောင်းချသည်။

ဝူး ဝူး ဝါး ဝါးနှင့် အတော်ခံစားလိုက်ရသည်။ ရေနှစ်ပုံးခန့် လောင်းပြီး ထူပေးလိုက်သည်။

ပြီးတော့၊ မေးသည်။ သူတို့ လိုချင်သောအဖြေ ပန်းဝါ မပေး။

ထိုကဲ့သို့ နှစ်ခါမျှ ရေလောင်းပြီးမေးသည့်တိုင် အဖြေမရ။ ထို့နောက် စစ်နည်းမျိုးစုံဖြင့် မေးသည်။

လက်သည်း ခွာသည်။ ခြေသလုံးကို သစ်သားနှင့် လှိမ့်သည်၊ ရိုက်သည်။

လက်ထိပ်၊ ခြေထိပ်ကို စူးနှင့်ရိုက်သည်။

အဖြေ လုံးဝမရသဖြင့် ဂျပန်စစ်ဗိုလ်က သူ့ရဲဘော်များကို အမိန့်ပေးလိုက်သည်။

"ကဲ ... ဒီလောက် ခေါင်းမာတာ၊ မင်းတို့ ဒီကောင်မကို ကြိုက်သလို လုပ်ပြီးရင် တစ်ခါတည်း ရှင်းပစ်လိုက်"

ဂျပန်ဗိုလ်က ထိုသို့အမိန့်ပေး စေခိုင်းပြီး၊ အိမ်သို့ ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ပန်းဝါအား သားရဲကြားထဲ ထားခဲ့တော့သည်။

ပန်းဝါအား စိတ်တိုင်းကျ တစ်ယောက်ပြီးတစ်ယောက် ခြေတော်တင်ကြသည်။ သတိမေ့နေသော ပန်းဝါအား ဘက်နက်နှင့် အချက်ပေါင်းများစွာ ထိုးသတ်လိုက်တော့သည်။

ကင်ပေတိုင်ရုံးနှင့် ဂျပန်ဗိုလ်အိမ်အကြား မြေကွက်လပ်သို့ သယ်သွားပြီး ကျင်းတူး၍ မြေမြှုပ်ပစ်လိုက်သည်။

တော်လှန်ရေးရဲဘော်ဟု ထင်သူများကို မမိလေတိုင်း ဇနီး၊ သား၊ သမီး၊ အဖေ၊ အမေတို့ကို ဖမ်းဆီးနှိပ်စက် သတ်ပစ်ကြသည်။

ဂျပန်များ မြန်မာပြည်ကို အုပ်စိုးခဲ့သော ကာလ၊ အချိန်ကို ခဲ့၍ တော်သေးသည်။ နှစ်ကာလရှည်ကြာခဲ့လျှင် မတွေးဝံ့စရာပေ။

× × × × ×

မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီး နှစ်တွေ အလီလီ ပြောင်းခဲ့သည်။

တစ်ချိန်က ခေါ်လှသော ကြခတ်တောရွာလေးလည်း ကား လမ်း၊ ရထားလမ်းနှင့် နီးသဖြင့် အဖက်ဖက်က တိုးတက်သော နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဗိုလ်နေခဲ့သော အိမ်ကြီးနှင့် ဂျပန်ကင်ပေတိုင် ရုံး ရှိခဲ့သောနေရာကို ရှင်းလင်း၍ ရန်ကုန်မှ သစ်စက်သူဌေးတစ်ယောက်က ဝယ်ပြီး ခြံခတ်ကာ တိုက်တစ်လုံးဆောက်ခဲ့သည်။ သူဌေးအမည်က ဦးထွန်းမောင်ဖြစ်သည်။

ထိုတိုက်ဆောက်စဉ်က ဖောင်ဒေးရှင်းတူးရာ မြေအောက်မှ အရိုးစု လေးငါးခုမျှ တူးဖော်ရရှိခဲ့သည်။

ဂျပန်များ လူသတ်ပြီး အစုလိုက် အပြုံလိုက် မြှုပ်ထားသော ကျင်းတစ်ကျင်းကို တွေ့၍ ဖော်ကြရာ အလောင်းငါးလောင်းမျှ တစ်နေရာတည်းက ရရှိလိုက်သည်။

အားလုံးကုန်ပြီဟု ဆုံးဖြတ်ကာ ခြံကို အသေအချာ ပြုပြင်၍ နေချင်စဖွယ် နှစ်ထပ်တိုက်တစ်လုံး ဆောက်ခဲ့သည်။ ခြံက မြေ နှစ်ကေခွဲခန့် အကျယ်အဝန်းရှိသည်။

ဦးထွန်းမောင်က ကြခတ်တောရွာသားဖြစ်သည်။ ရွာမှာ သစ်စက်ကြီးတစ်လုံး တည်ထားကာ အလုပ်သမားနှစ်ဆယ်နီးပါး ခန့်ထားသည်။ တစ်လတစ်ကြိမ်ခန့် ရန်ကုန်မှ ပြန်လာပြီး ငွေရေးကြေးရေးကိစ္စ စစ်ဆေးသိမ်းဆည်းသည်။

ယခင်က သစ်စက်အလုပ်သမားဖြစ်သည်။ သစ်စက်ပိုင်ရှင်သမီး မခင်ခင်လေးနှင့် အကြောင်းပါခဲ့ရာက တဖြည်းဖြည်း တိုးတက်



www.burmeseclassic.com

www.burmeseclassic.com


သည်။

ထိုအတောအတွင်း သစ်စက်ကြီးကို ယောက္ခမဆုံးသွားပြီး နောက် တစ်ဦးတည်းသောသမီးက အမွေအားလုံး ရရှိခဲ့ခြင်းကြောင့် ဦးထွန်းမောင် သစ်စက်ပိုင်ရှင်အဖြစ် နေ့ချင်းညချင်း ရောက်သွား သည်။

ကိုထွန်းမောင်နှင့် မခင်ခင်လေးတို့ သားတင်မောင်မောင်ကို မွေးပြီး မကြာခင် ရန်ကုန်မှာ အိမ်တစ်လုံးဝယ်၍ သစ်နှင့်ပတ်သက် သော ပရိဘောဂဆိုင်ကို ဖွင့်လိုက်သည်။ သစ်ကိစ္စနှင့် အခြား ကိစ္စရှိမှသာ ရွာသို့ လာတတ်သည်။ ရွာကို လာလျှင် တည်းခို နေထိုင်ရန် ဂျပန်တွေနေခဲ့သော ခြံကြီးကို ဝယ်၍ တိုက်ဆောက် ခဲ့ခြင်းလည်း ဖြစ်သည်။

ယခု ဦးထွန်းမောင်လည်း သားဖြစ်သူ ဘွဲ့ရပြီး အလုပ် မဝင်သေးခင် ရွာရှိ သစ်စက်ကို ခေတ္တကြီးကြပ်ရန် ကြခတ်တော ရွာသို့ ခေါ်လာခဲ့သည်။

သားဖြစ်သူလည်း ဤရွာက ဇာတိချက်မြှုပ်ဖြစ်ပေမင့် ဤ အိမ်ကြီးဆောက်စဉ်က ရန်ကုန်ရောက်နေခဲ့ပြီး ယခုအခေါက် ပထမ ဆုံးအခေါက်ဖြစ်သည်။

ဖခင်ဖြစ်သူကလည်း ရွာပြန်ရောက်တိုင်း ဤအိမ်ကြီးမှာ


www.burmeseclassic.com

www.burmeseclassic.com


တစ်ညနှစ်ညမျှသာ အိပ်ပြီး ရန်ကုန်သို့သာ ပြန်ခဲ့သည်။

အိမ်ကြီးကို စောင့်ရှောက်ရန် ဦးမြအား အမြဲထားပြီး အိမ်ရှေ့ခြံထောင့်မှာ သူ့အတွက် သပ်ရပ်သော အိမ်သေးလေး တစ်လုံး ဆောက်ပေးထားသည်။

ထိုနေ့က အိမ်ကြီးကို မြင်လိုက်ရသော တင်မောင်မောင် အလွန်သဘောကျသွားသည်။

တာမွေက ပရိသောဂတွေ ပြည့်ကျပ်နေသော သူတို့အိမ် အသက်ရှူရတာပင် မွန်းကျပ်လှသည်။ ယခုတာမွေက အိမ်နှင့် အလွန်ကွာလှသော ဤအိမ်ကြီးကို မြင်သည်နှင့် နှစ်သက်ပျော်ရွှင် သွားရတော့သည်။

"ဒီအိမ်ကြီး ... ရန်ကုန်မှာဆို အတော်တန်ဖိုးကြီးမှာပဲ"

တင်မောင်မောင် မောင်းလာသော တိုရိုတာဂျစ်ကားကို ဆင်ဝင် အောက် ရပ်လိုက်သည်။

တင်မောင်မောင်ဖခင်က အိမ်ကြီးမှာ တစ်ညအိပ်၍ သစ်စက်မှ လူများနှင့် တင်မောင်မောင်ကို တွေ့ဆုံပေးပြီး မနက်ဖြန်ညနေပိုင်း ရန်ကုန်သို့ ပြန်မည်ဖြစ်သည်။

"ဘယ့်နှယ် ... သဘောကျတယ်မို့လား"

"တာ ... ရှယ်ပဲ၊ အထဲမဝင်ရသေးဘူး၊ အတော်လေး


www.burmeseclassic.com

www.burmeseclassic.com


သဘောတွေ့နေပြီ”

“သားကို ဒီအိမ်မှာ စောင့်နေတဲ့ ဦးမြဆီမှာ အပ်ထားခဲ့မယ်”

ထိုစဉ် ဦးမြဆိုသူ အသက်ငါးဆယ်ခန့်လူကြီး သူတို့ရှိရာသို့ ရောက်လာသည်။

“ဆရာကြီး အေးအေးဆေးဆေးပဲလား”

“ကျွန်တော် မနက်ဖြန် ပြန်မယ်၊ သားကို ဦးမြကပဲ တာဝန်ယူ စောင့်ရှောက်ပေးပါ၊

မနက်ဖြန် သား နေရေး၊ ထိုင်ရေး အဆင်ပြေဖို့ ရှာထဲက စားရေးသောက်ရေး စီစဉ်ပေးနိုင်မယ့် အမျိုးသမီးတစ်ယောက်၊ သားကိုကူညီနိုင်မယ့် အမျိုးသမီးကြီးတစ်ယောက်လောက် ရှာပေးပါ။

သား ဒီအိမ်မှာ ပျော်ရင် နှစ်ပတ်၊ မပျော်ရင် တစ်ပတ်ပဲ နေမှာ၊ သူတို့ရဲ့လစာကိုတော့ တစ်လစာပေးပြီး ခေါ်လိုက်၊ စိတ်ချ ရတဲ့လူတော့ ဖြစ်ပစေ ဟုတ်လား”

“ဒီကိစ္စ ကျွန်တော် တာဝန်ယူပေးပါ့မယ် ... ဆရာကြီး။ သားကို စိတ်ချလက်ချ ထားခဲ့ပါ။ မနက်ဖြန်အရောက် ခေါ်လာပေး ပါ့မယ်”

“ကဲ ... ဦးမြ၊ ဒီအဝတ်အစားအိတ်တွေ သားနေရမယ့် အခန်းဆီ သွားပို့ပေးလိုက်”



www.burmeseclassic.com

www.burmeseclassic.com

"နေပါစေ အဖေ … သားပဲ သယ်သွားလိုက်ပါ့မယ်"

"နေပါတူကြီးရဲ့ … တူကြီးတို့ တစ်လမ်းလုံး ကားစီး လာရတာ … အညောင်းအညာလေး ဖြေဦးမှပေါ့။ ဦးလေးပဲ သယ်သွားလိုက်ပါ့မယ်"

သူတို့အိမ်ကြီးမှာ ခဏမျှ အနားယူပြီး နေရေးထိုင်ရေး နေရာတကျ စီစဉ်ပြီးသည်နှင့် ရေချိုး အဝတ်အစားလဲလိုက်ကြ သည်။ ပြီးနောက် သစ်စက်ရှိရာသို့ သွားကြရန် တင်မောင်မောင်ကို ပြောသည်။

"မနက်စောစောမှ သွားပါလား အဖေ"

"မဖြစ်ဘူးသား၊ အခုသွားပြီး မှာစရာရှိတာ မှာ၊ ပြောစရာ မေးစရာရှိတာ မေး၊ မနက်ဖြန်စာရင်းတွေ စစ်၊ ငွေသိမ်းပြီး အဖေ ပြန်ရမှာ၊

မနက်ဖြန်မှ သွားလို့ အားလုံး အဆင်သင့်မရှိရင် အဖေ နောက်ရက် စောင့်နေရလိမ့်မယ်"

အဖေက တစ်လတစ်ခါ မှန်မှန် ငွေလာသိမ်းသည်။ လုပ်သား များ လစာနုတ်၊ အခြားသစ်ပိုး အဖထွေထွေ ကုန်ကျစရိတ်များ နုတ်ပြီး အသားတင်ပိုငွေကို လာယူခြင်းလည်းဖြစ်သည်။

သစ်စက်ကြီးကို တာဝန်ယူစောင့်ရှောက်နေသူက ဦးထွန်းမောင်


www.burmeseclassic.com

www.burmeseclassic.com



၏ အစ်ကိုကြီးဖြစ်သည်။ သူက လူပျိုကြီး၊ လူဖြောင့်တစ်ဦးလည်း ဖြစ်သည်။

အရက်လည်း မသောက်၊ အိမ်ထောင်လည်း မရှိ၊ မိမိအတွက် ရသော ခွဲတမ်းနှင့်သာ ကျေနပ်နေသူဖြစ်သည်။ စာရင်းဇယားလည်း နိုင်နင်းသည်။ အလုပ်သမားများအပေါ် အထက်စီးကာမနေ။ သို့ကြောင့် ပြဿနာတစုံတရာ မဖြစ်ဘဲ သစ်စက်ကြီး နှစ်ပေါင်းများစွာ လည်ပတ်နိုင်ခြင်းလည်းဖြစ်သည်။

"ကဲ သား ပြီးပြီဆိုရင် သွားကြမယ်။ ဟိုကျ မင်းဘကြီးနဲ့ အပ်ခဲ့ရမယ်။ သားကို သစ်စက်ပညာတွေ စာရင်းဇယားတွေ သင်ခိုင်း ပြခိုင်းခဲ့ရမယ်၊

သူခိုင်းတာလုပ်၊ မင်းဘကြီးကို ဆရာသွားမလုပ်နဲ့။ စိတ်မထင်ရင် နားရင်းတော့ အအုပ်ခံရမယ်၊

သား သုံးရက်တစ်ခါ၊ လေးရက်တစ်ခါ သစ်စက်ကို သွားကြားလား"

"စိတ်ချပါ ... ဒီကိစ္စနဲ့ လာခဲ့တာပဲ ... သွားမှာပေါ့"

သို့ဖြင့် သားအဖနှစ်ယောက် ကားတစ်စီးနှင့် သစ်စက်ရှိရာသို့ ထွက်ခဲ့ကြသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com


နေ့နှစ်နာရီခွဲခန့်က ဖခင်ကြီး ရန်ကုန်သို့ ပြန်သွားသည်။ တင်မောင်မောင်တစ်ယောက်တည်း အိမ်ကြီးမှာ ကျန်ခဲ့သည်။

ညနေ လေးနာရီခန့်ရောက်တော့ ...

ဒေါက် ... ဒေါက် ... ဒေါက်

အိမ်အောက်ထပ်မှ တံခါးခေါက်သံများကြောင့် တင်မောင်မောင် သူ့အခန်းမှ ထွက်လာကာ ...

တံခါးသွားဖွင့်ပေးလိုက်သည်။

တံခါးဖွင့်လိုက်တော့ အသက်လေးဆယ်ခန့် လူတစ်ယောက်နှင့် အသက်ဆယ်ရှစ်၊ ဆယ့်ကိုးနှစ်အရွယ် မိန်းမပျိုလေးတစ်ယောက်ကို တွေ့လိုက်သည်။

သူ့ဆင်းရဲ ရုပ်ရည်မျိုးပေမယ့် အဝတ်အစားကောင်းကို ဈေးပေါဖွပ် ဝတ်ထားခြင်းကြောင့် သပ်ရပ်နေသည်။

ပါးနှစ်ဖက်ကို သနပ်ခါးဖြင့် ပါးကွက် ကွက်ထားသေးသည်။

"ဒီအိမ်မှာ အိမ်ဖော်အလုပ်ရယ်၊ အထွေထွေအလုပ်ရယ် လိုတယ်လို့ ဦးလေးမြ ပြောတာနဲ့ လာခဲ့တာပါ"

"ဦးလေးမြက လွှတ်လိုက်တာလား၊ သူ ပါမလာဘူးလား"

"ဦးလေးမြ လွှတ်လိုက်တာပါ၊ သူက ရွာထဲမရောက်တာ လည်း ကြာပြီ၊ ရောက်တုန်းရောက်ခိုက် နေပြီး ညနေမှ ပြန်လာ


www.burmeseclassic.com

www.burmeseclassic.com


ခဲ့မယ်လို့ ပြောပါတယ်"

"ကဲ ... လာပါ ... လာပါ ... အိမ်ထဲဝင်ကြပါ"

သူတို့နှစ်ယောက်ကို ဦးလေးမြက လှတ်လိုက်၍သာ လက်သင့်ခံလိုက်ရသော်လည်း တင်မောင်စိတ်ထဲက နှစ်လိုမှု မရှိချေ။

အကြောင်းက မိမိအိမ်မှာ အလုပ်သမားအဖြစ် ရောက်လာကြသူများက မျက်နှာထား ခင်တင်းတင်း။

"အားလုံး ကြခတ်တောရွာကပဲလား"

"ဟုတ်ပါတယ်၊ ကြခတ်တောကပါ"

"ဒီမှာ အလုပ်ဝင်တဲ့အချိန် ရွာထဲ မပြန်ရဘူးနော်၊ ဦးလေးက အိမ်သေးမှာ ကားထားတဲ့ ဂိုထောင်အခန်းရှိတယ်၊ ကားမရှိဘူး။ ကွပ်ပျစ်တစ်လုံးရှိတယ်၊ အဲဒီမှာနေပါ၊

ဒီမိန်းကလေးက နောက်ဘက်မီးဖိုဆောင်ရဲ့ ထမင်းစားခန်းဘေးမှာ အိပ်ခန်းတစ်ခန်းရှိတယ်၊ အိမ်အကူတွေနေဖို့ လုပ်ထားတာ။ အဲဒီမှာနေ၊ ဦးလေးက အဲဒီအခန်းထဲမှာ စောင်နဲ့ ခေါင်းအုံး ဝင်ယူပြီး ကားဂိုထောင်ကိုသွား၊

ဦးလေး ဘာလုပ်ရမလဲဆိုတာ မနက်မှ ပြောမယ်၊

ကဲ ... မင်းက မနက်ဖြန်ကစပြီး အိမ်ရဲ့ စားရေးသောက်ရေးကို တာဝန်ယူ၊ မနက်စာလည်း အဆင်သင့်လုပ်ထား


www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊

ဒါက ကော်ဖီပဲ သောက်တယ်။

ကဲ … ကျွန်တော်ပြောတာ သဘောပေါက်ပြီဆိုရင် အခန်းထဲ သွားကြတော့၊ ဟိုရှေ့က အခန်းက မိန်းကလေးရဲ့ အိပ်ခန်းပဲ”

“ဟုတ်ကဲ့ … သိပါပြီ”

“မသွားခင် နာမည်လေးများ ပြောသွားပါဦး၊ ကျွန်တော့် နာမည်က တင်မောင်မောင်ပါ”

“ကျွန်မနာမည် ပန်းဝါ”

“ဦးနာမည်က သောင်းစိန်”

“ကဲ … သွားကြတော့၊ ဦးသောင်းစိန်က စောင်နဲ့ခေါင်းအုံး ဝင်ယူသွား၊ မီးဖိုဘေးခန်းက ကားဂိုထောင်ဘက်သွားတဲ့ တံခါး ပေါက်ရှိတယ်၊ တံခါးတွေ အကုန်ဖွင့်ထားတယ်”

× × × × ×

ညက တဖြည်းဖြည်း မှောင်လာသည်။ အချိန်က ညဆယ်နာရီ ကျော်ပြီ၊ တင်မောင်တစ်ယောက် အိပ်ပျော်ကာစ ရှိသေးသည်။

ထိုအချိန် အေးခနဲ အထိအတွေ့ကြောင့် မျက်လုံးများ ရုတ်တရက် ပွင့်သွားသည်။

သူမြင်လိုက်ရသည်က ဆံပင်ဖားလျားချထားသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ခြင်ထောင်အတွင်းသို့ဝင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း တွေ့လိုက်သည်။

"မင်း ... မင်း၊ ဘယ်သူလဲ သွားစမ်း"

ဆံပင်ရှည်များကြားမှ မျက်လုံးနှစ်လုံးက ရဲရဲနီနေပြီး သူ့အား စိုက်ကြည့်နေသည်။

သူ တဖြည်းဖြည်း ခြင်ထောင်ထဲ တိုးဝင်နေသည်။

"သွား ထွက်သွား ... သွားစမ်း"

သရဲမကြီးကို ကြောက်ကြောက်လန့်လန့်နှင့် ခြေထောက်ဖြင့် ဆောင့်ကန်ထုတ်လိုက်သည်။

သရဲမကြီးက ခြေထောက်ဖြင့် အကန်ခံလိုက်ရ၍ ကုတင်ပေါ်မှ ကျသွားရသည်။

"အို ... အစ်ကိုလေး ဘာလုပ်လိုက်တာလဲ"

"မင်း ... မင်းက ဘယ်သူလဲ ...

ဩော် ပန်းဝါမဟုတ်လား"

"ဟုတ်ပါတယ်၊ ပန်းဝါပါ"

"မင်းက ငါ့အခန်းထဲ ဘာဝင်လုပ်တာလဲ

"ကျွန်မ ဒီနားက ဖြတ်သွားတော့ အစ်ကိုလေးအခန်းထဲက ပွင့်နေတယ်။ ပြီးတော့ အစ်ကိုလေးက ခြင်ထောင်မချဘဲ အိပ်နေလို့



www.burmeseclassic.com

www.burmeseclassic.com


လာပြီး ခြင်ထောင်ကို ချပေးနေတာ"

"ခြင်ထောင်ကို မခြဘဲ အိပ်တာကတော့ ဟုတ်ပါပြီ။ ငါက အခန်းကို တံခါးသေချာပိတ်ပြီးမှ အိပ်တာ"

"အဲဒါတော့ ကျွန်မ မသိဘူး၊ တံခါးပွင့်နေလို့ ခြင်ထောင် လာချပေးတာပဲ"

"ကဲ ... ကဲ၊ အပြင်သွားတော့ ... ဖွဲ့အခန်းတံခါးကိုလည်း သေချာပိတ်ထားခဲ့"

"ဟုတ်ကဲ့ အစ်ကိုလေး"

ပန်းဝါထွက်သွားစဉ် တင်မောင်မောင် စိတ်ထဲ မတင်မကျ ကျန်ခဲ့သည်။ မျက်လုံးထဲမှာ သရဲမတစ်ကောင်ရဲ့ နီရဲရဲမျက်လုံး နှစ်လုံးကို အသေအချာ မြင်လိုက်ရပါလျက် ဘာကြောင့် အခုလို ပန်းဝါ ဖြစ်နေရတာလဲ။

"အို ငါ အိပ်မက် မက်နေတာပဲ ဖြစ်မှာပါ"

တင်မောင်မောင်လည်း အိပ်ရာက ထလိုက်ပြီး ရေသန့်ပုလင်း ထဲမှ ရေကို ခွက်ထဲထည့်၍ မော့သောက်လိုက်သည်။

"အင်း အိပ်မက်လား၊ တကယ်လား ... သရဲတော့ သရဲပဲ"

အိပ်ရာပေါ်တက်ပြီး အိပ်ပျော်ရန် ကြိုးစားသော်လည်း


www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးရဲရဲကြီးနှစ်လုံးကိုသာ မြင်ယောင်နေမိသည်။

အိပ်ပျော်အောင် အဖော်ကြိုးစားမှ တစ်နာရီခန့်အရောက် ပြန်အိပ်ပျော်သွားတော့သည်။

ရှပ် … ရှပ် … ရှပ်

ရှပ် … ရှပ် … ရှပ် … ရှပ်

သုံးနာရီကျော်ကျော်ခန့် အခန်းအပြင်မှ ခြေသံများ ကြားနေရ၍ အအိပ်စပ်သော တင်မောင်မောင် နိုးသွားသည်။

ထို့နောက် ခြေသံများ ဆက်၍ ကြားနေရသဖြင့် ကုတင်ပေါ်မှ ခြင်ထောင်မပြီး ထွက်လိုက်သည်။

တံခါးအနားသို့ ခြေသံမကြားအောင် လျှောက်သွားလိုက်သည်။

ရှပ် … ရှပ် … ရှပ် … ရှပ်

ပန်းဝါလားမသိ၊ ခြေသံများ ကြားနေရသည်။

သို့ကြောင့် အခန်းတံခါးကို အသံမကြားအောင် ဖွင့်လိုက်ပြီး အပြင်သို့ ခေါင်းငဲ့ကာ ဟိုသည် ကြည့်လိုက်သည်။ ဘယ်သူမှ မတွေ့။

ခြေသံများ အတိုင်းသားကြားနေရပါလျက် ဘယ်သူမှ မတွေ့ခြင်းက ထူးဆန်းနေသည်။

သို့ကြောင့် တံခါးကို ပြန်ပိတ်ပြီး အိပ်ရာဆီသို့ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"တင်"

သူတွေ့လိုက်ရသည်က ခြင်ထောင်များ တင်ထားသည်ကို ဖြစ်သည်။ သူ ခြင်ထောင်မပြီး အပြင်ထွက်သည်၊ မတင်ခဲ့။

"အခန်းထဲမှာ ဘယ်သူရှိလဲ"

ကုတင်အောက် ငုံ့ကြည့်လိုက်သည်။ တင်မောင်မောင် ဘာမှ မတွေ့။

ခြင်ထောင်ကို ပြန်ချပြီး၊ အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ မကြာခင် ပြန်အိပ်ပျော်သွားသည်။

မနက်ရှစ်နာရီထိုးမှ တင်မောင်မောင် အိပ်ရာက နိုးတော့သည်။

နောက်နေ့အရောက် ပန်းဝါက တင်မောင်မောင်ထံမှ ပိုက်ဆံ တောင်းပြီး ရေခဲသေတ္တာထဲမှာ သုံးနေလေးရက်စာ ဝယ်၍ ထည့်ထားရန် ဟင်းစားအဝယ် ထွက်သွားသည်။

မနက်ကိုးနာရီထိုးကာနီးတော့ ပန်းဝါ ဈေးခြင်းတောင်း တစ်ဖက်တစ်တောင်းစီဆွဲ၍ ပြန်လာသည်။

ဦးသောင်းစိန်က ခြံထဲမှာ ပေါင်းမြက်ရှင်းနေသည်။

ပန်းဝါလည်း ဈေးခြင်းတောင်းဆွဲ၍ တိုက်ထဲဝင်လာစဉ် တင်မောင်မောင်ကို မြင်လိုက်သဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ... မနက်စာ ဘယ်အချိန် စားမှာလဲ"

"မနက် ဆယ့်တစ်နာရီနဲ့ ဆယ့်နှစ်နာရီကြား စားတယ်"

"ပြီးတော့ အစ်ကိုလေး၊ ဘာစားတယ်၊ မစားဘူး မမေး မိဘဲ ဈေးသွားဝယ်မိတယ်"

"ရတယ် ... ငါ အကုန်စားတယ်၊ ဒါပေမဲ့ အမဲသား၊ ဝက်သားတော့ ကြိုက်လှတယ် မဟုတ်ဘူး၊ အနည်းအကျဉ်းပဲ စားတယ်။ ကြက်သား၊ ငါးမျိုးစုံ၊ ပုစွန်တော့ ကြိုက်တယ်"

"ဒါဆို ဒီနေ့ ကြက်သားနဲ့ ပုစွန်နှစ်ခွက် ချက်လိုက်မယ်"

"ရတယ် ... ရတယ်၊ ကောင်းအောင်သာချက်"

"ဟုတ်ကဲ့"

ပန်းဝါသည် ဈေးခြင်းတောင်းများဆွဲ၍ အိမ်ထဲ ဝင်သွား တော့သည်။

ပန်း၏ မီးဖိုထဲမှာ ချက်ရေး ပြုတ်ရေး စီစဉ်နေသည်။

တင်မောင်မောင် ထမင်းစားခန်းထဲ ဝင်လာသည်။ ရေငတ် သဖြင့် ရေခဲသေတ္တာထဲမှ အချိုရည်တစ်ဗူးကိုယူရန် ရေခဲသေတ္တာ တံခါးကို ဖွင့်လိုက်သည်။

"ဟင် ရေခဲသေတ္တာထဲမှာ ဗူးကြီးတွေနဲ့ အမဲသားတွေ၊ ဝက်သားတွေ၊ ဆိတ်သားတွေ အများကြီး ဝယ်ထည့်ထားပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ငါက တို့ကနန်း ဆိတ်ကနန်းစားတာဆိုတော့ တစ်ပတ်စားလို့ ကုန်မှာ မဟုတ်ဘူး၊

တစ်အိမ်သားလုံး စားရင်တောင် တစ်ပတ်လောက် စားရမယ်"

တစ်အိမ်သားဆိုသည်က သူရယ်၊ ပန်းဝါရယ်၊ ဦးသောင်းစိန်ရယ် ဖြစ်သည်။ မြို့စောင့် ဦးမြက သူ့အိမ်မှာ ကိုယ်တိုင် ချက်ပြုတ်စားနေသူဖြစ်သည်။

ရေခဲသေတ္တာထဲက အအေးတစ်ဗူးယူပြီး ထမင်းစားခန်းထဲက ထွက်မည်အလုပ် ...

"နင်က ဒီအိမ်ကြီးမှာ အခန့်သားပေါ့ ဟုတ်လား"

"ငါက အရင် လက်ဦးမှု ယူထားတာလေ"

"နင်တို့ကို ငါသတိပေးထားချင်မယ်၊ နင်တို့ သခင်လေးကို ချောက်ဖို့ လှန့်ဖို့ လက်နဲ့ တို့ထိဖို့ မလုပ်နဲ့။ စိတ်လေးနဲ့တောင် မကူးနဲ့"

"အေး နင်ကလည်း သူ့ကို အခွင့်ရေးယူပြီး သွားမထိနဲ့။ နင့်ကို ငါတို့ ကြည့်မရဘူး။ ငါတို့ ပြောထားရဲ့နဲ့ ထိတွေ့ဖို့ ကြိုးစားရင် ငါတို့ ဒီအတိုင်း မနေဘူး"

"နင်တို့ ညက သခင်လေးအခန်းနား ရစ်ဝဲနေတာ ငါ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com


တင်မောင်မောင်လည်း မီးဖိုခန်းအတွင်းမှ အချီအချ ပြောနေသော မိန်းမအသံများကို ကြားသဖြင့်

"တင် ဝို့အိမ်ကို ဘယ်အမျိုးသမီးတွေ ရောက်နေတာလဲ၊ ပန်းဝါတစ်ယောက်ကလည်း အိမ်ရောက်တာမှ သုံးရက် မပြည့်သေးဘူး၊ တစိမ်းတွေ ခေါ်တင်နေပြန်ပြီ"

အခန်းဝနား အသံမကြားအောင် လျှောက်သွားပြီး တံခါးနား ရပ် နားထောင်နေသည်။

ထို့နောက် တံခါးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ဘယ်သူမှ မတွေ့၊ ထမင်းတင်းချက်နေသော ပန်းဝါကိုမှ မတွေ့။

စကားသံတွေ ကြားခဲ့ပါလျက် ဘယ်သူ့ကိုမှ မတွေ့ခြင်းသည် ထူးဆန်းလှသည်။

သူတံခါးဝတွင် ခေါင်းပြူကြည့်လိုက်တော့ အတွင်းက စကားသံများ ပျောက်သွားသည်။

ထိုစဉ် တင်မောင်မောင်ရဲ့ နောက်မှ

"အစ်ကိုလေး အခန်းထဲ ဘာချောင်းကြည့်နေတာလဲ၊ အထဲ ဝင်မလို့လား ... ဝင်လေ"

"မဝင်ပါဘူး၊ အအေးဗူးလာယူရင်း မီးဖိုထဲက စကားသံတွေ ကြားလို့ တံခါးဖွင့်ကြည့်မိတာ"


www.burmeseclassic.com

www.burmeseclassic.com



"အထဲမှာ ဘာတွေ့လဲ"

"ဘာမှကို မတွေ့ဘူး၊ တံခါးကြားက ခေါင်းလည်း မြူ ကြည့်ရော အသိတွေ ပျောက်သွားတယ်"

"အစ်ကိုလေး စိတ်ထင်လို့ပါ၊ အထဲမှာ ဘာမှ မရှိပါဘူး၊ ဝင်ကြည့်လေ"

"ဒါနဲ့ ပန်းဝါက မီးဖိုထဲမှာ မရှိဘဲ အိပ်ခန်းထဲကို ဘာသွား လုပ်နေတာလဲ"

ဩော် ... ဈေးကအပြန် သနပ်ခါးခဲ ဝယ်လာခဲ့တာ၊ အခုမှ ဈေးခြင်းတောင်းထဲက တွေ့လို့ သွားထားနေတာ"

"အင်း ... စကားသံတွေက မိန်းကလေးအသံတွေ ကြား တာကတော့ အသေအချာပဲ၊ ကဲ ... ကဲ ... ချက်စရာရှိတာ ချက်၊ ငါသွားတော့မယ်"

"ဟုတ်ကဲ့ အစ်ကိုလေး"

တင်မောင်မောင်လည်း အအေးဗူးယူပြီး အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။

× × × × ×

သုံးရက်မြောက်ညသို့ ရောက်ခဲ့သည်။

ရာသီကမ္ဘူ ရေကတော်သဖြင့် ရေပုလင်းနှင့် အချိုရည်တစ်ဗူး



www.burmeseclassic.com

www.burmeseclassic.com


ယူရန် ရေခဲသေတ္တာရှိရာသို့ ဆင်းခဲ့သည်။

ရေခဲသေတ္တာကို ဖွင့်၍ အချိုရည်တစ်ဗူးနှင့် ရေသန့်တစ်ပုလင်းတို့ကို ယူလိုက်သည်။

ထိုစဉ် မျက်လုံးများက တစ်နေရာ ရောက်သွားသည်။

"ဟင် ... မနက်ပိုင်းက မြင်လိုက်တဲ့ အမဲသားဗူးက လျော့နေသလိုပါပဲလား"

ဗူးကိုယူပြီး ဖွင့်ကြည့်လိုက်သည်။

မနက်က ဗူးအပြည့်၊ အခု တစ်ဝက်လောက်သာ ရှိတော့သည်ကို တွေ့လိုက်သည်။

ဝက်သားထည့်သောဗူး၊ ဆိတ်သားထည့်သောဗူး၊ ကြက်သားထည့်သောဗူးများက အပြည့်နီးပါးရှိသည်။

"ဒီနေ့ အိမ်မှာ ငါးနဲ့ပုစွန်ချက်တာပဲ၊ မနက်က ကြက်သားနဲ့ပုစွန်၊ အမဲသားလည်း မချက်ပါဘူး၊

ဘာကြောင့် အမဲသားတွေ လျော့နေတာလဲ၊ ငါမမေးဘဲ စောင့်ကြည့်ရမယ်၊

ဪ ... အမဲသားကို မနက်ဖြန်အတွက်များ ကြို ချက်ထားလား မသိဘူး၊ မနက်ဖြန် သိရမှာပေါ့"

နောက်နေ့ ထမင်းပွဲမှာ ထည့်တင်ထားသော ဟင်းများကို


www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်လိုက်သည်။

ကြက်သားဟင်း၊ ငါးကြော်၊ အချဉ်ဟင်း၊ ထိုမျှသာ အမဲသားဆို၍ တစ်ဖတ်တစ်တုံးတောင် မတွေ့ရခြင်းပင်၊ ဘာကြောင့် အမဲသားဗူးထဲမှာ အမဲသားများလျော့နေရသနည်း။ တင်မောင်မောင် အတွေးရှုပ်စွာ တွေးရင်း ထမင်းကို စားနေသည်။

"အစ်ကိုလေး ... ထမင်းစားမကောင်းဘူးလား"

"ဟာ ... ကောင်းပါတယ်၊ ဖန်းဝါလက်ရာ အတော်ကောင်းပါတယ်"

"မသိပါဘူး၊ အစ်ကိုလေး ထမင်းစားတာ နည်းနည်း လက်နှေးနေသလားလို့"

"ငါက ဒီလိုပဲ ... ဟင်းကောင်းကောင်း မကောင်းကောင်း အေးအေးဆေးဆေး စားတတ်လို့ပါ"

မကြာခင်မှာပင် တင်မောင်မောင် ထမင်းစား၍ ပြီးသွားသည်။ ထမင်းစားပြီး ရေခဲသေတ္တာအတွင်းမှ အအေးတစ်ဗူး၊ ရေသန့်တစ်ပုလင်းယူ၍ အပေါ်ထပ်သို့ တက်လာခဲ့သည်။

အအေးဗူးကို စားပွဲပေါ်တင်ပြီး ရေသန့်ပုလင်းဖွင့်၍ မော့သောက်လိုက်သည်။

ခဏနေတော့ အအေးဗူးကို ဖွင့်လိုက်ပြီး တစ်ချက် မော့



www.burmeseclassic.com

www.burmeseclassic.com


သောက်လိုက်သည်။

ဗူးကို ဘေးမှာချကာ သစ်စက်မှ စာရင်းစာအုပ်ကို ဖွင့်၍ မနက်ဖြန် ရေးသွင်းရမည့်အကြောင်းအရာများကို ကြိုရေးနေသည်။

ထို့နောက် စာရေးနေရင်းမှ အအေးသောက်ရန် ဗူးဆီသို့ လက်လှမ်းလိုက်သည်။

ဗူးက မူရင်းချထားသော နေရာမှာ ရှိမနေ၊ ဗူးရှိရာ လက်နှင့် ရှာလိုက်ပြီး ဗူးတွေ့သည်နှင့် သောက်ရန် မယူလိုက်သည်။

"ဟင် ... ဘယ်လိုပါလိမ့်"

တစ်ငုံတစ်ကျိုက်မျှပင် သောက်ရသေးသည်၊ ယခု အအေးဗူးထဲမှာ အအေးဟူ၍ တစ်စက်မျှပင် မရှိတော့။

ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူ ယူသောက်လိုက်တာလဲ။

လူလည်း မရှိ၊ လှုပ်ရှားမှုလည်း မကြားရ၊ ယခု အအေးဗူးထဲက အချိုရည်များ ၊ တစ်စက်မကျန် ကုန်သွားသည်။

"ငါ့အိမ်မှာ ထူးထူးဆန်းဆန်း တွေ့ကြုံနေရတယ်၊ ဘာတွေလည်း ဘာကြောင်တွေလည်း မသိဘူး၊ ~

သရဲသရဲတွေများ ငါ့အိမ်မှာ ရောက်နေတာလား၊ မျက်လုံးနီနီတွေရယ်၊ ညဘက် ခြေသံတွေရယ်၊ စကားသံတွေရယ် ... အထူးအဆန်းတွေကြီးပဲ"


www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်ရာပေါ်တက်ကာ တုံးလုံးလှဲနေလိုက်တော့သည်။

အချိန်က တဖြည်းဖြည်း ညဘက်သို့ ရောက်လာသည်။ ဒီညမှာတော့ တင်မောင်မောင် ထူးထူးဆန်းဆန်း မကြားရ၊ အအိပ်လွန် အိပ်မောကျသွားခြင်းကြောင့် အပြင်မှ ကြားနေကြ ခြေသံများ မကြားရခြင်းလားတော့ မသိ၊ မိုးစင်စင်လင်းသွားခဲ့သည်။ ထူးထူးခြားခြား မကြုံလိုက်ရ။

× × × × ×

စတုတ္ထနေ့ရောက်တော့ မနက်စောစော အစာပြေစားပြီး သစ်စက်သို့ သွားမည့်အကြောင်း အိမ်မှာရှိသော လူအားလုံးကို အသိပေးပြီး ကားတစ်စီးနှင့် ထွက်ခဲ့သည်။

သစ်စက်မှာ ဘကြီး ပြောသမျှ ရေးမှတ်နေသလို စာရွက်စာတမ်းများမှလည်း သစ်အဝင်အထွက်၊ ငွေအဝင်အထွက်များကို စာရင်းသွင်းနေသည်။

သစ်စက်မှ တောက်တိုမယ်ရ ပင်လုပ်နေသူ တင်ထွေးအား အိမ်မှမပြန်ခင် ခေတ္တလာနေရန် ခေါ်ခဲ့သည်။

တင်ထွေးလည်း တင်မောင်မောင်နှင့်အတူ လိုက်ခဲ့သည်။ တင်ထွေးက တင်မောင်မောင်ထက် နှစ်နှစ်ခန့် ငယ်သည့်ပြု သိရ



www.burmeseclassic.com

www.burmeseclassic.com


သည်။

သူတို့ နေ့ခင်းထမင်းစားချိန်အမီ ပြန်ရောက်သည်။

ခဏနေရေချိုးသန့်ရှင်းပြီးသည်နှင့် ထမင်းစားရန် ထည့်ခိုင်းလိုက်သည်။

ထိုနေ့ ချက်သောဟင်းက ဝက်သားနှင့်ပဲဇီဆီပြန် ချက်ထားသည်။ ထမင်းစားနေစဉ် ပန်းဝါက အနားမှာ ယပ်တောင်တစ်ချောင်းနှင့် ယပ်ခပ်ပေးနေသည်။

တင်မောင်မောင် ထမင်းစားပြီးတော့ ပန်းဝါက ပန်းကန်များ သိမ်းဆည်းနေသည်။

ထမင်းစားပြီး၍ ရေခဲသေတ္တာထဲမှ ရေသန့်တစ်ပုလင်း ယူလိုက်သည်။ အထဲမှာ အမဲသားဗူးက ဗလာကျင်းနေသည်။

"ဟင် ... အမဲသားတွေကို ပန်းဝါနဲ့ ဦးသောင်းစိန်တို့ နှစ်ယောက်ထဲ ယူချက်စားနေတာလား မသိဘူး"

သို့လော ... သို့လော စဉ်းစားပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

အပေါ်ရောက်ပြီး ခဏကြာတော့ ဗိုက်လေးလာ၍ အိမ်သာတက်ချင်သောစိတ် ဖြစ်လာသည်။

သို့ကြောင့် အပေါ်ထပ်မှ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့


www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန် ထမင်းစားခန်းသို့ မျက်လုံးက ရောက်သွားသည်။

"တင် ... ဘယ်လိုပါလိမ့်"

ရေခဲသေတ္တာကိုဖွင့်၍ ပန်းဝါနှင့် ဦးသောင်းစိန်တို့ အသားဗူးများဖွင့်ပြီး အသားစိမ်းများအား နှိုက်စားနေသည်ကို တွေ့လိုက်ရသည်။

"တင် ... အသားစိမ်းတွေ စားနေကြပါလား"

တင်မောင်မောင် အိမ်ပေါ်သို့ ပြန်တက်ခဲ့သည်။

အိမ်သာတက်ချင်သောစိတ်ပင် ပျောက်သွားရသည်။

ပန်းဝါနှင့် ဦးသောင်းစိန်က လူတွေမှ ဟုတ်ကြရဲ့လား။

မနေ့ကလည်း မီးဖိုထဲမှာ စကားပြောသံတွေ ကြားရတယ်။ တံခါးဖွင့်ကြည့်တော့ ဘယ်သူမှ မရှိဘူး။

ဧည့်ခန်းထဲမှာလည်း အအေးဗူး ယူသောက်သွားသေးတယ်။ ထူးဆန်းတယ်။

ခဏကြာတော့ ချောင်းဟန့်သံပေးလိုက်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

ပန်းဝါက ပန်းကန်များ သိမ်းဆည်းနေသည်။ ဦးသောင်းစိန်ကိုမူ မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ... ဘာယူမလို့လဲ"

"ဘာမှ မယူဘူး၊ ဗိုက်ထဲက နာလာလို့ အိမ်သာတက်မလို့ ဆင်းလာတာ"

ထိုမှုပြောပြီး အိမ်သာအတွင်း ဝင်ခဲ့သည်။

တင့်မောင်မောင်နှင့် ပါလာသော တင်ထွေးက မနက်စာအလုပ်မှာ စားခဲ့ပြီဖြစ်၍ အိမ်မှာ ဝင်မစားတော့။

သူ့အား ဘာက စခိုင်းရမည် စဉ်းစားမတွေ့၍ အိမ်တံခါးဝအနီး စောင့်ရန် တာဝန်ပေးထားရသည်။

ညဘက်ရောက်လျှင် ဧည့်ခန်းက ဆိုဖာအရှည်ပေါ်မှာ အိပ်ရန် စီစဉ်ပေးပြီး စောင်နှင့်ခေါင်းအုံးယူသုံးရန် ပြထားသည်။

အဖေအိပ်သော အိပ်ခန်း၊ ဧည့်သည်များအတွက်ထားသော အိပ်ခန်း ရှိပေမင့် ပေးမအိပ်ခိုင်း၊ တင်ထွေးကလည်း လိုလိုချင်ချင်ရှိသည်။

"ရပါတယ် အစ်ကိုလေး၊ စောင်နဲ့ခေါင်းအုံးရှိရင် ရပါပြီ"

အိမ်က အဝင်အထွက် လူမရှိပါဘူး၊ တစ်အိမ်လုံးမှာ ဇီတစ်ယောက်တည်းဆိုတော့ ညရေးညတာ အဖော်လိုတယ် ထင်လို့ ခေါ်ထားတာပါ။ ဇီ ဒီမှာ တစ်ပတ်ဆယ်ရက်လောက်ပဲ နေမှာပါ"

"ဟုတ်ကဲ့ စိတ်ချပါ အစ်ကိုလေး၊ ကျွန်တော်တို့ ဇီစွ



www.burmeseclassic.com

www.burmeseclassic.com



အထူးရှိရင် လှမ်းသာခေါ်လိုက်ပါ"

သို့ဖြင့် ထိုနေ့ထူးခြားမှုတစ်ခုမှ ကြုံတွေ့ရခြင်း မရှိဘဲ ညပိုင်းသို့ ရောက်လာခဲ့သည်။

ည ခုနစ်နာရီခန့်အထိ အောက်ထပ်ဆင်းပြီး တင်ထွေးနှင့် သစ်စက်လုပ်ငန်းအကြောင်းနှင့် အခြားရောက်တတ်ရာရာများ တစ်ယောက်တည်း ပျင်းနေမှာစိုး၍ စကားဆင်းပြောနေခဲ့သည်။

ထို့နောက်တော့ အပေါ်ထပ် တက်ခဲ့ပြီး အိပ်ရာအတွင်း ဝင်ခဲ့သည်။ မအိပ်ချင်သေးသော်လည်း အပြင်မှာ ထိုင်မနေချင်တော့။

သို့နေရင်းကပင် ကိုးနာရီကျော်ကျော်ခန့်ရှိတော့ မှေးခနဲ အိပ်ပျော်သွားသည်။

× × × × ×

ထိုည၏ သန်းခေါင်ယံရောက်တော့ အခန်းတံခါးကို လာထုသံ ကြားလိုက်၍ လန့်နိုးသွားရသည်။

"ဘယ်သူလဲကွ"

"ကျွန်တော် တင်ထွေးပါ အစ်ကိုလေး၊ အစ်ကိုလေး အပြင် ထွက်ရင်ထွက်၊ မထွက်ရင် တံခါးဖွင့်ပေးပါဦး"

တင်မောင်မောင် တံခါးဖွင့်ပြီး အပြင်ထွက်လိုက်သည်။

"ဘာဖြစ်လို့လဲကွ"

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com


"အောက်ထပ်မှာ သရဲတွေ အများကြီးပဲ"

"ဘာ"

"ဟုတ်တယ်၊ အနည်းဆုံး ငါးဆယ်လောက်ရှိတယ်၊ သရဲမက သုံးကောင်တောင်၊

ညဆယ်တစ်နာရီလောက်ရောက်တော့ ကျွန်တော့်ဘေးမှာ ပတ်လျှောက်နေတဲ့ ခြေသံတွေ ကြားလာရတယ်၊

ကျွန်တော် နိုးလာပြီး အသေအချာ နားထောင်တော့ ခြေသံတွေ အများကြီးဆိုတာ သိလိုက်တယ်၊

စောင်ကို ဖွင့်မကြည့်ရဲဘူး၊ ခဏနေတော့ စောင်ကို လာဆွဲတယ်။ စောင်က လွတ်သွားလို့ မျက်လုံးလည်း ဖွင့်ကြည့်ရော ကျွန်တော့်ရဲ့ ဟိုဘက်သည်ဘက်မှာ သရဲမတွေ အပေါ်ကစီးပြီး ကြည့်နေတာ တွေ့ရတယ်"

"ဟုတ်ပါ့မလားကွာ"

"ဟုတ်တယ် အစ်ကိုလေး ... ကျွန်တော်လည်း သူတို့ကို တွေ့လိုက်တာနဲ့ လန့်ပြီး အော်လိုက်ရော ... အားလုံး ပျောက်သွားတော့တာပဲ"

"အင်း ... မင်းက အသေအချာ ပြောနေမှတော့ ရင်းအား စရာပဲ၊


www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း အခုမှ သန်းခေါင်ပဲ ရှိသေးတယ်၊ မင်း အောက်မှာ ပြန်အိပ်ရဲလား"

"မ ... မအိပ်ရဲတော့ဘူး အစ်ကိုလေး"

"ဘယ်လို လုပ်ရပါ့မလဲ၊ ဒါဆို ဟိုအခန်းမှာ သွားအိပ်၊ မင်းနဲ့ငါ နိုးတာပေါ့။ အဲဒီအခန်းမှာ ခေါင်းအုံး၊ စောင်၊ ခြင်ထောင် အစုံရှိတယ်။ မင်း ဘယ်အချိန် နိုးတတ်လဲ"

"ငါးနာရီနဲ့ ခြောက်နာရီအတွင်း နိုးပါတယ်"

"အေး ... ငါလည်း အဲဒီအချိန်ဆို နိုးပြီ ... ကဲ ... ကဲ ... သွားအိပ်တော့၊ ဘာမှ မကြောက်နဲ့ မင်းနဲ့ငါ နီးနီးလေး"

ရောက်စညက ခြင်ထောင်လှန်ပြီး သရဲမတစ်ကောင် ဝင်လာခြင်း၊ မီးဖိုအတွင်းမှ စကားသံများ ကြားရခြင်း၊ ပန်းဝါနှင့် ဦးသောင်းစိန်တို့ အမဲသားအစိမ်းကို ယူစားခြင်းကို တင်မောင်မောင် မစဉ်းစားတတ်အောင် ပဟေဠိ ဖြစ်နေရာက တင်ထွေးကပါ သရဲတွေကို တွေ့ရသည်ဟု ပြောလာခြင်းက သူ့အတွက် အိပ်၍မပျော်နိုင်အောင် အတွေးပိုရတော့သည်။

ည တစ်နာရီခွဲကျော်မှ တင်မောင်မောင် ပြန်အိပ်ပျော်တော့သည်။

ကျွိ ကျွိ ... ကျွိ ကျွိ ကျွိ ကျွိ



www.burmeseclassic.com

www.burmeseclassic.com



အသံမျိုးစုံ ထွက်နေခြင်းကြောင့် တင်မောင်မောင် အိပ်မော်ကျနေရာက လန့်နိုးသွားသည်။

ရုတ်တရက် လန့်နိုးသွားသဖြင့် ဘေးဘီကို ကြည့်လိုက်ရာ အိမ်ကြီး၏ နံရံအတွင်းမှာ ရောက်နေပြီး ကြမ်းပြင်က သံမံတလင်း မဟုတ်ဘဲ မြေသားအတိ မြက်ပင်များပင် ပေါက်နေသည်။

တင်မောင်မောင်လည်း ရပ်နေရာမှ ခြေလှမ်းမည်အပြုခြေထောက်အား တစ်စုံတစ်ခုက ဖမ်းဆုပ်လိုက်ခြင်းကို ခံစားလိုက်ရသည်။

"တင်"

မြေကြီးထဲမှ ထွက်လာသောလက်ကြီးတစ်ဖက်က ခြေထောက်တစ်ချောင်းကို ဖမ်းဆွဲထားသည်။

အခြားနေရာများမှလည်း လက်ချောင်းကြီးများ ထွက်လာသည်။

ခဏနေတော့ လက်ချောင်းများပင် မဟုတ်တော့ဘဲ၊ မြေကြီးမြေခဲများက တဖွားဖွား လွင့်စင်ထွက်လာသည်။

အရိုးစုအလောင်းများ အရိုးအရွဲများ တွဲကျနေသော သရဲကောင်များ မြေထဲမှ တိုးထွက်လာသည်ကိုလည်း မြင်နေရသည်။

စုစုပေါင်း သရဲငါးကောင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြောက်လန့်ပြီး ထွက်ပြေးမည်ပြုသော်လည်း မြဲမြံစွာ ကုတ်တွယ်ထားသော မြေကြီးထဲက လက်တစ်ဖက်ကြောင့် မလှုပ်မရှားနိုင် ဖြစ်နေရသည်။

ထိုသရဲများက နေရာအနှံ့မှနေပြီး သူ့အနားသို့ တစ်လှမ်းချင်း လျှောက်လာနေကြသည်။

အချို့ သရဲများက လက်ကို ရှေ့တန်းထားပြီး လျှောက်လာနေသည်။

အချို့က ထော့နဲ့ထော့နဲ၊ အချို့က ခြေတစ်ချောင်းတွဲလဲကြီး ဒရွတ်တိုက်ဆွဲရင်း လျှောက်လာနေသည်။

သူ့အနားသို့ ရောက်တော့ ရပ်သွားသည်။

သူတို့လက်တွင်း ရောက်သွားပါက သူ့ကို မည်ကဲ့သို့ ပြုလုပ်ကြမည်မသိ။

အကြောက်လွန်ပြီး အသားများ တဆတ်ဆတ် တုန်နေမိတော့သည်။

"မလာကြနဲ့ သွား ... မလာနဲ့သွား

ငါ့နားကို မလာကြနဲ့ ... သွား ... သွား"

ဒုန်း ... ဒုန်း ... ဒုန်း

"အစ်ကိုလေး အစ်ကိုလေး ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ တင်မောင်မောင် လန့်နိုးသွားသည်။

သူ အိပ်မက် မက်နေကြောင်း သိလိုက်သည်။

အခန်းအပြင်မှ တင်ထွေးက တံခါးခေါက်ပြီး မေးနေသည်။

"အစ်ကိုလေး ... နိုးပြီလား"

"အေး ... နိုးပြီ"

"အစ်ကိုလေး အခန်းထဲက အော်သံကြားလို့ ကျွန်တော် နိုးပြီး ထွက်လာခဲ့တာ"

"ငါ အိပ်မက် မက်ပြီး လန့်အော်မိသွားတာ"

"မင်း အခန်းထဲ ဝင်ချင်သေးလား"

"အစ်ကိုလေး ပြန်အိပ်လိုက်ပါဦး၊ ကျွန်တော် မဝင်တော့ပါဘူး"

"အေး ... အေး ... မင်းလည်း ပြန်အိပ်တော့၊ ငါတော့ ချက်ချင်းပြန်အိပ်လို့ရတော့မယ် မထင်ပါဘူးကွာ"

"ကျွန်တော် လာနေပေးရမလား"

"ရပါတယ် ... မင်းပြန်သာ အိပ်ပါတော့"

တင်မောင်မောင်လည်း အိမ်ကြီး၏ ချောက်ချားဖွယ်အဖြစ်ဆိုးများ၊ အိပ်မက်ဆိုးများနှင့် ခပ်စိပ်စိပ် ကြုံလာရသည်။

ထို့နောက် မျက်လုံးကြောင်နေရာ သုံးနာရီခန့်ရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်အိပ်ပျော်သွားခဲ့ရသည်။

× × × × ×

ဤနေ့ အိမ်မှာ မနေချင်သည်နှင့် တင်မွေအားခေါ်ကာ သစ်စက်သို့ ထွက်ခဲ့ကြသည်။

အသက်ကြီးသူများ၊ အဘိုးအဘွားများ၊ အချို့စာအုပ်များ၌ ရေးသားထားသော အကြောင်းအရာများ၊ ပြောစကားများအရ လူမနေသော အဆောက်အဦး၊ အိမ်ကြီးများတွင် နာနာဘာဝ သရဲ၊ တစ္ဆေများ လာရောက်နေထိုင်ကြသည်ဟု ဖတ်ဖူးကြားဖူး သည်။

တင်မောင်မောင်လည်း သူတို့အိမ်ကြီးမှာ လူမနေ ပစ်ထားတာ ကြာ၍ သရဲ၊ တစ္ဆေများ လာရောက်နေထိုင်ကြခြင်းများလားဟု အတွေးရောက်မိသည်။

ဖခင်ဖြစ်သူက တစ်လနေ၍ တစ်ခေါက်ခန့်လာပြီး၊ တစ်ည နှစ်ညသာ အိပ်ခြင်းကြောင့် သရဲ၏အနှောက်အယှက်ကို မခံရခြင်းဟု ထင်မိသည်။

ဖြစ်နိုင်သည်ဟု တထစ်ချ ယုံကြည်ရသည့် အကြောင်း ကလည်း ရှိသည်။ ဖခင်ရှိသည့် ပထမည၊ သူ သူ့ရဲ့အနှောက် အလှန့်မခံရဘဲ၊ ဒုတိယညမှစပြီး ထူးခြားချက်က စတင်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com


ကြောင့်လည်းဖြစ်သည်။ ထို့နောက်ရက်များ ညဘက်ရောက်သည်နှင့် ပုံစံအမျိုးမျိုးနှင့် ကြုံလာရသည်။

အိမ်မှာ ရှိနေသော ပန်းဝါနှင့် ဦးသောင်းစိန်ကလည်း သရဲလား၊ လူလား မဝေခွဲနိုင်သည့် အဖြစ်အနေမျိုး ကြုံနေရသည်။

ကားက သစ်တော်ဝင်းအတွင်း ရောက်လာခဲ့သည်။ အကြောင်းကိစ္စ အထူးအထွေမရှိသဖြင့် ကားကိုထားခဲ့ပြီး သစ်စက်ဝင်းနှင့် သိပ်မဝေးသောနေရာမှာ တည်ထားသည့် စေတီကို သစ်စက်လာစဉ်ကတည်းက မြင်တွေ့ထားသဖြင့် အချိန်လည်းဖြုန်း၊ ဘုရားလည်းဖူးရန် ဘုရားကုန်းရှိရာသို့ ထွက်ခဲ့သည်။

စေတီက တောင်ကုန်း မကျတကျပေါ် တည်ထားသဖြင့် မြေပြင်မှ ပေသုံးဆယ်ခန့်အမြင့်သို့ လှေခါးတစ် လေးဆယ်ခန့်မျှ နင်းတက်ခဲ့ရသည်။

ဘုရားကို လက်အုပ်ချီပြီး ရှိခိုးလိုက်သည်။ ထိုစဉ် ဘုရားကြီးပေါ်မှာ အသက်(၆၅)နှစ်ခန့်ရှိသော ယောဂီဝတ်လူကြီးတစ်ယောက်က တင်မောင်မောင်ကို စိုက်ကြည့်နေသည်။

"လူလေး ... ခဏလောက်"

ထိုလူကြီး ထိုင်နေရာရှေ့သို့ တင်မောင်မောင် သွားထိုင်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"လူလေးကို ကြည့်ရတာ အဘာရဲ့အမြင် မရှင်းမလင်းဘူး ဖြစ်နေတယ်။ အမှောင်တိုက်တွေ ဖုံးနေတာပေါ့။ ဟို ဝိညာဉ်တွေရဲ့ အရိပ်အငွေ့၊ အသက်တွေ ဖုံးလွှမ်းနေတယ် ဆိုပါတော့"

"ဗျာ"

"အဘာ ... တကယ်မြင်တွေ့လို့လား၊ အခုတလော ကျွန်တော့်အိမ်မှာ အထူးအဆန်းတွေ မြင်နေရ၊ ကြားနေရတယ်၊ အိပ်မက်ထဲမှာရော၊ အပြင်မှာပါ မြင်နေရတာ အဘာ"

"မကောင်းဆိုးကတော့ လူလေးနေတဲ့ အရပ်က အမှောင် လောကသားတွေ စံပျော်တဲ့ နေရာဖြစ်နေလို့ပဲ၊

ဝိညာဉ်တွေ ရှင်သန်နေတယ်၊

သူတို့တတွေ မြေအောက်မှာ ခိုနားနေရာကနေ လပြည့် လကွယ်ညတွေဆိုရင် မြေပေါ်တက်ပြီး ပျော်မြူးကြတယ်"

"အဲဒီ ဝိညာဉ်တွေ အိမ်ကြီးမှာ မနေနိုင်အောင် ဘယ်လို လုပ်မှ ရမှာလဲအဘာ"

"သန့်ရှင်းစင်ကျယ်ချင်ရင် မြေလှန်ပစ်ပေါ့သားရယ် ... မြေလှန်ပစ်ပေါ့၊

ကဲ ... အဘာ ဒီလောက်ပဲ ပြောမယ်၊ သွားပေတော့"

တင်မောင်မောင်လည်း ယောဂီဝတ်အဖိုးကြီးကို ဦးဆုံးကြိမ်



www.burmeseclassic.com

www.burmeseclassic.com


ချပြီး ရှိခိုးလိုက်သည်။

အဖိုးကြီးအား နှုတ်ဆက်ကာ ထိုနေရာက ထွက်ခဲ့သည်။

နေ့ခင်းထမင်းစားချိန်နီးမှ တင်ထွေးကိုခေါ်ကာ ကားမောင်းပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ရေချိုးပြီး ထမင်းစားလိုက်သည်။

ရေခဲသေတ္တာထဲမှာ လွန်ခဲ့သော သုံးရက်ခန့်က ထည့်ထားသော အသားများမှာ မရှိသလောက် ဖြစ်နေသည်ကို တွေ့ရသည်။

"ဪ ... ပန်းဝါကို ဟင်းစားဝယ်ထည့်ထားဖို့ ငွေလိုလား မေးရဦးမယ်၊

ဟင်းစား အသားငါး ဝယ်ဖို့ ကြုံမပေးဘဲ တစ်နေ့တစ်ခါ ဝယ်နိုင်ရင် ကောင်းမလား"

ရေခဲသေတ္တာနား ရပ်ပြီး စဉ်းစားနေမိသည်။

"ဒီလိုလည်း မဖြစ်သေးဘူး၊ ဈေးက ရွာထဲအထိ သွားရတာဆိုတော့ တစ်နေ့တစ်ခေါက် သွားနိုင်းလို့ မဖြစ်သေးဘူး"

ထို့နောက် ထမင်းစားသည့်အချိန် အနီးမှာ ယပ်ခပ်ပေးနေသော ပန်းဝါအား ...

"ဟင်းစား ဝယ်ဖို့ လိုသေးလား ... လိုရင် ပိုက်ဆံပေးလိုက်မယ်၊ သွားဝယ် ထည့်ထားဦး"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဝယ်ဖို့ လိုနေပါပြီ"

"အရင်အခေါက်က အမဲသား မဝယ်ခဲ့ဘူးလား"

"ဟင့်အင်း မဝယ်ခဲ့မိဘူး၊ ဒီတစ်ခေါက် သွားဝယ်ရင် ဝယ်ခဲ့မယ်"

"အေး ... ဲအေး၊ အမျိုးစုံသာဝယ်ပြီး ထည့်ထား၊ သုံးလေးရက်စာ ဝယ်ထည့်ထားလိုက်"

"ဟုတ်ကဲ့၊ အစ်ကိုလေး၊ ညနေပိုင်း ဈေးခင်းတဲ့အချိန် သွားဝယ်လိုက်ပါ့မယ်"

× × × × ×

ညဘက်သို့ ရောက်ခဲ့သည်။ တင်မောင်မောင် အိပ်၍ မပျော်သဖြင့် အပေါ်ထပ် လေသာဆောင်မှာ ထွက်ရပ်ပြီး ပတ်ဝန်းကျင်ကို ကြည့်နေမိသည်။

ထိုအချိန် ခြံအတွင်းမှာ မည်းမည်း မည်းမည်းနှင့် အရိပ်များ ရွေ့လျားနေသည်ကို တွေ့လိုက်ရသည်။

ထိုအချိန် အဝေးမှ ခွေးအူသံက စူးစူးရှရှ ပေါ်ထွက်လာသည်။

ဝူး ... ဟူး ... ဟူး ... ဝူး ... ဟူး

သူက ခြံကြီးအတွင်း အမှောင်ရိပ်ကို စိတ်ဝင်တစား ကြိုက်



www.burmeseclassic.com

www.burmeseclassic.com


ကြည့်နေသည်။

မီးခိုးလိုလို အမြူငွေ့များကလည်း ဟိုသည် ရွေ့လျားနေသည်။

တိတ်ဆိတ်မှုက ချောက်ချားဖွယ် ကောင်းနေသည်။

"ဘုရား ... ဘုရား၊ ငါ့ခြံထဲမှာ၊ ငါ့အိမ်ထဲမှာ ဝိညာဉ်သရဲတွေ အများကြီးပါလား၊

ဘာကြောင့် ငါက ဒါတွေ မြင်နေရပါလိမ့်၊

ဘယ်လိုဖြစ်တာလဲ နေ့ခင်းက တွေ့ခဲ့တဲ့ အဘကလည်း ဝိညာဉ်တွေ ရှိနေတယ်လို့ ပြောခဲ့တယ်၊

သန့်ရှင်းစင်ကြယ်ချင်ရင် မြေလှန်ပစ်ပေါ့တဲ့၊ တုတ်တယ် အဘပြောတဲ့အတိုင်း မြေလှန်ပစ်ရမယ်"

ထို့နောက် အိမ်ထဲ ပြန်ဝင်ခဲ့ပြီးနောက် ...

"တင်ထွေး ... တင်ထွေး"

"ဗျာ ... အစ်ကိုလေး"

"မနက်ဖြန် ငါနဲ့ စက်ရုံလိုက်ခဲ့ဦး၊ သစ်စက်မှာ လွှထိုးတဲ့ ကိုလှဆောင်တို့ လူစုကို ခေါ်ခဲ့ ဟုတ်လား"

"ဗျာ ... ဘာလုပ်မလို့လဲ အစ်ကိုလေး"


www.burmeseclassic.com

www.burmeseclassic.com

"မြေလှန်ပစ်မလို့ကွ ... မြေလှန်ပစ်မလို့"

× × × × ×

တင်မောင်မောင် ဘုရားကုန်းတော်ပေါ် တက်သွားပြီး ယောဂီဝတ်အဘကို ရှာလိုက်သည်။

တွေ့လိုက်သည်၊ ဒီနေ့တော့ အပေါ်ဖြူ၊ အောက်ပိုင်းအပြာကွက်ကျဲ ပုဆိုးကို ဝတ်ထားသည်။

ထိုအဘရှေ့မှာ တင်မောင်ထွေး သွားထိုင်လိုက်သည်။

"အဘ"

"အေး ... ပြော"

"သားကို မှတ်မိလားအဘ"

"မှတ်မိတာပေါ့ ... မနေ့က မနက်ပိုင်း တွေ့ကြတာမဟုတ်လား"

"ဘာပြောချင်လို့လဲ လူလေး"

"အဘကို အကူအညီ တောင်းချင်လို့၊ အဘ ... သားကို ကူညီနိုင်မလား။

ကျွန်တော် အဘစကား နားထောင်ပြီး မြေလှန်ချင်လို့ အဲဒီ ဘယ်နေရာတွေမှာလဲ၊ ဘယ်လို လှန်ရမှာလဲဆိုတာ အဘ ညွှန်ပြနိုင်မယ်ဆိုရင် အိမ်ကို လိုက်ခဲ့ပေးစေချင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး၊ ကာယကံရှင်က လိုလိုချင်ချင် အကူအညီတောင်းလာမှတော့ ... ကူညီပေးရတာပေါ့၊

ထိုင်ဦးသား ... သားရဲ့အိမ်ကို မသွားခင်၊ သားအိမ်က အကြောင်း အသာကြိုပြီး ပြောပြထားချင်တယ်၊

သားတို့ဆောက်ထားတဲ့ အိမ်ရဲ့မြေနေရာမှာ တစ်ချိန်က ဂျပန်တွေ စစ်အတွင်း လူတွေ သတ်ခဲ့ပြီး မြှုပ်ခဲ့တဲ့ နေရာပဲ။ အနည်းဆုံး တစ်ခြံလုံးဆို ဆယ်လောင်းနီးပါး ကျန်လိမ့်ဦးမယ်၊

အဆိုးဆုံးက အိမ်ကြီးအောက် ရောက်နေတဲ့ အလောင်းတွေပဲ၊ အိမ်ဆောက်တုန်းက ပန္နက်အတွက် တူးလို့ တွေ့တဲ့ အလောင်းတွေ ခြံထဲက တစ်ချို့ထင်တဲ့နေရာတွေက တူးလို့တွေ့ရတဲ့ အလောင်းတွေကို တူးပစ်လိုက်တော့ ကုန်သွားပြီထင်လိမ့်မယ်။ ကျန်တဲ့အလောင်းတွေ တူးထုတ်ပစ်လိုက်မှ သားတို့ ကောင်းကောင်း နေရမှာ၊

သားတို့အိမ်ပေါ်မှာ အခန့်သားတက်နေပြီး သူတို့ ပျော်နေကြတာ။ ဒါကြောင့် သားတို့ကို ခြောက်လန့်အောင် မလုပ်တာ"

"ပြီးတော့ အသာ တစ်ခုရှိသေးတယ်။ အိမ်ကို ထမင်းချက်ဖို့ အကူခေါ်လိုက်တဲ့ မိန်းကလေးရယ်၊ လူကြီးတစ်ယောက်ရယ် ... သူတို့ကို မသင်္ကာချင်ဘူး။ တစ်ရက် သားစိမ်း၊ ထိုမိန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရေခဲသေတ္တာထဲက နို့ကိစားနေတာကို တွေ့လိုက်ရတယ်"

"သူတို့က လူစင်စစ်ပါ။ စားချင်သောက်ချင်တဲ့ သရဲက ဝင်စီးပြီး စားတဲ့အချိန် သား မြင်တွေ့တာ ဖြစ်ပါလိမ့်မယ်၊ -

သူတို့ သရဲဆိုရင် အဘကို မြင်တာနဲ့ လူအဖြစ်က ပျောက်သွားမှာပဲ ... ကဲ သားတို့အိမ် သွားမယ်ဆိုရင် ... သွားကြရအောင်"

ထိုအချိန် တင်ထွေးက သန့်သန့်မာမာ လူလေးယောက်ခန့် ကားပေါ် ခေါ်တင်လာခဲ့သည်။

မကြာခင် အိမ်သို့ ပြန်ရောက်လာကြသည်။

ဆရာကြီးအား အိမ်အပေါ်ထပ် ဘုရားခန်းရှိရာသို့ ခေါ်လာခဲ့သည်။

"ကဲ လူလေးရဲ့အိမ်က အိမ်ဖော်မိန်းကလေးနဲ့ သူ့အဖော်ကို သွားခေါ်ခိုင်းလိုက်"

တင်ထွေးက ပန်းဝါနှင့် ဦးသောင်းစိန်တို့ကို ခေါ်ခဲ့သည်။

"ကဲ ... ထိုင်ကြစမ်း၊ မိန်းကလေးက ရှေ့တိုးထိုင်"

"မင်းရဲ့နာမည်က ဘယ်သူလဲ ပြောစမ်း"

"ကျွန်မနာမည် မလှတင်ပါ"

"သူတို့ပြောတော့ ပန်းဝါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီအိမ်ထဲလည်း ဝင်ရော တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာပြီး ပါးစပ်ထဲက တွေ့ရာနှာမည်ပေးလိုက်မိတယ် ထင်ပါတယ်"

"ဒီကိစ္စ ဆရာကြီး သိတယ်"

"ကဲ ... ပန်းဇါဆိုတဲ့ ဝိညာဉ် လာပူးကပ်စမ်း ... လာပူးကပ်စမ်း"

ခဏကြာတော့ မလှတင် တုန်တုန်ရီရီ ဖြစ်လာပြီး ပန်းဇါ၏ ဝိညာဉ် ဝင်ပူးကပ်လာသည်။

"အခု ရောက်လာတာ ပန်းဇါဆိုရင် မလှတင်မှာ ဘာကြောင့် ဝင်ပူးကပ်ရတာလဲ"

"ဒါ ကျွန်မနေတဲ့ နေရာလေ ... သူ့ကို ပူးကပ်နေတော့ စားချင်တာ စားလို့ရတာပေါ့"

"မင်းတို့က ဝိညာဉ်တွေ၊ လူတွေနဲ့ ရောနှောမနေသင့်ဘူး။ မင်းတို့ ဒီဘဝက လွတ်ရာကျွတ်ရာ မသွားချင်ကြဘူးလား"

"လွတ်ရာ ကျွတ်ရာ သွားချင်နေပါပြီ ဆရာကြီး။ ကျွန်မတို့အတွက် ဘယ်သူမှ အလှူအတန်း လုပ်ပေးမယ့်လူ မရှိဘူး။ ဒီကနေ ထွက်သွားချင်ပါတယ်"

"ဒါဆိုရင် မင်းနဲ့အတူ အိမ်ကြီးထဲမှာရော အိမ်ပြင်မှာပါ



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်တွေ ရှိသေးလား ပြောစမ်း"

"ရှိပါတယ်၊ အိမ်ထဲမှာ သုံးယောက်၊ အိမ်ပြင်မှာ လေးယောက် ရှိပါသေးတယ်"

"သူတို့ရှိတဲ့နေရာတွေကို ပြပေးနိုင်လား"

"ပြပေးနိုင်ပါတယ်"

"ကဲ အခု ပထမဆုံး အိမ်ထဲမှာရှိတဲ့ ဝိညာဉ်ရဲ့ ခန္ဓာအရိုးစုတွေကို လိုက်ပြစမ်း"

ပန်းဝါ ဝင်ပူးကပ်ခံထားရသော မလှတင် ရှေ့က ဦးဆောင်ပြီး ထွက်သွားသည်။

အိမ်အောက်ထပ် ထမင်းစားခန်းကြမ်းပြင်အောက်မှာ တစ်လောင်း၊ မီးဖိုအတွင်းမှာ နှစ်လောင်း မြှုပ်နှံထားသော အရိုးစုများကို တူးဖော်ရရှိလိုက်သည်။

အိမ်ထဲမှာ ကုန်တော့ ခြံထဲမှာ ဆက်၍ ပြခိုင်းလိုက်သည်။

မိုးချုပ်ကာနီးတော့ အလောင်းခုနစ်လောင်းတိတိ တူးဖော်ရရှိလိုက်သည်။ သက်ဆိုင်ရာကိုလည်း ကြိုတင်အကြောင်းကြားလိုက်၍ တူးဖော်ရာသို့ ရောက်လာသည်။ ထိုအရိုးစုများကို သက်ဆိုင်ရာက အတည်ပြုပြီးသည်နှင့် သင်္ချိုင်းသို့ သယ်သွားကာ မီးသင်္ဂြိုဟ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးစုများအားလုံး မီးရှို့ပြီးလိုက်ပြီးနောက် ဝိညာဉ်များ မကျွတ်မလွတ်သူများအတွက် အလှူဒါနပြုရန် စီစဉ်ကြတော့သည်။

ပန်းဝါအဖြစ်မှ မလှတင်အဖြစ်သို့ ပြောင်းသွားပြီ ဖြစ်သလို ဦးသောင်းစိန်ကလည်း ဦးထွန်းတင်အမည် ပြန်ဖြစ်သွားတော့သည်။

ထို့နောက် ဘုန်းကြီးငါးပါးပင့်ကာ သစ်စက်မှ အလုပ်သမား များခေါ်ပြီး အကျွေးအမွေးနှင့် ညေ့ခံလိုက်သည်။

ထို့နောက် အလှူတရားနာသောအခါ မကျွတ်မလွတ်သေးသော ဝိညာဉ်များကို ရည်စူးပြီး မေတ္တာပို့ကြ အမျှဝေကြသည်။

သို့ဖြင့် ထိုနေ့မှစ၍ အနီးပတ်ဝန်းကျင်မှာ သွားလာနေသော ဝိညာဉ်များ မရှိကြတော့သလို အိမ်ကြီးပေါ် ဝင်ထွက်သွားလာနေ ကြသော ဝိညာဉ်သရဲများလည်း မရှိတော့ပါ။

တင်မောင်မောင်လည်း သရဲတစ္ဆေမရှိတော့သည့် အိမ်ကြီးမှာ စိတ်ချမ်းသာစွာ ဆယ့်ငါးရက်မျှ နေထိုင်ခဲ့ပြီး ရှန်ကုန်သို့ ပြန်သွား လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

# ဘွေးချယ် ဖုတ် ဘုရှင်

သောင်ကုန်းရွာက အိမ်ခြေ သုံးရာကျော်ခန့်ရှိပြီး၊ ရွာတန်း ရှည်ရွာကြီးတစ်ရွာ ဖြစ်သည်။

သက်တမ်းရှည်စွာကတည်းက တည်ရှိခဲ့သော ရွာဖြစ်သဖြင့် တစ်ရွာလုံးရှိသော လူများသည် မိသားစု ဆယ့်လေးငါးစုခန့်မှ အဆင့်ဆင့် ပေါက်ဖွား ဆင်းသက်လာသော ဆွေစဉ်မျိုးဆက် ရွာမျိုးဖြစ်သည်။

သို့ကြောင့် တစ်ရွာလုံး တစ်ဦးနှင့်တစ်ဦး ဆွေမျိုးမကင်းရာ မကင်းကြောင်း လက်ညှိုးထိုးမလွဲ ရှိနေပါသည်။

ရွာတောင်ပိုင်းမှာ နေထိုင်သည့် ဒေါ်မြစိန်တစ်ယောက် စကား ပြောဖော်ရှိရာ တစ်အိမ်မဟုတ် တစ်အိမ်သို့ ရောက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဒေါ်မြစိန် ရှာလယ်ရှိ ညီမဝမ်းကွဲ ဒေါ်မိအိမ်သို့ မနက်စာ ထမင်းစားပြီးကတည်းက ရောက်နေသည်။

လက်ဖက်စားရင်း၊ ရေနွေးသောက်ရင်းနှင့် ဒေါ်မြစိန်အပြင် အိမ်နီးချင်း ဒေါ်တင်လေး၊ ဒေါ်လှတို့ ရောက်လာပြီး ထွေရာလေးပါး စကားများ ပြောနေကြသည်။

ညနေ လေးနာရီခန့်ရှိလာပြီ၊ နေပူရှိန်ကလည်း လျော့ပါး သွားပြီ။

ထိုအခါမှ စကားလက်ဆုံကြနေသော ညီအစ်မတစ်စု စကားစ ဖြတ်ရန် သတိရကြတော့သည်။

"မယ်တင်တို့ မယ်လှတို့ နေအေးသွားပြီ၊ ငါပြန်မယ်"

"သေသေချာချာ ကြည့်လျှောက်ဦး အစ်မ"

"ညည်းတို့ဆီ လာရတာလည်း ... တိုထွန်းစိန်တို့ အိမ်နားက ချွေးမတစ်ကောင် သားကျနေလား မသိဘူး၊ ငါ့တို့ တဟဲဟဲနဲ့၊ ရန်ဆောင်နေသေးတယ်၊

ကံကောင်းလို့ အကိုက်မခံရတာ

"အစ်မမြ ... ရွာထဲလမ်းက မသွားဘဲ ရွာပြင်စပ်က သွားပါလား"

"အေး ... ဟုတ်တယ်၊ အိမ်နားရောက်မှ ရွာထဲ ပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရတာပဲ၊ နင်တို့ခြံက နောက်ဘက်ကို ထွက်တဲ့လမ်း ရှိလား"

"မရှိဘူး အစ်မပြု ... ခြေရင်း ထွေးပုတို့ခြံက နောက်ဘက်ကို ထွက်တဲ့လမ်း ရှိတယ်၊ သူ့အိမ်မှာ ခွေးမရှိဘူး"

"အေး ... ငါ သွားမယ်၊ နင်တို့လည်း တစ်ခါတစ်ခါ ငါ့အိမ် လာလည်ပါဦးလား၊ ငါကပဲ လာနေရတယ်"

"လာချင်တာပေါ့၊ ဒီမှာက အစ်မရဲ့မြေးနှစ်ကောင် ထိန်းနေရတယ်လေ၊ ဒါကြောင့် အပြင်မထွက်ဖြစ်တာ"

"ညည်းမြေးတွေပါ ခေါ်ခဲ့ပေါ့"

"ပြီးတော့မှ နောက်မလာနဲ့အေ ... ငါပဲ လာမယ်လို့ မပြောနဲ့၊ အပြင်က သွားရင် ... ကန်သင်းရိုးတွေ သစ်ငုတ်တွေ သတိထားသွားဦး"

"အေး ... အေး သွားပြီ
ထွေးပုရေ ... ထွေးပု ရှိလား"

"ဟုတ်ကဲ့ ရှိတယ် ဒေါ်လေးရေ"

"ငါ ... နင်တို့ခြံက ... နောက်ဘက် ထွက်မလို့"

"သွား ... ဒေါ်လေး ... သွား၊ ငုတ်တွေလည်း သတိထား သွားဦး"

"အေး ... အဲ့နဲ့၊ နင်တို့ မြေပဲတွေ ဖြစ်တယ်လို့ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြို့သလောက်ကတော့ အခြေအနေ မဆိုးပါဘူး၊ နှုတ်သိမ်းကာနီးမှ ကြွက်စား၊ ပုရစ်အဖောက်မခံရဖို့ပဲ ဆုတောင်းနေရတာ၊ ဒေါ်လေးကတော့ အတော်လေး သွားလာနိုင်တယ်"

"ဝါ အိမ်မှာ အငြိမ်မနေလို့ ကျန်းမာနေတာပေါ့၊ ကဲ ... သွားပြီ"

"ဟုတ်ကဲ့ ... ဒေါ်လေး"

ဒေါ်မြစိန်လည်း ထွေးပုတို့ခြံမှ ထွက်ပြီး ရွာပြင်က လူသွားလမ်းအတိုင်း အိမ်သို့ ပြန်ခဲ့သည်။

လူသွားလမ်းဆိုပေမယ့် စပါးရိတ်သိမ်းပြီး လယ်ကွက်များပေါ်မှ အလွယ်ဖြတ်သွား လုပ်နေသဖြင့် လမ်းသဖွယ် ဖြစ်နေသည်။ ကန်သင်းရိုးများကတော့ အတိုင်းသား ရှိနေသည်။

မြေကွက်များကလည်း စပါးပြီးကတည်းက မပြုမပြင်ရှိနေသဖြင့် ပတ်ကြားအက်များ ရိုးပြတ်ငုတ်များ တချို့ရှိနေကြသေးသည်။

ဒေါ်မြစိန်လည်း လယ်ကွက်အတွင်း ဖြည်းဖြည်းလျှောက်လာရာ ရိုးပြတ်များ ပုံနေသော မြေပတ်ကြားအက်အတွင်း ခြေထောက်တစ်ဖက် ကျွံဝင်ပြီး ရှေ့သို့ ဟတ်ထိုးလဲကျသွားသည်။

ခြေထောက်က ခြေဖဝါးမြုပ်ရုံလေးသာ ကျွံပြီးကျသွားသော်လည်း ရှေ့ကို ကိုင်းသွားသော ခန္ဓာကိုယ်ကြောင့် မထိန်းနိုင်ဘဲ လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းဖြစ်သည်။

ဒေါ်မြစိန် လဲကျသွားသည်ကို နွားများ လှန်ကျောင်းရန် ထွက်လာသော ကျော်ထွန်းက လှမ်းမြင်လိုက်သည်။

"အရီးလေး ချော်လဲပြီ၊ နေ ... နေ ကျွန်တော် လာထူပေးမယ်"

"ရတယ် ... ရတယ်၊ ငါဘာမှ မဖြစ်ဘူး"

ဒေါ်မြစိန်က ကုန်းပြီး ထနေသည်။

ကျော်ထွန်းက နွားနှစ်ကောင်ထားခဲ့ပြီး၊ ဒေါ်မြစိန့်ထံ ပြေးလာသည်။ ကျော်ထွန်းအနားရောက်တော့ ဒေါ်မြစိန် မတ်တတ်ရပ်ပြီးနေပြီ"

"အရီးလေး အိမ်ပြန်လို့ ရရဲ့လား၊ ကျွန်တော်လိုက်ပို့ပေးမယ်"

"ငါ ဘာမှ မဖြစ်ပါဘူး၊ ခြေခေါက်လဲတာ မဟုတ်ပါဘူး၊ ငါလျှောက်ကြည့်ဦးမယ်"

တစ်လှမ်းနှစ်လှမ်း လျှောက်ကြည့်လိုက်သည်။

"ရတယ်သား ... အရီးလေး လျှောက်နိုင်တယ်"

"အဲဒီဆို ... ကျွန်တော် လိုက်မပို့တော့ဘူးနော်"

"အေး ... အေး ... အရီးသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်မြစိန်လည်း ခြေထောက် မသိမသာ ဇောင့်နင်းထော့နင်း ဖြစ်ပြီး၊ အိမ်သို့ ပြန်လျှောက်လာခဲ့သည်။

အိမ်ရောက်တော့ လမ်းမှာ ချော်လဲလာသည်ဟု ပြောလိုက်သဖြင့် ကရုဏာဒေါသောနှင့် သားသမီးများ တူ၊ တူမများက ဝိုင်းဆူကြသည်။

ဒေါ်မြစိန်၏အိမ်က ယခင်က မိသားစုများသဖြင့် တစ်ထပ်နှစ်ဆောင်တွဲ အိမ်မျိုးဖြစ်သည်။

အိမ်နှစ်လုံးကို တံစက်မြိတ်ချင်း ထိစပ်ပြီး ဆောက်ထားသကဲ့သို့ ခေါင်နှစ်လုံးအိမ်ဖြစ်၍ အလွန်ကျယ်လှသည်။

ယခင်က မိသားစုများသော်လည်း ယခု အိမ်ကြီးမှာ မိသားစု ရှစ်ယောက်သာ ရှိတော့သည်။ ဒေါ်မြစိန်၏ ယောက်ျားဦးလှိုင် လွန်ခဲ့သော သုံးနှစ်က ဆုံးပါးသွားသည်။

ဒေါ်မြစိန်၏သမီး အပျိုကြီး မတင်စိန်၊ သားအလတ် ထွန်းလှ၏ မိသားစုခြောက်ယောက်၊ စုစုပေါင်း ရှစ်ယောက်သာ ရှိတော့သည်။

ဒေါ်မြစိန် သားသမီးခြောက်ယောက်မှာ ကျန်လေးယောက်တာ အိမ်ထောင်များ ကျကုန်ပြီး၊ အိုးအိမ်ခွဲနေကြသည်။

ယခု ဒေါ်မြစိန် အိမ်လျှောက်လည်ရာမှ ပြန်လာတော့ နာလာသည့်ခြေထောက်ကို ပရုတ်ဆီလိမ်းပေးပြီး အိပ်ရာပေါ် လှဲနေနိုင်း


www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ညစာ ချက်ပြုတ်ပြီးသည့်အချိန်

"ဟဲ့ ... တင်စိန်၊ ဘာဟင်းချက်ပြီး စားကြမှာလဲ"

"ဒေါ်ခွေးမ လာရောင်းတဲ့ ငါးခူကို ခရမ်းချဉ်သီး၊ ရေတံသီး စိမ်းနဲ့ အစိမ်းချက်ထားတယ်။ အမေစားတော့မလား"

"ညည်းတို့ဟင်း ငါ မစားချင်ဘူးဟယ်"

"အေးညွန့်တို့အိမ် ဘာဟင်းချက်လည်း သွားမေးစမ်း၊ အသားဟင်းလေး ဘာလေး ချက်ထားတယ်ဆိုရင် ငါစားဖို့ တစ်ခွက် တစ်ပန်းကန် တောင်းခဲ့"

"အမေ့သား အေးညွန့်တို့အိမ်လည်း ငါးခူဟင်းဖြစ်ရင်ဖြစ် မဖြစ်ရင် ငါးခုံးမ၊ ငါးစင်ရိုင်း တစ်ခုခု ဖြစ်နိုင်တယ်။ ဒေါ်ခွေးမက သူ့အိမ်ကို ဝင်ရောင်းပြီးမှ ဒီကို ရောက်လာတာတဲ့"

"အေး ... ဒါဆိုလည်း နောက်နေ့များ ... ငါ့အတွက် အသားဟင်းတစ်မျိုးမျိုး ချက်ကျွေးကြပါကွယ်"

အပျိုကြီး မတင်စိန်လည်း ခါတိုင်း ဝက်သား၊ အမဲသား၊ ဆိတ်သားဟင်းဆိုလျှင် ညီ့တယ်ဟုဆိုကာ တစ်ဖတ်တစ်ခွန်းလောက်သာ စားသည်။ ကြက်သားဆိုလျှင်တော့ စားသည်။

သားကြီး ငါးကြီးချက်သည့်အခါ ငါးပိရည် တို့စရာနှင့်သာ



www.burmeseclassic.com

www.burmeseclassic.com


ပြီးတတ်သူက အသားဟင်းကို ထူးထူးဆန်းဆန်း စားချင်သည် ဆို၍ အနည်းငယ် စိတ်တွင်းက ထူးဆန်းသည်ဟု ထင်မိသည်။

အသက်အရွယ်ကြောင့် ခံတွင်းတွေ့မည့် အစားအစာများ စားချင်သည့် အာသီသကြောင့် ချက်ခိုင်းခြင်း ဖြစ်မည်ဟုလည်း ထင်လိုက်သည်။

နောက်ရက် အမဲသားဟင်း ဝယ်ချက်ကျွေးမည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် မတင်စိန်လည်း အမဲသားရအောင် ဝယ်ပြီး မိခင်အတွက် ချက်ပေးထားသည်။

အချိန်တန် ထမင်းထည့်ကျွေးတော့ ကိုယ်တိုင်လက်နဲ့ မစား။

"ငါ့ကို လက်နဲ့ဖြစ်ဖြစ်၊ ဇွန်းနဲ့ဖြစ်ဖြစ် ခွံ့ကျွေးကြစမ်း"

မတင်စိန်လည်း မိခင်ခိုင်းသည့်အတိုင်း ဇွန်းနှင့်ခွံ့ကျွေးသည်။

"ကောင်းလိုက်တဲ့ဟင်း"

တစ်ပန်းကန်ကုန်ကာနီးတော့

"ဟဲ့ ထမင်းရော ... ဟင်းရော ထပ်ထည့်ပေးကြဦးလေ"

"အမေ အများကြီးစားရင် အစာမကြေ ရင်ပြည့်ရင်တယ် ဖြစ်နေဦးမယ်၊ ဒါတိုင်းဆို တစ်ပန်းကန်ပဲ စားတာ မဟုတ်လား"

"ငါ စားကောင်းလို့စားတာ ညည်းက မသာထဲတို့လား"


www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ ... အမေကတော့၊ အစားလွန်ရင် ရှိပြည့်တတ်လို့ စိုးရိမ်လို့ ပြောတာ၊ စားကောင်းရင်လည်း ထည့်ပေးပါ့မယ်"

မတင်စိန်က မိခင်ဖြစ်သူ ကျေနပ်စေရန် ထမင်းနှင့်ဟင်းများကို ထည့်ပေးလိုက်သည်။

ထမင်းစားပြီးသည်နှင့် အိပ်ရာပေါ် တုံးလုံးလှဲချလိုက်ပြီး

"ထွန်းလှ မိန်းမ၊ မြကျင် ဘယ်သွားလဲ"

"ရှိတယ်၊ သူ့သားကို နို့တိုက်နေတယ်၊ ဘာကိစ္စရှိလို့လဲ အမေ"

"ကိုယ်လက်တွေ နည်းနည်းနာသလို ဖြစ်နေတယ်၊ ဇသူ့ကို နှိပ်ခိုင်းမလို့"

"လာခဲ့မယ် အမေ၊ ကလေးက အိပ်ချင်နေပြီ၊ သူ့ကို သိပ်ပြီးတာနဲ့ လာခဲ့မယ်"

ခဏကြာတော့ မမြကျင် ... ဒေါ်မြစိန်အနီးသို့ ရောက်လာသည်။

"ဒို့ခြေထောက်တွေ လက်တွေကို နှိပ်ပေးပါအေ၊ ကိုယ်လက်တွေက နာသလို ကျင်သလို ဖြစ်နေလို့"

မမြကျင်လည်း ဒေါ်မြစိန်ခိုင်းသည့်အတိုင်း နှိပ်ပေးလိုက်သည်။ အချိန်က တစ်နာရီကျော်ခန့် ကြာသော်လည်း မရပ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com


"အမေ ... အိပ်ချင်လည်း အိပ်လိုက်လေ၊ မမြကျင် နားပါစေဦး"

"ဒါဆိုလည်း ညည်းလာနှိပ်ပေး၊ ဖြည်းဖြည်းလေးပဲ နှိပ်ပါ"

မတင်စိန်က မမြကျင်အစား ဝင်၍ နှိပ်ပေးသည်။

ထို့နောက် ဒေါ်လေးမြစိန် သတင်းကြား၍ ဆွေမျိုးများ တစ်ယောက်ပြီးတစ်ယောက် သတင်းလာမေးကြသည်။

လာသူများကလည်း လက်ချည်းမလာ၊ စားသောက်စရာ ပေါင်မုန့်၊ ကိတ်မုန့်၊ မုန့်ခြောက်များ တစ်ခုမဟုတ် တစ်ခု ဝယ် လာကြသည်။

"ကဲ ... ရောက်တုန်းရောက်ခိုက်၊ ငါ့ကို လာနှိပ်ပေးပါဦး"

သို့ဖြင့် လာသမျှလူ တစ်ယောက်မကျန် ဝင်နှိပ်ခိုင်းသည်။ အစားအသောက် စားရာတွင် အသီးအရွက်၊ ငါးချိုးစုံ ချက်ကျွေး၍ မစားနိုင်တော့ဟု ဆိုသည်။

ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ကြက်သားဟင်း တစ်မျိုး မဟုတ်တစ်မျိုး ပြောင်း၍ ချက်ခိုင်းနေသည်။

ထမင်းကျွေးတော့လည်း လက်နှင့်မစား၊ ကြုံသည့်လူက ဇွန်း သို့မဟုတ် လက်နှင့် ခွံ့ကျွေးရသည်။

"ညည်းတို့ကလည်းအော မသထာရေစာ ကျွေးနေသလိုပဲ


www.burmeseclassic.com

www.burmeseclassic.com

... တို့ကနန်း ဆိတ်ကနန်း ထည့်နေကြတယ် ... ထည့်ပါ တင်းများများ ... ငါစားနိုင်ပါတယ်”

ထိုကဲ့သို့ အစားအသောက် အစားကျူးလာသည့်အတွက် မိသားစုအပြင် လူမမာလာကြည့်သူများကပါ စိတ်ထဲ မသက်သာ ဖြစ်လာကြသည်။

ကွယ်ရာမှာ တီးတိုး ပြောကြသည်။

“ဟဲ့ ... တစ်စိန်၊ ညည်းအမေကို ငါ တယ်မသက်သာချင်ဘူး”

“မလှက အခုမှမြင်ပြီး မသက်သာနေတာ၊ ခါတိုင်း အမေက အသားတင်းချက်ရင် ညီလို့ဆိုပြီး တို့ကနန်း ဆိတ်ကနန်းလောက် သာစားတာ၊ မစားသလောက်ပါပဲ၊

အခုဆို အသားမပါရင် မစားဘူး၊ စားပြန်တော့လည်း လူကောင်းထက် ပိုစားတာ အမြင်ပဲ မဟုတ်လား၊

ဒီလောက် အစားစားနေပြီး ကျန်းကျန်းမာမာ ရှိနေရမှာ၊ အခုတော့ စားပြီးတာနဲ့ လူမမာလို ပြန်ဖြစ်သွားတယ်၊

လာသမျှလူ တစ်ယောက်ပြီးတစ်ယောက် ခေါ်နှိပ်ခိုင်းတာလည်း ပုံမှန်မဟုတ်ဘူး၊

အခုလည်း တစ်မျိုးထွင်ပြန်ပြီ၊ နှိပ်ပေးတဲ့လူတွေကို သီချင်းဆိုပြီး နှိပ်ခိုင်းနေပြန်ပြီ၊ ဇိမ်ယူတာလား၊ နာကျင်လို့ ခိုင်းတာလား


www.burmeseclassic.com

မဝေခဲ့တတ်တော့ဘူး"

ထိုစဉ် ရွာလည်ပိုင်းမှ မငွေနှင့် မအေးညွန့်တို့နှစ်ယောက် သတင်းမေးရောက်လာကြသည်။

"ဒေါ်လေး နေကောင်းလား"

"အေး ... ကောင်းပါတယ်ကွယ်၊ ရောက်တုန်းရောက်ခိုက် ဒေါ်လေးကို နှိပ်ပေးသွားပါဦး"

"ဟာ နှိပ်ပေးရမှာပေါ့ ဒေါ်လေး"

"အေး ... နှိပ်လည်းနှိပ်၊ ဟိုရွှေမန်းသီချင်းလေးလည်း ဆိုပြီး နှိပ်ကြစမ်းအေ"

"ဘယ်က ရွှေမန်းသီချင်းပဲ ဒေါ်လေးရဲ့"

"အောင်ပါစေ ... သမြေနခက်ဝေ ဆိုတဲ့ သီချင်းလေကွယ်"

"မဆိုချင်ပါဘူး၊ ဒေါ်လေးကလည်း ရှက်စရာကြီး"

"ကဲ ... ဒါဆို ညည်းမနှိပ်နဲ့၊ မငွေ ရွှေမန်းသီချင်းရလား၊ ရရင် သီချင်းလေးလည်းဆို နှိပ်လည်း နှိပ်ပေး"

မငွေက ရွာထဲမှာ အလှူကထိန် အိုးစည် ဒိုးပတ် ဝင်ခွဲနေကျ ဖြစ်သဖြင့် အလှည့်ကျလျှင် မနွဲ့စတမ်းဆိုသကဲ့သို့ ဒေါ်မြစိန်အား အောင်ပါစေသီချင်းကို သီဆိုရင်း နှိပ်ပေးနေသည်။

ထိုကဲ့သို့ အစပြုပြီး ဆိုလိုက်နှိပ်လိုက် အမြဲလုပ်ပေးနေရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ နှိပ်ခိုင်းမည့်သူများကို နှိပ်ရန်ခေါ်သံညံ့အခါ ...

"တဲ့ အောင်ချင်းမတွေ ... ငါ့ကို အောင်ချင်းသီချင်းလေး လည်းဆိုရင်း လာနှိပ်ပေးကြစမ်းကွယ်"

လာသမျှလူ ခေါ်နှိပ်ခိုင်းနေတော့သည်။

နေ့ရောညပါ နှိပ်ပေးနေရသဖြင့် လာသမျှ လူများလည်း ကြာတော့ စိတ်ညစ်လာသည်။

မလာဘဲနေလျှင် လူလွှတ်ခေါ်ခိုင်းသည်။

"ဟဲ့ တင်စိန်၊ မိထွေးနဲ့ အေးမာတို့လက်က ထိသား၊ ဒီကောင်မတွေ ဒီနေ့ မလာဘူးလား။ လူကြုံနဲ့ အခေါ်လွှတ်လိုက်စမ်းအေ၊

သူတို့ သီချင်းဆိုပြီး နှိပ်တာ၊ တယ်နေလို့ ထိုင်လို့ ကောင်းတာပဲ"

"အခုတော့ ခဏနေပါဦးအမေ ... ဒီအချိန် ချက်ချိန် ပြုတ်ချိန်၊ ဘယ်သူမှ မအားကြဘူး။ စားပြီးသောက်ပြီးတဲ့အချိန် အခေါ်လွှတ်လိုက်ပါ့မယ်"

"အေး ... ဒါဆိုလည်း အေးလှတို့၊ ခင်ကြည်တို့ရော မလာကြဘူးလား"

"သူတို့လည်း ရေတ်သိမ်း ခူးသွားကြတယ်။ ညကြမှ လာ


www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်”

အေးလှတို့ ခင်ကြည်တို့က ဒေါ်မြစိန်၏သမီးအလတ် မွေးသော မြေးများဖြစ်သည်။

ညဘက်ရောက်လျှင် ဆွေမျိုးများ အစောင့်အနေနှင့် လာစောင့် အိပ်ပေးကြသည်။

ညလာအိပ်သူများကလည်း ဒေါ်မြစိန်၏ ဝေယျာဝစ္စများ လုပ်ကိုင်ပေးရပြီး ညဆယ့်တစ်နာရီခန့်မှသာ အိပ်ကြရသည်။

အားလုံး အိပ်လျှင် ဒေါ်မြစိန်လည်း အိပ်သည်။ သို့သော် တစ်နာရီခန့်သာ အိပ်ပြီး၊ လာစောင့်အိပ်သူများ အိပ်မအိပ်၊ စောင့် ကြည့်ပြီးနောက် မီးဖိုအတွင်းသွား၍ ဟင်းကျန်များ ထစားတတ် သည်။

ဟင်းမရှိက မုန့်ခြောက်များယူ၍ စားတတ်သည်။ ထိုကဲ့သို့ ယူစားသည်ကို မီးဖိုကိစ္စတာဝန်ယူရသော မတင်စိန်က ရိပ်မိနေ သည်။

တစ်ရက် ညနေပိုင်း ကြက်သားဝယ်၍ ရသဖြင့်၊ နောက်နေ့ အတွက် ဟင်းကို ကြို၍ ချက်ထားသည်။

ထိုဟင်းချက်သည်ကို မီးဖိုအတွင်းကနေပြီး ကြက်သားဟင်း ချက်နေကြောင်း ဒေါ်မြစိန်ကြားအောင် တူတွေ တူမတွေကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော် ပြောနေသည်။

ဟင်းကျက်တော့ ရေတတ်ဆုံနှင့် ဖိပြီး ထားလိုက်သည်။

ညရောက်တော့ စောင့်အိပ်ကြသူများအားလုံး ညှိပြီး မအိပ်ဘဲ စောင့်ကြည့်ကြရန် တိုင်ပင်ထားကြသည်။

သို့ဖြင့် ညဆယ့်တစ်နာရီခန့် အိပ်ကြတော့မည်ဆိုပြီး မှန်အိမ်မီးကို မှိန်လိုက်ကာ ခြင်ထောင်အတွင်း ဝင်ကြသည်။

ဆယ့်တစ်နာရီခွဲခန့်ရောက်တော့ ဒေါ်မြစိန်လည်း အိပ်ရာအတွင်းက လူကောင်းကဲ့သို့ ထပြီး မီးဖိုအတွင်း ဝင်၍ ကြက်သားဟင်းအိုးကို အသံမမြည်အောင် ဖွင့်ကာ ဟင်းဖတ်များကို နှိုက်စားနေလေတော့သည်။

ထိုအခါ မထွေးစိန်လည်း အနီးက အတူတူ အိပ်နေသော မတင်စိန်အား လက်ကုတ်လိုက်သည်။

အားလုံး မအိပ်ကြသေးသဖြင့် ဒေါ်မြစိန် ထမင်းထစားသည်ကို တွေ့ကြရသည်။

မတင်စိန်က ချောင်းဟန့်လိုက်သည်။

ထိုအခါ မီးဖိုအတွင်းမှ ဒေါ်မြစိန်လည်း ကြက်သားဟင်းအိုးကို အမြန်ပြန်ဖုံးပြီး အိပ်ရာသို့ လှစ်ခနဲ ရောက်လာကာ ပြန်အိပ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုကဲ့သို့ အဖြစ်အပျက်များ အစားအသောက် ကြူးသည်များကို တွေ့ကြရတော့ ဒေါ်မြစိန်၏ သားသမီးများ တူ၊ တူမများ ကွယ်ရာမှာ တိုင်ပင်ကြသည်။

အားလုံးက ဒေါ်မြစိန်တစ်ယောက် လူသားစစ်စစ်တစ်ယောက် မဟုတ်တော့ဘဲ "ဖုတ်"တစ်ကောင်ငင်ပြီး ပူးကပ်နေသည်တု တထစ်ကျ ယုံကြည်သွားတော့သည်။

ဒေါ်မြစိန်ကွယ်ရာမှာ နားလည်သိကျွမ်းသော အတွေ့အကြုံရှိသည့် လူကြီးများနှင့် တိုင်ပင်ကြသည်။

"ဖုတ်"သရဲကို နှိမ်နင်းနိုင်မည့် ဆရာသမားများကို စုံစမ်းရှာဖွေကြသည်။

အချို့က အကြံဉာဏ် ပေးကြသည်။

ဒေါ်မြစိန်၏ အိပ်ရာအောက်မှာ ညှဲဇာရွက်များ ခံထားရန် အကြံပြုကြသည်။

အချို့က ခုံပိန်ပ်ကို အိပ်ရာအောက်မှာ ထည့်ထားရန် ပြောကြသည်။

သူတို့ပေးသော အကြံအတိုင်း လုပ်ဆောင်သော်လည်း ဘာမှဖြစ်မလာဘဲ ရှိရင်းအတိုင်း အနေအထိုင်၊ အစားအသောက်ပျက် ရှိခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ မငွေကျင်တစ်ယောက် အစားအသောက်များ ထည့်ထားသော ဆွဲခြင်းတစ်လုံးဆွဲပြီး အိမ်သို့ရောက်လာသည်။

ဒေါ်မြစိန်ကို နောက်ကအဆောင်မှာထားပြီး မိသားစုများက အိမ်ရှေ့အဆောင်တွင် နေကြသည်။

မငွေကျင်က ဖခင်တရုတ်လူမျိုး၊ မိခင်ကဗမာလူမျိုးမှ မွေးခြင်း ကြောင့် တရုတ်ဗမာကပြား ဖြစ်သည်။ ဖခင်၏ ရိုးရာနှစ်ကူးချိန် ရောက်၍ နှစ်ကူးမှာ ကျွေးမွေးသော ဝက်သားခေါက်ဆွဲ၊ ဝက်သား ပေါင်း၊ ဝက်သားမုန့်၊ လမုန့်တို့ဖြင့် ဒေါ်မြစိန်အိမ်သို့ လာပို့သည်။

ဒေါ်မြစိန်နှင့် မငွေကျင်အမေက ညီမဝမ်းကွဲ တော်သည်။

ဆွေမကင်း မျိုးမကင်းမို့ စားစရာလုပ်လျှင် အသက်ကြီးသူ များအတွက် ပို့ဆောင်နေကျ။ ယနေ့လည်း တရုတ်နှစ်ကူး၍ စားသောက်ဖွယ်ရာများ လာပို့ခြင်းဖြစ်သည်။

အိမ်ဝမှာ လက်ဆွဲခြင်းချပြီး၊ မတင်စိန်၊ မမြကျင်တို့နှင့် စကားထိုင်ပြောနေစဉ် အခန်းတွင်းက

"တဲ့ ... ငွေကျင် မဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်လေး"

"လာမယ့်လာ ... ငါ့ဆီလာခဲ့ရောပေါ့ ... နင့်ယူလာခဲ့တဲ့ အသားပေါင်းလေး၊ ဝက်သားခေါက်ဆွဲလေး ငါနည်းနည်း စားချင်လို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အိမ်ထဲဝင်လာတာ မဟုတ်ဘူး"

ထိုစကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်လုံး ပြူးသွားကြသည်။

မငွေကျင်မှာ အစားအသောက်ပါကြောင်း ဘယ်ကဲ့သို့ သိသနည်း။

"လာမှာပေါ့ ဖေါ်လေးရဲ့ ... စားစေချင်လို့ ယူလာခဲ့တာ ဒီမှာ မတင်စိန်နဲ့ တွေ့လို့ စကားရပ်ပြောနေတာ၊ လာပြီ လာပြီ"

"သွားမှ ငါ့မှာ စားစရာပါတာ ဘယ်လိုများ သိတာလဲ မသိဘူး"

"အကုန်ချမကျွေးလိုက်နဲ့ နည်းနည်းချင်းကျွေး"

သို့ဖြင့် မငွေကျင်လည်း စားစရာ ထည့်သောခြင်းကို ဆွဲပြီး နောက်ဖက်အဆောင်သို့ ဝင်သွားတော့သည်။

× × × × ×

"ဖုတ်"ဝင်နေမှန်းသိ၍ လူကြီးများ ညွှန်ကြားသည့်အတိုင်း လုပ်ကြရာ ထူးခြားမလာသဖြင့် မိုးဘို့ကိုယ်တိုင် နားမလည်ဘဲ လုပ်နေမည့်အစား ဆရာတစ်ယောက်ကို ရှာပင့်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် ရွာလယ်ပိုင်းမှ ဦးအေးဖေ၏ လမ်းညွှန်မှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှားတောရွာမှ ဆရာထက်အောင်သျှိုင်းကို သွား၍ ပင့်နိုင်ခဲ့သည်။

ဆရာထက်အောင်သျှိုင်းလည်း ဒေါ်မြစိန်၏ အိမ်သို့ ရောက်လာသည်။

ဆရာကိုမြင်တော့ ဒေါ်မြစိန်က

"တဲ့ နင်တို့က ငါ့ကို "ဖုတ်"ဝင်တယ်ဆိုပြီး ဆရာစုတ်ကို ခေါ်လာခဲ့တာပေါ့ ဟုတ်လား၊

ဆရာက ဘာဆရာလဲ၊ နွားငွေးထုတဲ့ဆရာလား ... ဟား ... ဟား ... ဟား"

"ဟေ့ သောက်စကားမရှည်နဲ့၊ ငါဆရာရောက်လာမှတော့ ဖုတ်သက်ရှည်ဖို့ မစဉ်းစားနဲ့"

"လုပ်လိုက်လေ ... ဘာဖြစ်သွားမလဲလို့"

"အံမယ် ငါဆရာကိုများ အံတုနေသေးတယ်"

ဆရာထက်အောင်သျှိုင်းက ဘုရားကို ဆီမီးများ ပူဇော်သည်။ အမွှေးတိုင်များ ထွန်းသည်။

ဘုရားကို အသံနေ အသံထားနှင့် ရွတ်ဖတ်ရှိခိုးနေသည်။ ထို့နောက် လွယ်အိတ်ထဲမှ ဆေးဖယောင်းတိုင်လိုလို ဖယောင်းတိုင် တစ်တိုင်ယူလိုက်ပြီး ဒေါ်မြစိန် အိပ်ရာခေါင်းရင်းမှာ ထွန်းလိုက်သည်။

ငါးမိနစ်ခန့်ကြာတော့ ဒေါ်မြစိန်က အိပ်ရာထက်မှ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် နေ့ခင်းကြီး မီးမလို ဘာမလိုနဲ့၊ ငါ့ခေါင်းရင်းမှာ လာထွန်းရသေးတယ်"

"ဖူး"

လေသံပြင်းပြင်းနှင့် လှမ်းမှုတ်လိုက်ရာ ဖယောင်းတိုင် မီးငြိမ်းသွားသည်။

"ဪ ... ငါ့ကို စမ်းတာလား၊ ကြည့်သေးတာပေါ့"

ဆရာထက်အောင်သျှိုင်းက ရေတစ်ခွက်နှင့် သပြေခက်ကို တောင်းလိုက်သည်။

ရေခွက်ရောက်လာသောအခါ မန်းမှုတ်လိုက်ပြီးနောက် သပြေခက်ကို ရေထဲနှစ်ကာ ခေါင်းမှ ခြေဖျားအထိ ရေမန်းကို ဒီချလိုက်သည်။

"ဒေါ်မြစိန်ရဲ့ ခန္ဓာမှာ ဝင်ပူးကပ်နေတဲ့ နာနာဘာဝ "ဖုတ်" သရဲ အခုထွက်စမ်း၊

အခု အမြန်ထွက်စမ်း ... ထွက်စမ်း"

"ဘူ"

"ကဲ ... ထွက်သွားပြီ"

ဒေါ်မြစိန်က ဆရာဘက်သို့ ကျောပေးလှည့်ပြီး "ဘူ" ခနဲ အိုးပေါက်လိုက်ရာ အနီးအပါး ထိုင်ကြည့်နေကြသူများ၏ ရိုသံများ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတော့သည်။

ဆရာလည်း ရှက်သွားပုံရသည်။ မတ်တတ်ရပ်၍ လွယ်အိတ်ကောက်ဆွဲလိုက်ကာ

"ကဲ ... ကျုပ်သွားမယ်"

ဆရာစိတ်ဆိုးသွားသည်လား၊ ဘာကြောင့် မသိ၊ လွယ်အိတ်ဆွဲပြီး ထွက်သွားသည့်အတွက် သားအလတ်ထွန်းလှက နောက်မှလိုက်၍ ...

"ဆရာ အကျိုးအကြောင်း ပြောသွားပါဦး"

"ဒီ "ဖုတ်"ကို ကျုပ်မနိုင်ဘူး၊ ကျုပ်လုပ်သမျှ အနှောင့်အယှက်လိုက်ပေးနေမှာပဲ၊ သူက "ဖုတ်"ဘုရင် ကျုပ်ရဲ့ ဆရာကြီးကိုပင့်ပြီး နှင်မှ နိုင်လိမ့်မယ်၊ ကျုပ်ရဲ့ ဆရာကြီးက ရေတွင်းကုန်းမှာ နေတယ်"

"ရေတွင်းကုန်းရွာကို သိလား"

"ဟုတ်ကဲ့ ... ရေတွင်းကုန်းရွာကို သိပါတယ်"

"ဆရာကြီး ဦးညွန့်မောင်ဆိုရင် လူတိုင်းသိတယ်၊ အသက်ခုနစ်ဆယ်ကျော်လောက်ရှိပြီ၊ လှည်းယူသွား၊ အဲဒီဆရာကြီးနဲ့ဆိုရင် အမြဲစိန်မှာ ဝင်ပူးနေတဲ့ "ဖုတ်" ဘယ်တင်းခံနိုင်လိမ့်မလဲ"

"အမြန်သာ သွားပင့်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... မနက်ဖြန် ကျွန်တော် သွားပင့်ပါ့မယ်"

ဆရာထက်အောင်သျှိုင်းဟာ အိမ်ဝအထိ ပို့ပေးပြီး ကိုလှထွန်းလှ ပြန်ဝင်လာခဲ့သည်။

× × × × ×

ရေတွင်းကုန်းရွာမှ ဆရာကြီးကို ပင့်လာသဖြင့် ဒေါ်မြစိန်၏ အိမ်သို့ ရောက်လာသည်။

ဆရာကြီးအိမ်ပေါ်တက်လာသည်နှင့် ဒေါ်မြစိန်၏မျက်နှာ ညှိုး သွားသည်ကို မြင်ကြရသည်။

ဆရာကြီး အသက်က (၇၀)နီးပါးရှိပြီဖြစ်သော်လည်း သန်မာ ဖြတ်လတ်တုန်းပင်။

"ကဲ ... ဘုရားစင်မှာ ပွဲနှစ်ပွဲ အောက်မှာ တစ်ပွဲ ဖယောင်း တိုင် နှစ်ထုတ်၊ ဖါဆိုတိုင်တစ်တိုင်၊ အမြန်လေးလုပ်၊ ဝယ်စရာရှိတာ သွားဝယ်လိုက်"

"အိမ်မှာ ဖယောင်းတိုင်တွေ ရှိပါတယ်၊ ဆရာကြီး"

ဆရာကြီးက ကိုလှထွန်းအား အနီးသို့ ခေါ်လိုက်ပြီး လေသံ မှုဖြင့် ပြောလိုက်သည်။

"ဘုန်းတော်ကြီးကျောင်းသွားပြီး ရွှေထီးနှစ်လက် အမြန် သွားငှားခဲ့"



www.burmeseclassic.com

www.burmeseclassic.com


"တုတ်ကဲ့၊ အခု သွားလိုက်ပါ့မယ်"

ထိုကဲ့သို့ ဆရာက တိုးတိုးတိတ်တိတ် စီစဉ်နေသည်ကို ဒေါ်မြစိန်က ...

"နင်တို့က ငါ့ကို "ဗုတ်"ဝင်နေတယ်ထင်ပြီး နှင်မလို့ လုပ်နေတာလား"

"မဟုတ်ပါဘူး၊ ဒေါ်လေး နေကောင်းအောင် ဆရာကြီးက ဆေးကုပေးမလို့ပါ"

ဒေါ်မြစိန်က ကျောပေးပြီး စောင်းအိပ်လိုက်သည်။

ခဏကြာတော့ ဆရာလိုချင်သော ပွဲများ၊ ဖယောင်းတိုင်များ၊ ရွှေထီးများ ရောက်လာသည်။

ဆရာကြီးက ဘုရားစင်ပေါ်တွင် ဘုရားပွဲ၊ တရားပွဲများကို ဆက်ကပ်လှူဒါန်းပြီး ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များအတွက် အောက်မှာ စားပွဲလေးတစ်လုံးနှင့် ပွဲကို တင်လိုက်သည်။

ဘုရားစင်၌ ဖယောင်းတိုင်မီးကို နှစ်ဆယ့်လေးတိုင် ထွန်းလိုက်သည်။

ရွှေထီးနှစ်လက်ကို ဒေါ်မြစိန်၏ ခေါင်းရင်း ဘယ်ညာ ဖွင့်ထောင်ထားလိုက်သည်။

အလင်းရောင်ရှိသဖြင့် ရွှေထီးအရိပ်အောက်က လူမှိုင်းအောင်

www.burmeseclassic.com

www.burmeseclassic.com


"ဖုတ်"ကောင်က ကိုယ်ကို ရှေ့ပြီး အိပ်လိုက်သည်ကို တွေ့ရသည်။

"ဖိတ်ဖြူတစ်စ ယူပေးပါ၊ ပြီးတော့ ဆန်တစ်ပြည်ပါ ယူခဲ့ပေးပါဦး"

ဒေါ်မြစိန်၏ အိပ်ရာဘေးကပ်လျက် ဖိတ်ဖြူကို ခင်းလိုက်သည်။

ဖိတ်ဖြူပေါ် ဆန်တစ်ပြည်ကို သွန်ချလိုက်ပြီး လူပုံသဏ္ဌာန်ဖော်လိုက်သည်။

ထို့နောက် ဇါဆိုဖယောင်းတိုင်ကြီးကို ဘုရားစင်ရှေ့မှာ ထိုင်ပြီး ဆရာကြီးက စူးချွန်တစ်ခုနှင့် ဂါထာမန္တာန်များ ရေးသွင်းနေသည်ကို တွေ့ရသည်။

ဆရာကြီး ဆေးကုသသည်ကို လာကြည့်သူ ရွာသားများနှင့် မိသားစုများလည်း ဆရာကြီးလုပ်သမျှကို စိတ်ဝင်တစား ကြည့်နေကြသည်။

ရေးခြစ်ပြီးသော ဇါဆိုဖယောင်းတိုင်ကြီးကို သုံးရစ်အညီအမျှ ရစ်လိုက်သည်။

ထို့နောက် ဒေါ်မြစိန်၏ ခေါင်းရင်းမှာ သံပန်းကန်ပြားခံ၍ မီးထွန်းလိုက်သည်။

"ဒီမီးကို သူ့ဟာသူ အပြီးတိုင် ငြိမ်းတဲ့အထိ စောင့်ရမယ်"


www.burmeseclassic.com

www.burmeseclassic.com


မီးထွန်းပြီးသည်နှင့် ဝိတ်ဖြူပေါ်က လူရုပ်သဏ္ဍာန်ဖော်ထားသော ဆန်ကို သုံးပိုင်းလက်နှင့် ဖြတ်လိုက်သည်။

"အိမ်သားတစ်ယောက်က ထည့်စရာ သုံးခုယူလာ၊ ဟောဒီခေါင်းရင်းပိုင်းဆန်ကို ချက်ပြီး ဘုရားကိုလှူ။

ဟောဒီအလယ်ပိုင်းဆန်ကို ချက်ပြီး သံဃာကို ဆွမ်းလှူလိုက်၊

ကျန်တဲ့ အောက်ဆုံးပိုင်းဆန်ကို ဖုန်းတောင်းယာစကာကို လှူလိုက်၊

သုံးစုခွဲပြီး၊ မှတ်မှတ်ရရထား၊ မနက်ဖြန်လှူလိုက်"

မမြကျင်က ထည့်စရာများ ယူလာပြီး ဆန်များကို ခွဲခြား၍ ထည့်သွားသည်။

ထိုကဲ့သို့ လုပ်ကိုင်နေရင်း ဖယောင်းတိုင် ပထမ အရင်ကုန်သွားသည်။

"တဲ့ ... တင်စိန်၊ ငါ့ကျောက ပူလိုက်တာ၊ ခုစရာလေး ယူလာပြီး ခုပေးကြပါဦး"

မတင်ရီက ချော့လှမ်းထားသော ပုဆိုးအဟောင်း တစ်ထည်ယူ၍ ကျောကုန်းအောက်သို့ ခုပေးလိုက်သည်။

ပုဆိုးခုပေးလိုက်သော်လည်း ကျောချပြီး ပက်လက်မအိပ်တော့၊ တစ်ဖက်သို့ စောင်းပြီး အိပ်နေသည်။ မျက်နှာမကောင်း


www.burmeseclassic.com

သည်ကိုလည်း တွေ့ရသည်။

ဖယောင်းတိုင်နှစ်ရစ် ကုန်သွားပြီ၊ အသက်အနည်းငယ် ရှူနေသည်ကိုသာ တွေ့ရသည်။ လုံးဝ မလှုပ်ရှားတော့။

စောင့်ကြည့်နေသော လူအပေါင်းလည်း ဖယောင်းတိုင်မီးလောင်သည်မှာ အလွန်ပဲ နှေးလှသည်ဟု စိတ်စောပြီး အတွေးရောက်နေကြသည်။

တကယ်ပင် ပတ်ဝန်းကျင်အနီးနားမှာ တိတ်ဆိတ် ငြိမ်သက်နေသည်။

အခန်းတွင်းမှာ အသက်ရှူသံ တစ်ချက်တစ်ချက် ချောင်းဟန့်သံသာ ပေါ်ထွက်လာသည်။

အချိန်ကြာကြာ စောင့်လိုက်ပြီး မကြာခင်မှာပင် ထိုဖယောင်းတိုင်မီး အပြီးတိုင်ငြိမ်းသွားတော့သည်။

"ကဲ "ပုတ်"ကောင် ရုပ်ခန္ဓာက ခွာသွားပြီ"

မျက်စိအောက်မှာပင် အသားအရည် စိုစိုပြေပြေရှိသော ဒေါ်မြစိန်၏ခန္ဓာကိုယ်မှာ ရှုံ့တွလာသည်ကို တွေ့နေရသည်။

လူသေကို နေရောင်အောက်မှာ တစ်လ၊ နှစ်လ အခြောက်လှမ်းထားသကဲ့သို့ အရိုးပေါ်အရည်ကပ်သွားသည်။

www.burmeseclassic.com

လူတစောင်းအိပ်လျက် အနေအထားမှ အခင်းများအပေါ် ခန္ဓာကိုယ်အတွင်းမှ အရည်များ စီးကျလာသည်။

"ကဲ ... ကဲ၊ သင်္ဂြိုဟ်ဖို့ လုပ်ကြတော့"

ခင်းထားသော ပိတ်များနှင့် ခန္ဓာကိုယ်ကို လုံခြုံစွာ ပတ်လိုက်ပြီး သင်္ဂြိုဟ်ရန် အမြန် စီရင်ရတော့သည်။

ထိုအချိန် အိမ်ပေါ်မှာ မိန်းကလေးများ မရှိတော့။ ယောက်ျားကြီးများသာ ကျန်ခဲ့သည်။

အသုဘကို သယ်သွားပြီးနောက် ကျန်ရစ်သူများအား ဆရာကြီးက ရှင်းပြသည်။

"ဒီ "ဖုတ်" အမျိုးအစားဟာ အစာ စားတဲ့အပြင် သူ့ရဲ့ "ဖုတ်"သက်ရှည်ဖို့အတွက် လာသမျှ လူတွေကို နှိပ်ခိုင်းတတ်တယ်၊

နှိပ်သူရဲ့ ခန္ဓာကိုယ်က သွေးဓါတ်ကို ယူပြီး အားဖြည့်တာ၊ အချိန်အကြာကြီး နှိပ်ပေးတဲ့လူဟာ သွေးအားနည်းလာပြီး ဖျော့တော့ဖျော့ရော် ဖြစ်လာလိမ့်မယ်၊ နောက်တစ်နှစ်လောက်အထိသာ "ဖုတ်" ကို မနှင်ပစ်ဘူးဆိုရင်၊

သူ့ကို နှိပ်ပေးရတဲ့ လူတွေ သွေးအားနည်းကုန်ပြီး အသက်ပါ ဆုံးရှုံးနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com


အသိမြန်တာ အားလုံးအတွက် ကံကောင်းသွားတာပဲ"

သို့ဖြင့် တစ်နှစ်နီးပါးခန့် လူမှာ ခိုကပ်စားသောက်နေသော သွေးစုပ် "ဖုတ်"ဘုရင်လည်း နိဂုံးအဆုံးသတ်သွားရတော့သည်။



မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# သာရယ်လမ်းကို ပြန်ရပြီ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်ရပ်ကွက်မှာ နေထိုင်သော အစ်မဖြစ်သူထံ အေးအေးတင်ယောက် ရောက်နေသည်။ ဆင်လမ်းကြီးရှာကနေ၍ အဝေးသင်တက္ကသိုလ် ဒုတိယနှစ် စာမေးပွဲဖြေရန် ရောက်နေခြင်းလည်း ဖြစ်သည်။

နောက်ဆုံးနေ့ စာမေးပွဲဖြေပြီးပြီ။

အစ်မဖြစ်သူက နတ်၊ ဗေဒင်၊ ဝိဇ္ဇာ၊ ဘိုးတော်များကို ယုံကြည်ကိုးကွယ်သဖြင့် အိမ်သို့ ဝိဇ္ဇာကိစ္စ၊ နတ်ကိစ္စနှင့် ပတ်သက်သူများ အဝင်အထွက်ရှိသည်။

အေးအေးတစ်ယောက်လည်း စာမေးပွဲပြီးပြီဖြစ်၍ မိမိတို့ရွာသို့ နောက်နေ့ပြန်ရန် စီစဉ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောက ညနေပိုင်းထွက်မည်။ ထိုအချိန်က မြစ်ဝကျွန်းပေါ်ရှိ မြို့များသို့ ကားလမ်းများ မပေါက်သေးသဖြင့် မအူပင်၊ ကျုံ့ပျော်၊ လပွတ္တာ၊ ပန်းတနော်မြို့များသို့ သွားလိုလျှင် သင်္ဘောများဖြင့်သာ သွားရသည်။ ကုန်ပစ္စည်း မတန်တဆတင်၊ လူများ ပွတ်သိပ်အောင် တင်သော သင်္ဘောအဟောင်းကြီးများနှင့် အန္တရာယ်တောထဲ မရှောင်မလွှဲသာ သွားနေကြရသည်။

ရန်ကုန်ကအထွက် ကုက္ကိုဝ ရေဝဲမှာ၊ သင်္ဘောများ မကြာခဏမြုပ်တတ်၍ ထိုနေရာသို့ ရောက်ပြီဆိုလျှင် ခရီးသည်တိုင်း ဘုရားတ၊ ဘုရားစာ ရွတ်မိကြသည်။

ထိုနေရာကျော်မှ ဟင်းချနိုင်ပြီး စိတ်ချလက်ချ နေနိုင်ကြတော့သည်။

ယခု အေးအေးလည်း နောက်နေ့ပြန်တော့မည်ဖြစ်၍ စိစဉ်စရာရှိတာ စီစဉ်နေသည်။

ထိုအချိန် အစ်မကြီး မတင်ရီကိုးကွယ်နေသော ဘိုးတော်တစ်ယောက် အိမ်သို့ ရောက်လာသည်။

ဘိုးတော်က ခေါင်းရင်းခန်းမှာထိုင်ပြီး၊ အစ်မကြီးတို့ လင်မယားနှင့် စကားလက်ဆုံကျနေကြသည်။

အေးအေးက အဝတ်အထည်များကို ခြေရင်းဘက်မှာထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးပူတိုက်နေသည်။ ဘိုးတော်က အေးအေးကိုမြင်သည်နှင့် မတင်ရီအား မေးလိုက်သည်။

"မီးပူတိုက်နေတဲ့ မိန်းကလေးက မတင်ရီရဲ့ ညီမ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဆရာ သူ့ကို ကြည့်ရတာ သူက ကိုယ်လုံးအမှောင်ထိတ်တွေ လွှမ်းခြုံနေတာကို တွေ့ရတယ်။ မကောင်းတဲ့ အတိတ်နိမိတ်ကို ဆောင်တယ်၊

ဒါကြောင့် အခုရက်ပိုင်း ကား၊ ရထား၊ သင်္ဘောနဲ့ ရပ်ဝေးရပ်နီး မသွားသင့်ဘူး"

"ဆရာပြောတာ နောက်ကျနေပြီ"

"ဘာဖြစ်လို့လဲ"

"သူ မနက်ဖြန် ရှာပြန်တော့မှာ ကျွန်မတို့ရွာက မြစ်ဝကျွန်းပေါ်ဘက်မှာဆိုတော့ သင်္ဘောနဲ့ တစ်ညအိပ်ခရီးသွားရမှာ"

"ဒီတစ်ပါတ်အတွင်း မသွားဖြစ်အောင် တားနိုင်ရင် သူ့အတွက် ကောင်းလိမ့်မယ်"

"တားလို့ရမယ် မထင်ဘူးဆရာ၊ ရွာမှာက မြေပဲတွေ နုတ်နေပြီ၊ အမေက စာမေးပွဲ ပြီးပြီးချင်း ပြန်လာဖို့ မှာလိုက်တယ်တဲ့"

"မတင်ရီရဲ့ညီမကို ခေါ်လိုက်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com


"အေးအေးရေ ... အေးအေး၊ မီးပူခဏပိတ်ပြီး ခဏ လောက် သည်ကို ဆရာခေါ်နေတယ်"

မီးပူတိုက်နေရာမှ မီးပူကို ပိတ်လိုက်ပြီး မျက်နှာထားတင်းတင်း နှင့် အားလုံးရှေ့မှာ လာထိုင်သည်။

"ဆရာက ပြောနေတယ်၊ ဒီတစ်ပါတ်အတွင်း ခရီးမသွားသင့် သေးဘူးလို့ ပြောနေတယ်၊ ရှေ့အပါတ်မှ ရှာကို ပြန်ပါလား"

"ဟုတ်တယ် ... ကလေးမ၊ ဆရာအမြင် ဆရာ့အာရုံမှာ အခုသွားမယ့် ခရီးလမ်းတစ်လျှောက် အမှောင်ဖုံးနေတာပဲ မြင်တယ်၊ ခရီးလမ်း မပြောင့်ဖြူးဘူးဆိုတဲ့ သဘောပေါ့"

"ဒီကိစ္စတွေ ... ကျွန်မ မယုံဘူး"

"သွားစရာရှိတဲ့လမ်း ... သွားရမှာပဲ၊ လာစရာရှိလည်း လာမှာပဲ ... စိတ်ထဲထင်ရုံနဲ့၊ ခရီးလမ်း မဖျက်နိုင်ပါဘူး၊ ဖြစ်လည်း မဖြစ်နိုင်ပါဘူး"

"ဟဲ့ ... အေးအေး၊ ဆရာက မကောင်းလို့ မကောင်းတဲ့ အကြောင်းပြောတာ၊ ဆရာ့စကားကို မလေးမစား ဆန့်ကျင်ပြီး ပြောနေရသေးတယ်"

"ဆရာ့ကိုတော့ ရိုသေပါတယ် ... မယုံလို့ ပြောတာ၊ အတင်းယုံရမှာလား ... အခုလို သိပ္ပံခေတ်ကြီးမှာ အစ်မ့ပဲ


www.burmeseclassic.com

www.burmeseclassic.com



ခေတ်နောက်ပြန်ဆွဲနေ၊ ကျွန်မကတော့ သွားစရာရှိတာ သွားရမှာပဲ"

အေးအေးက စကားဆုံးသည်နှင့် မည်သူ့ကိုမှ ခွင့်မတောင်းဘဲ အနီးက ထသွားတော့သည်။

"ဒီကောင်မ ... စေတနာနဲ့ ပြောတာ၊ လူကြီးတွေကို စော်စော်ကားကား ပြောသွားရသေးတယ် ... ဇီလိုက် လုပ်လိုက်ရ"

"ကဲပါ မိန်းမရယ်၊ တားလို့မရရင် အန္တရာယ် ကာကွယ်နိုင်ပေမယ့် ယတြာချေလို့များ ရလား၊ ဆရာကို မေးပါရစေဦး"

"စိတ်လျှော့ပါ ... မတင်ရီ၊ ဒီခေတ်လူငယ်တွေက ခေတ်ပညာ သင်နေတယ်ဆိုပြီး၊ စိတ်ကြီးဝင်နေကြတာ။ လောကကြီးမှာ ဝိဇ္ဇာရော၊ သိပ္ပံပါ အွန်တွဲနေတာ မဟုတ်လား။ သိပ္ပံတစ်မျိုးတည်းနဲ့ မဖြစ်သလို ဝိဇ္ဇာကြီးပဲလည်း မဖြစ်ဘူး"

"ဆရာ ... ညီမလေးကို တားမရလို့ တကယ်သွားရင် အန္တရာယ် ကြီးကြီးမားမား မကြုံတွေ့ရအောင် ယတြာစီရင်ပေးလို့ မရနိုင်ဘူးလား"

"ယတြာကောင်းရင် ... မင်းလောင်းတောင် ပျောက်တယ် ဆိုရိုးစကားရှိပေမယ့် ... ယတြာဘယ်လိုချေချေ ကံကြမ္မာက သတ်မှတ်ပြီးသားဆိုရင် သတ်မှတ်ထားတဲ့အတိုင်း ဖြစ်သွားမှာပဲ"

"အခု ညီမလေးက ဘာဖြစ်မှာလဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိစ္ဆာက ဘာဖြစ်မယ် ညာဖြစ်မယ် ... ဆရာ့စည်းရှိတယ်၊ ပြောလို့ မသင့်ဘူး ... မဖြစ်အောင် အန္တရာယ် မကြုံအောင် ကြိုတားရမယ့်တာဝန်အရ တားရမှာပဲ"

"အေးအေးကလည်း ခေါင်းက မာပါဘိ"

"ဒါဆိုလည်း သူခရီးသွားတဲ့အချိန်ကစပြီး ဖယောင်းတိုင်ကိုးတိုင် ဘုရားမှာ မီးပူဇော်ပေးထားလိုက်၊

မြတ်စွာဘုရားကို အလင်းတိုင်ပေးပြီး လိုချင်တဲ့ဆုကို တောင်းကြဖေ့။ ပြီးတော့ မတင်ရီရဲ့ ညီမ အိမ်က စမထွက်ခင် ဘုရားမှာ ဆီမီးသုံးတိုင် ထွန်းခိုင်းပြီး ဘုရားကို စိတ်ပါလက်ပါ ရှိခိုးခိုင်း၊ ပြီးတော့မှ သွားခိုင်းလိုက်ပါ"

"ဟုတ်ကဲ့ ကျွန်မတာဝန်ယူပြီး သေသေချာချာ ခိုင်းပါ့မယ်"

"ကဲ ... ကဲ၊ ဆရာပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဆရာ"

ဆရာကြီးလည်း ဘုရားကို ဦးချပြီး ထပြန်သွားသည်။

× × × × ×

သို့ဖြင့် အေးအေးတစ်ယောက် ဆင်လမ်းကြီးရွာသို့ ပြန်ရန် အသင့်ဖြစ်နေတော့သည်။

အဝတ်အစားများလည်း ထည့်ပြီးပြီ၊ ရေချိုး အလှ အစားလည်း



www.burmeseclassic.com

www.burmeseclassic.com



လဲပြီးပြီ၊ အစ်မနိုင်းသမျှလည်း လုပ်ပေးပြီးပြီ၊ သင်္ဘောဆိပ်ဆင်းရန် (၄၁)ဘတ်(စ်)ကားဂိတ်သို့ သွားရန်သာ ရှိတော့သည်။

ခရီးမသွားခင် ဖယောင်းတိုင်ထွန်းပြီး ဘုရားကို စိတ်ပါလက်ပါ ရှိခိုး ဆုတောင်းသွားရန် အစ်မ၏ ပြောလွန်းမက ပြောဆိုနေ၍ ပေါက်ဆိန်ပေါက် ဦးသုံးကြိမ်ချ ရှိခိုးခဲ့သည်။

အစိုးရိမ်လွန်ရန်ကောဟုပင် ပါးစပ်က ပြောမိအောင် ပြောလိုက်သေးသည်။

စိမ့်ကိန်းရပ်ကွက်မှ လမ်းလျှောက်ပြီး (၄၁)ဘတ်(စ်)ကားဂိတ်သို့ ညီမနှစ်ယောက် အထုတ်အပိုးများနှင့် ထွက်ခဲ့သည်။

ထိုအချိန်က (၄၁)ကားဂိတ်က တောင်ဥက္ကလာရှိ သခွပ်ပင် အနီးတွင် ကားဂိတ်ဖြစ်သည်။ မြင်သာ က/ည/န လိုင်စင်ရုံး တည်ကာစဖြစ်သည်။ (၄၁)ကားက သခင်မြပန်းခြံ၊ ထော်လီကွေ့ အထိ ရောက်သဖြင့် သင်္ဘောဆိပ်ဆင်းရာ အလွန်အဆင်ပြေသည်။

အေးအေးတစ်ယောက်တည်း ရန်ကုန်သို့ ကျောင်းကိစ္စနှင့်ရော၊ မိသားစုကိစ္စနှင့်ပါ မကြာမကြာ သွားလာနေသဖြင့် ခရီးစဉ်က မစိမ်း၊ သွားရဲလာရဲ ရှိနေသည်။

သင်္ဘောပေါ်ရောက်လျှင်လည်း တစ်မြို့တည်း အသိများ၊ ရွာမှ လူများနှင့်လည်း မကြာခဏ တိုးတတ်သည်။ သို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူ မတင်ရီကလည်း ညီမအပျိုလေးတစ်ယောက်တည်း ခရီးသွားသည်ကို စိတ်ချသည်။

ယခုအခေါက်ကတော့ ဆရာ့စကားကြောင့် မတင်ရီစိတ်ထဲ လေးလံနေသည်။ ညီမတစ်ယောက်တည်း လွှတ်လိုက်ရသည်ကို စိတ်မချဖြစ်နေသည်။

"ညီမလေး ဘာအန္တရာယ်မှ မဖြစ်ပါစေနဲ့"ဟု စိတ်ထဲက မကြာခဏ ဆုတောင်းနေမိသည်။

"ညီမ သဘော်ပေါ်ရောက်ရင် ရွာကအသိတစ်ယောက်ယောက် ကို တွေ့အောင်ရှာပြီးမှ နေရာချ ဟုတ်လား"

အဖေါ်မိတ်ဆွေနဲ့အတူ သွားရန်လည်း အတန်တန် အသိ ပေးမိသည်။

ကားဂိတ်ရောက်တော့ ထိုင်ခုံနေရာ အသင့်ရသည်။ ကားဂိတ် ကထွက်မှ မတင်ရီ အိမ်ပြန်လဲ့သည်။

× × × × ×

အေးအေးတစ်ယောက် ကားပေါ်က ဆင်းပြီးသည်နှင့် သဘော်လက်မှတ် ရောင်းသည့်ဂိတ်သို့ သွားပြီး လက်မှတ်ဝယ် သည်။ ဆယ့်ငါးမိနစ်လောက်ပင် မကြာလိုက် လက်မှတ်ရသည်။

လက်မှတ်ကို သဘော်မထွက်မချင်း ဝယ်၍ရသည့် သဘော်တာ

www.burmeseclassic.com

www.burmeseclassic.com



လူနှင့်ကုန် အတိုင်းအဆမရှိ တင်သည်။ လူဦးရေသတ်မှတ်ချက် မရှိ၊ ကုန်တန်ချိန် သတ်မှတ်ချက်မရှိ။ အောက်ထပ်တစ်ထပ်လုံး ကုန်များနှင့် ပြည့်သလောက်ဖြစ်သည်။

အချိန် အတိအကျလည်း ထွက်သည့်သင်္ဘော မရှိသလောက် ပင်၊ အမြဲတမ်း နောက်ကျသည်။

အေးအေး သင်္ဘောဆိပ်ရောက်တော့၊ သင်္ဘောထွက်ရန် သတ်မှတ်ချိန် တစ်နာရီနီးပါး လိုသေးသဖြင့် သင်္ဘောပေါ် မတက် သေးဘဲ မုန့်ပဲသားရေစာရောင်းသော ဆိုင်များရှိရာသွားပြီး ခေါက်ဆွဲ သုပ်တစ်ပွဲ မှာစားလိုက်သည်။

ခေါက်ဆွဲသုပ်စားပြီးနောက် သင်္ဘောပေါ်မှာ ညဘက်အိပ်ချင် ပြေစားရန် ချိုချဉ်ထုတ် တစ်ချို့တစ်ဝက်ဝယ်ပြီး သင်္ဘောပေါ် တက်ခဲ့သည်။

သင်္ဘောက ငါးနာရီ ထွက်မည်ဟု သတ်မှတ်ထားသော်လည်း ငါးနာရီခွဲမှ ထွက်ခဲ့သည်။

သင်္ဘောပေါ်တွင် မိမိတို့ရွာမှ အသိမိတ်ဆွေ လင်မယားနှင့် ကြုံလိုက်သည်။

သင်္ဘောပေါ်မှာ အိပ်စရာနေရာပင် မရှိအောင် လူတို့ပြွတ်သိပ် ပြည့်ကျပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီမထိုးခင် အေးအေးအနေအထိုင်ရ ခက်လာသည်။ ဗိုက်က ရစ်ရစ်ပြီး နာလာသည်။

ထို့နောက်တော့ အိမ်သာသို့ ငါးမိနစ်တစ်ကြိမ်မျှ သွားသည် အထိပင် စိပ်လာသည်။ အပေါ်ထပ်အောက်ထပ်က လူအတော်များများပင် သိကုန်တော့သည်။

သို့အတွက်ကြောင့် ရွာက အသိမိတ်ဆွေလင်မယားနှင့် သင်္ဘောအမှုထမ်းများကပါ အားအင်ကုန်ခမ်းချိနဲ့နေပြီဖြစ်သည့် အေးအေးအား နီးစပ်ရာ ဆေးရုံမှာ တင်ရန် တိုင်ပင်ကြတော့သည်။

သို့ဖြင့် ဆိပ်ကမ်းတစ်ခုမှာ ကပ်သည်နှင့် မနီးမဝေးမှာ ရှိသည့် ပန်းတနော်ဆေးရုံမှာ တင်ရန် ဆိပ်ကမ်းတာဝန်ရှိသူများနှင့် တိုင်ပင်ကြသည်။

ပန်းတနော်ဆေးရုံသို့ ပို့ရန် သင်္ဘောပေါ်မှ မော်တော်တစ်စင်းပေါ်သို့ ပြောင်းတင်ကြသည်။

ထို့နောက် သင်္ဘောဆက်ထွက်သွားသည်။ တစ်ရွာတည်းသား လင်မယားမှ လင်ယောက်ျားဖြစ်သူက အေးအေး၏မိဘများကို အသိပေးရန် သင်္ဘောနှင့်လိုက်သွားပြီး ဇနီးဖြစ်သူက အေးအေးနှင့် အတူ ပန်းတနော်ဆေးရုံသို့ လိုက်သွားခဲ့သည်။

နောက်နေ့ညနေပိုင်းရောက်တော့ အေးအေး၏မိသားစုထဲမှ

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အစ်မထွေးထွေးနှင့် အစ်ကိုကျော်သာတို့ ပိုက်ဆံယူပြီး လိုက်လာကြသည်။

မိခင်ဖြစ်သူက မြေပဲများနုတ်သည့်အချိန် ရောက်နေ၍ မလိုက်လာခဲ့။ သူတို့ရောက်တော့ အေးအေး သတိလစ်နေရာက သတိပြန်ရလာချိန်ဖြစ်သည်။

ဝမ်းသွားရပ်သွားသော်လည်း ဂလူ့ကို့(စ်) နှစ်ပုလင်းသွင်းပြီးသည်အထိ မလှုပ်ရှားနိုင်သေး။

အားနည်းပြီး မကြာ မကြာ သတိပြန် ပြန်လစ်သွားသည်ဟု အစောင့်အဖြစ် နေခဲ့သော အဒေါ်ကြီးက ထွေးထွေးအား ရှင်းပြသည်။

အေးအေးတွင် အစ်မနှစ်ယောက်၊ အစ်ကိုနှစ်ယောက်ရှိသည်။ အကြီးဆုံးအစ်မက မတင်ရီ၊ မတင်ရီအောက်က ကိုကျော်သာ၊ အိမ်ထောင်မရှိသေး။ တတိယသားက ကိုတင်ထူး၊ အိမ်ထောင်နှင့် ကလေးသုံးယောက်ရှိသည်။ စတုတ္ထက ထွေးထွေး၊ အိမ်ထောင်မရှိသေး။ အေးအေးထက် တစ်နှစ်ခွဲသာသာ ကြီးသည်။

ဖခင်ဖြစ်သူက လယ်သိမ်းအပြီး ကိုင်းလုပ်ငန်း ဝင်မလုပ်ဘဲ အုတ်ဖုတ်သည့်လုပ်ငန်းလုပ်သည်။

အုတ်ဖိုမှာ လူပြတ်၍ မရသဖြင့် သမီးငယ်၊ ဆေးရုံရောက်



www.burmeseclassic.com

www.burmeseclassic.com


နေသည်ကို စိတ်က သွားချင်ပေမယ့်၊ လူကမလိုက်နိုင်။

မိခင်ဖြစ်သူကလည်း အေးအေးဆေးရုံရောက်သည့် ရက်နှင့် တိုက်ဆိုင်စွာ မြေပဲနုတ်သိမ်းချိန် ဖြစ်နေသည်။ တန်ရှူးလဆုတ်ရက်လည်းဖြစ်၊ မိုးက မကြာခဏရွာနေသဖြင့် မြေကျပ်သွားလျှင် မြေပဲဥများပြတ်၍ ကျန်တတ်သည်။

ထိုအခါ မြေပဲအပင်မှ ဥသမျှ အကုန်မရတာတ်၊ မိခင်ဖြစ်သူက အေးအေးဝမ်းသွားသည့်ကိစ္စသည် အသက်အန္တရာယ် မရှိနိုင်၊ ဆေးရုံမှာ ဆေးထိုး၊ ဆေးသောက်လိုက်လျှင် ရက်ပိုင်းအတွင်း ပျောက်မည်ဟု ထင်ထားသည်။

သို့ကြောင့် ဆေးရုံသို့ မလိုက်လာခဲ့ခြင်းဖြစ်သည်။

မနက်မိုးလင်းသောအခါ အေးအေး သတိကောင်းစွာ ရလာခဲ့သည်။

ထိုအခါ မိမိထံလာသူများတွင် မိခင်အား မတွေ့သဖြင့် ကိုကျော်သာအား ...

"အမေ လိုက်မလာဘူးလား"

"အမေက မြေပဲတွေ မိုးမရွာခင် နုတ်နေတာဆိုတော့ မလိုက်လာခဲ့ဘူး"

"အစ်ကို မြေပဲနဲ့ သမီး ဘယ်သူက ပိုပြီးအရေးကြီးလဲလို့


www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို မေးလိုက်ပါ"

"အို ... အဲဒီလို မပြောပါနဲ့၊ အမေလည်း လာချင်တာပေါ့"

"အေးအေး ရွာပြန်ရောက်ချင်မှ ပြန်ရောက်တော့မှာ"

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

"တုတ်တယ် ... ရန်ကုန်က မလာခင်ကတည်းက အစ်မကြီး အိမ်လာတဲ့ ဆရာက ... ခရီးမသွားဖို့ ပြောတာ ... ဆရာ့ စကားကို ဆန့်ကျင်ပြီး ထွက်လာခဲ့တာ။ အခု ... မှားမှန်း ... သိပေမယ့် ... နောက် ... ကျ ... သွားပြီ ... အစ်ကို"

"အေးအေး ... ဘာမှ လျှောက်မတွေးနေနဲ့၊ တစ်ရက် နှစ်ရက်အတွင်း နေပြန်ကောင်းသွားမှာလို့ ဆရာမ ပြောတယ်"

အေးအေးက ထွေးထွေး၏စကားကို ဘာမှ ပြန်မပြောတော့ဘဲ တစ်ဖက်သို့ ခေါင်းငဲ့ကာ မျက်ရည်ကျနေသည်။

နေ့ခင်းရောက်တော့ အင်မထွေးထွေးက လူနာစောင့်နေခဲ့ပြီး အစ်ကိုလေး ကျော်သာက ပြန်ရန် နှုတ်ဆက်သည်။

"အေးအေး ... အစ်ကို ပြန်လိုက်ဦးမယ်၊ မနက်ဖြန် တင်ထူးတို့လင်မယားနဲ့ အေးအေးသူငယ်ချင်း စုမေတို့ လာလိမ့် မယ်"

"အစ်ကို့ကို ဘာမှာဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com


အေးအေးက လှုပ်ရှုံသာ ခေါင်းညိမ့်ပြသည်။

"အစ်ကိုပြန်မယ်"

အစ်ကိုကျော်သာက အေးအေးအား နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ သူပြန်သွားမှ ရွာမှာရှိသော တင်ထူးတို့ လာနိုင်ပေမည်။ တင်ထူးတို့အလုပ်ကို သူက ဝင်ကူညီရမည်။

ကျော်သာ ရွာသို့ ပြန်ရောက်လာသည်။ ရွာပြန်ရောက် ရောက်ခြင်း မိခင်ဖြစ်သူရှိသောတဲသို့ လိုက်သွားပြီး လူနာအကြောင်း သွားပြောပြသည်။

တဲတွင် ကျော်သာကမနေ၊ ရွာကအိမ်မှာသာ နေသည်။ အိမ်ထောင်ကျနေသော တင်ထူးတို့ လင်မယားက တဲမှာ နွားရော မိုးပါ နေသည်။ သူတို့လင်မယားက အိမ်ထောင်မခွဲသေး။ မိဘ လယ်နှင့် ယာကို တာဝန်ယူ လုပ်ကိုင်ပေးနေသည်။

မိခင်ဖြစ်သူ ဒေါ်ရွှေမိက လယ်ယာကိစ္စ ဦးစီးပြီး စီမံခန့်ခွဲနေသလို ခင်ပွန်းဖြစ်သူက အခြားစီးပွားရေး အုတ်ဖုတ်လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသည်။

"ကျော်သာ နင့်ညီမ နေကောင်းလား"

"သဘော်ပေါ်မှာနဲ့ ဆေးရုံရောက်စကလောက် အခြေအနေ မဆိုးတော့ဘူး။ ဂလူးကို့(စ်)နှစ်ပုလင်း ချိတ်ပြီးသွားပြီ။ ကျော်တော်


www.burmeseclassic.com

www.burmeseclassic.com

သွားတော့ စကားပြောနေပြီ"

"ဘာတွေများ ပြောသေးလဲ"

"ပြောတာပေါ့၊ အေးမီးပွားသောင်းကျွန်းကြီးကို အမိကပြော တယ် ကြားချင်လား"

"သေနာလေး ငါ ခဲနဲ့ ကောက်ထုလိုက်လို့ ပြောမယ့်ဟာ မပြောဘူး၊ ပြောစမ်း၊ ငါ့ကို ဘာပြောလို့လဲ"

"အမေက သမီးအသက်ထက် မြေပဲမိုးမိမှာက အရေးကြီး လားတဲ့ ... မေးနေတယ်"

"အမလေး ... ကောင်မက၊ ငါ့ကို စကားနာထိုးနေရသေး တယ်။ မြေစဲတွေက မိုးမိရင် အသီးတွေ မြေကျပ်ပြီး ပြတ်ထွက် ကုန်မှာ၊ မိုးမရွာခင် အပြီးနုတ်မှ ဖြစ်မယ်"

"အမေ အဲဒီလောက် လောဘဇော မတက်နေနဲ့၊ အေးအေး ရှိတဲ့ ဆေးရုံကို လိုက်သွားလိုက်ဦး"

"အံမယ် ... ဒင်းအသက်ထက် ငါ့မြေပဲက ပိုအရေးကြီး တယ်ပေါ့ ... မနက်ဖြန် တင်ထူးတို့လင်မယားနဲ့ ရွာက ကောင် မလေးတွေ သွားကြလိမ့်မယ်။ အခြေအနေကောင်းရင် ဆေးရုံက တစ်ခါတည်း ပြန်ခေါ်ခဲ့ဖို့ ငါမှာထားတယ်"

"ဒါဆိုလည်း ပြီးရော ... အမေမသွားလည်း ရပါတို့


www.burmeseclassic.com

www.burmeseclassic.com



လင်မယားကို လွှတ်လိုက်"

"ကဲ ... ကျော်သာ၊ မြေပဲနုတ်ပြီးသားတွေ လှည်းပေါ် လိုက်တင်ပေးဦး၊ ဟိုမှာ ... တင်ထူး လှည်းနဲ့ ထွက်သွားပြီ"

"အမေကတော့ အခုမှ ရောက်ကာစ ရှိသေးတယ်၊ အမော တောင် မပြေသေးဘူး၊ ခိုင်းပြီ"

"ကဲ စကားကြော မရှည်နဲ့၊ နုတ်ပြီးသားတွေ အကုန်လုံး တလင်းထဲ ရောက်မှ ညစာထမင်းစား၊ သွားဟိုမှာ လှည်းရပ်ပြီး စောင့်နေတယ်"

"ဒေါ်လေးဘကြီးရေ ... ကျွန်တော်မျိုး အခုပဲ၊ မြေပဲထုံးတွေ လှည်းပေါ် သွားပစ်တင်ပေးလိုက်ပါ့မယ်"

"ကြည့် ... ငါ တွေ့ရာနဲ့ ကောက်ပေါက်လိုက်ရ ... သေတော့မယ်"

ကျော်သာလည်း မိခင်အား နောက်ပြောင်ပြီး တင်ထူးလှည်း ရှိရာသို့ ထွက်သွားသည်။

× × × × ×

နောက်နေ့ ဆေးရုံသို့ ရွာမှ လိုက်သွားကြသော လူများ ရောက်သွားတော့ အေးအေးတစ်ယောက် သေဆုံးနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဆေးရုံမှာ သုံးရက်နေလိုက်ရပြီး ထိုနေ့မနက်ပိုင်းမှာ ဆုံးသွားသည်။

ရန်ကုန်မှ အစ်မကြီးမတင်ရီထံ သံကြိုးရိုက် အကြောင်းကြားလိုက်သည်။ အသက်အန္တရာယ်ရှိ၍ မပြန်ရန် အတန်တန်တားခဲ့သော်လည်း အယုံအကြည်မရှိဆိုကာ အတင်းပြန်သွားခဲ့သည်။

တကယ်ပင် အိမ်မရောက်ဘဲ လမ်းမှာပင် အသက်ဆုံးသွားရသည်။

မိခင်ဖြစ်သူကလည်း အေးအေးဆုံးသွားပြီဟု ကြားသောအခါ ယူကြုံးမရစွာ ငိုကြွေးတော့သည်။

"ငါက ဝမ်းသွားတာ ဆေးရုံမှာ တစ်ရက်နှစ်ရက် တက်ရင် ဆေးထိုးဆေးသောက် ပျောက်မယ်လို့ ထင်ထားတာ၊

သမီးအသက်ထက် မြေပဲ ပျက်မှာကို စိုးရိမ်နေလား ပြောတာကို ငါက မြေပဲကို ပိုတန်ဖိုးထားတယ်လို့ ပြောလိုက်မိတယ် ... ဟီး ... ဟီး"

"သမီးရေ ... သမီးသေမယ်မှန်းသိရင် ဒီမြေပဲတွေ အမေ ဘာလုပ်ရမှာလဲ ... ငါ့ကြောင့် သမီးလေး ခံစားသွားရပြီ ... ဟီး ... ဟီး၊

သမီးရေ ... အမေ မဖြေနိုင်ဘူး သမီးရဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ... ရွှေမိ ... စိတ်မကောင်း မဖြစ်ပါနဲ့၊ သေမယ် မထင်လို့ ပြောမိတာပဲ၊ စိတ်ချေပြမှပေါ့"

အားလုံးထဲမှာ အခံစားရဆုံးက ဒေါ်ရွှေမိဖြစ်သည်။ အေးအေး နောက်ဆုံးပြောခဲ့သော စကားက သူ့နားထဲမှာ ဘယ်တော့မှ မထွက်နိုင်တော့။

"အမေ ... သမီးအသက်ထက် မြေပဲက ပိုအရေးကြီးလား" ဟု ပြောနေသံက နားထဲက မထွက်။

အေးအေးရှိစဉ်က အေးအေးအစ်ကို တင်ထူးမှ မွေးသော တူလေး၊ တူမလေးသုံးယောက်မှ အကြီးမိန်းကလေးက ရွာကျောင်း မှာ ကျောင်းနေသည်။

အဝေးသင်တက်နေသော အေးအေးအိမ်မှာ စာဖတ်ရင်း တူမလေးကို စာပြပေးခဲ့သည်။ တူမလေးက "ဥ"တန်းတက်ရင်း အတူအိပ် အတူနေကြသည်။

အေးအေးဆုံးသွားတော့ ထိုတာဝန်ကို အေးအေးအစ်မ ထွေးထွေးက တာဝန်ဆက်ယူရတော့မည်။

အေးအေးနှင့် ထွေးထွေးက လုံးတူရုပ်တူ၊ ရုပ်ပါ အနည်းငယ် ဆင်သည်။ ရုတ်တရက် အမှတ်တမဲ့ဆိုလျှင် သူတို့ ညီအစ်မကို မခွဲခြားတတ်၊ လူမှားတတ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ရက်မလည်ခင်တစ်ရက် အေးအေးဇော် ဖခင်က အုတ်ပုံကြမ်းလောင်းပြီး၊ နေလှမ်းသည့်နေရာမှာ စီပြီးချနေသည်။

ထိုအချိန် အုတ်ဖိုကြီးနားမှာ ထိုင်နေသော ထွေးထွေးကို တွေ့လိုက်သည်။ ထွေးထွေးက နေ့စဉ် ဖခင်ဖြစ်သူအား ထမင်းချိုင့်လာပို့နေကျ။

ဒီနေ့ ထွေးထွေးကို တွေ့တော့ ကိုးနာရီကျော်ရုံသာ ရှိသေးသည်။ အစောကြီး ထမင်းဟင်းကျက်၍ လာပို့သည် ထင်သည်။ ချိုင့်ကို ခါတိုင်းစောင့်ယူနေကျမို့ မပြန်သေးဘဲ ဖိုကြီးနား ထိုင်စောင့်နေသည်ဟု ဖခင်ဖြစ်သူ ထင်လိုက်သည်။ အလွန်ပူလှသော ဖိုကြီးနား မပူသည့်အလား ငိုင်နေသည်။

"ဟဲ့ ... သမီး၊ မိထွေး ... ထမင်းချိုင့်ထားပြီး အိမ်ပြန်တော့လေ ... ဒီလောက်ပူတဲ့ ဖိုကြီးနား ကပ်ထိုင်မနေနဲ့"

ပြောပြီး အလုပ်မှာ အာရုံစိုက်ပြီး လုပ်နေလိုက်သည်။ ခဏနေ၍ လှမ်းကြည့်ပြန်တော့လည်း ထိုနေရာမှာ ထိုင်မြဲ ထိုင်နေသည်။

"ဒီကောင်မလေး မပူတဲ့အတိုင်းပဲ ... ဟော့ ကလေးမ မိထွေး၊ အဖေ ထမင်းမစားသေးဘူး၊ ချိုင့်ထားခဲ့ ... အိမ်ပြန်တော့"

ခါတိုင်းဆို ထမင်းစားသည်ကိုစောင့်ပြီး ချိုင့်ကို ပြန်ယူသွားလေ့



www.burmeseclassic.com

www.burmeseclassic.com


ရှိသည်။ ယခု ဆယ်နာရီပင် မထိုးသေး၊ ထမင်းစားချိန် မတုတ်၍ ချိုင့်ကို စောင့်မယူရန် ပြောပြီး၊ အလုပ်ကို ဆက်လုပ်နေသည်။

ခဏကြာတော့ သွားပြီလားသိချင်၍ လှမ်းကြည့်လိုက်သည်။ ထွေးထွေးလည်း အုတ်ပိုကြီး၏ နောက်ဘက်သို့ လျှောက်သွားသည်ကို တွေ့လိုက်သည်။

ထွေးထွေးဖခင်လည်း အလုပ်ကို ခဏထားပြီး ထွေးထွေး ဝင်သွားရာဘက်သို့ လိုက်ကြည့်ရန် ရှံ့နယ်ပြီး မိုခွက်ထဲ ထည့်နေကြသော အလုပ်သမများထဲမှ တစ်ယောက်အား ...

"ကဲ ... မြခင်ရေ၊ နင့်တူမဆီ သွားပြီး၊ အိမ်ပြန်ခိုင်းလိုက်၊ ဘာစိတ်ကူးပေါက်ပြီး ဒီလောက်ပူတဲ့ ဖိုနားကို ဘာကြောင့် ပတ်လျှောက်နေလဲ မသိဘူး၊

သွား ... သွား ... မြန်မြန်ပြေးပြီး သွားပြောလိုက်"

မမြခင်လည်း လုပ်လက်စအလုပ်ကို ထားပြီး၊ ဖိုကြီးနား လျှောက်သွားသည်။ ဖိုကို တစ်ပတ် ပတ်ပြီး ရှာသည်။

ခဏနေတော့ မမြခင် ပြန်ရောက်လာပြီး ...

"ဦးစံယောင်ရဲ့သမီးကို ဘယ်မှာမှ မတွေ့ပါဘူး။ ထမင်းလာပို့တဲ့ ချိုင့်လည်း မတွေ့ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"စောစောက အုတ်ဗိုက်ကြီးဘေးမှာ ထိုင်နေတဲ့ ထွေးထွေးကို နင်တို့လည်း မြင်တယ်မို့လား"

"မြင်တယ်လေ"

"ဦးလေး ပြန်လွတ်နေတာလည်း သိတာပဲ ... အဲဒီ ထွေးထွေး မဟုတ်ဘဲ၊ အေးအေး ... ဦးတို့၊ ကျွန်မတို့ကို လာနှုတ်ဆက်တာများလား"

"အေး ... ဒီအတိုင်းဆို အငယ်မ ဖြစ်ဖို့ များတယ်"

သူတို့ သို့လော သို့လော ဖြစ်နေစဉ်မှာ ထွေးထွေးနှင့် ရန်ကုန်က နာရေးသို့ ရောက်လာသော မတင်ရီတို့ ထမင်းချိုင့် ဆွဲပြီး ဦးစံမောင်အား ထမင်းလာပို့ကြသည်။

"အဖေ အိမ်ကို ဘယ်အချိန် ပြန်လာမှာလဲ၊ ဒီနေ့ အလုပ် အကိုင်နေ့လေ ... အမေက အဖေ့ကို အလုပ်သမားတွေကို ပြပြီး ပြန်ခဲ့တဲ့။ အဖေ မလာလို့ ဘယ်ဖြစ်မလဲ"

"ဒီမှာ အလုပ် လက်စသတ်နေတယ်။ နေ့နှစ်နာရီလောက်ဆို အကုန်ပြတ်ပြီ။ မြခင်တို့ လင်မယားကို တာဝန်ပေးပြီး အဖေ ပြန်ခဲ့မယ်"

"ဒါဆို၊ ထမင်းချိုင့် စောင့်ယူမသွားတော့ဘူး။ အဖေ့ဆီမှ ပြန်ယူခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ထွေးထွေး ဒီကွင်းထဲကို အခုမှ လာတာလား"

"တုတ်တယ်လေ ... အစ်မမြခင်၊ အိမ်မှာ အလုပ်တွေ မနည်းလက်စဖြတ်ပြီး ထွက်လာရတာ၊ ဒီမှာ ထမင်းချိုင့် ထားခဲ့ပြီ၊ သမီးတို့ သွားတော့မယ်"

"တဲ့ တင်ရီ၊ နင့်သားကြီးတော့ ခေါ်မလာဘူး။ ငါက ငါ့မြေး ကြီးကို သတိရနေတာ"

"ကျောင်းတက်နေတာဆိုတော့ ခေါ်မလာခဲ့တော့ဘူး။ သူ့ အဖွားအိမ်မှာ ထားခဲ့တယ်။ တစ်ရက်နှစ်ရက်ဆို အကြောင်းမတုတ် ဘူး။ ခေါ်လာရင် အမေ့မြေးက စာမေ့၊ ထမင်းမေ့၊ မျောက်ရှုံးအောင် ဆော့မှာ"

"အေး ... အေး ပြန်ကြ၊ အမေပြီးတာနဲ့ ချက်ချင်း ပြန်ခဲ့မယ်"

ထွေးထွေးတို့ကို အေးအေးရောက်လာသည့်အကြောင်း မပြောလိုက်တော့ ...။

အသုဘကို ဆေးရုံမှ ပြန်သယ်ခဲ့ပြီး၊ မနေ့က ရွာသုသာန်မှာ ငါးရက်ထားပြီး သင်္ဂြိုဟ်လိုက်ကြသည်။

ယနေ့ ခြောက်ရက်မြောက်နေ့၊ မနက်ဖြန် ရက်လည်ပြီး အေးအေးက ဖခင်အလုပ် လုပ်နေသော နေရာအထိ လာပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုယ်ထင်ပြခြင်းဖြစ်ကြောင်း ဦးစံမောင် သိသွားတော့သည်။

ဒါတိုင်း ထမင်းချိုင့်ကို ညီအစ်မနှစ်ယောက် တစ်ယောက် တစ်လှည့် လာပို့နေကျဖြစ်သည်။ ထွေးထွေးက မိခင်ရှိရာ လယ်တွင်းထဲရော၊ ဖခင်ရှိရာသို့ပါ အသွားအလာ များသည်။ သို့ကြောင့် ဖခင်ရှိရာ ရောက်လာခဲ့သော ဝိညာဉ်ကိုတွေ့သည်ဟု အထင်ရှိခဲ့ရခြင်းဖြစ်သည်။

သို့ဖြင့် သပိတ်သွတ် ရေစက်ချ တရားနာသည့်ရက် ရောက်ခဲ့သည်။ ကုသိုလ်အစုစုကို ရေစက်ချ အမျှဝေလိုက်သည်။

ညအိပ်ကြသောအခါ တူမလေးမို့မို့က ဒေါ်လေးထွေးထွေးနှင့် ဒေါ်ကြီးတို့ကြားမှာ အိပ်နေသည်။ ထိုအချိန် မို့မို့လေးအား တစ်စုံတစ်ယောက်က လာနှိုးသဖြင့် အိပ်နေရာမှ ထလိုက်သည်။

"ဟင် ဒေါ်လေး ... ဒေါ်လေး၊ မသေဘူးတဲ့လား"

"မသေလို့ ဒေါ်လေးကို မို့မို့လေး တွေ့ရတာပေါ့"

"အားလုံးက ဒေါ်လေးကို သေပြီလို့ ပြောနေကြတာ"

"ဒါဆို ဒီရက်ပိုင်း ဒေါ်လေးက ဘယ်သွားနေတာလဲ"

"ဒေါ်လေးနေတဲ့နေရာ ရှိတယ်၊ လိုက်မလား"

"လိုက်မယ် ... ဒေါ်လေးရှိတဲ့နေရာ လိုက်ခဲ့မယ်"

"လာ ဒေါ်လေး ... ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com


မို့မို့နှင့် ဒေါ်လေးတို့ ရွာပြင်သို့ တဖြည်းဖြည်း လျှောက်ခဲ့သည်။

သစ်ပင်များ ချုံပင်များကြားတိုးပြီး သွားနေရသည်။

"ဒေါ်လေး ... မရောက်သေးဘူးလား။ ဒေါ်လေးနေတဲ့ အိမ်ကလည်း ရွာထဲမှာ မဟုတ်ဘူး၊ အိမ်လည်း ဘယ်မှာမှ မရှိဘူး။ တောထဲမှာ တစ်ယောက်တည်း နေတာလား"

"လာပါ ... ဟိုမှာ အိမ်အကြီးကြီး တွေ့ရမယ်။ ဒေါ်လေး တစ်ယောက်တည်း နေတာမဟုတ်ဘူး။ အဖော်တွေရှိတယ်"

မကြာခင်မှာပင် အေးအေးနှင့်မို့မို့တို့ ကန်ကြီးလိုလို ရေဝိုင်း နေသော ရေကန်အလယ်မှာ တိုက်ဖြူဖြူကြီးတစ်လုံးကို တွေ့လိုက်သည်။

"ဒီ ဒေါ်လေးနေတဲ့ တိုက်ကြီးပဲ"

"ဟင် အကြီးကြီးပဲ ... သမီးလည်း အဲ့ထဲလိုက်လည်မယ်"

"လာ ဒေါ်လေးနဲ့ လိုက်ခဲ့"

တိုက်ဝရောက်တော့ လူကြီးတစ်ယောက် ထွက်လာသည်။

"တော့ ... ဘယ်သူ့ကို ခေါ်လာတာလဲ၊ ဒီနေရာမျိုးကို တစိမ်းခေါ်လာခွင့် မရှိဘူး"

"ကလေး လေးပါ"


www.burmeseclassic.com

www.burmeseclassic.com



"ကလေးဆို ပိုပြီး မခေါ်သင့်ဘူး၊ အခုပြန်ခိုင်းလိုက်"

"ကျွန်မ ပြန်ပို့လိုက်မယ်"

"မင်း အထဲဝင်၊ ငါ ... ဒေါ်ဂုစ္စကို ပို့ခိုင်းလိုက်မယ်"

တိုက်ကြီးထဲမှ အသက်ငါးဆယ်ခန့် အဒေါ်ကြီးတစ်ယောက် ထွက်လာပြီး၊ မို့မို့အား လက်ဆွဲ၍ ရွာသို့ ပြန်ခေါ်လာခဲ့သည်။ ရွာထိပ်ရောက်တော့ ...

"ကဲ ... ကောင်မလေး ရွာရောက်ပြီ၊ အိမ်ပြန်တတ်လား"

"တတ်ကဲ့၊ ပြန်တတ်ပါတယ်"

"အေး ... သွား၊ မကြောက်နဲ့၊ ငါ ဒီက ကြည့်နေမယ်"

ထိုအချိန် ရွာထဲတွင် ရုတ်ရုတ်သည်းသည်း ဖြစ်နေကြသည်။ ဦးစံမောင်၏မြေး မို့မို့လေး ပျောက်၍ မီးတုတ်များ၊ မီးအိမ်များ၊ ဓါတ်မီးများနှင့် ရှာနေကြသည်။

"ဒီမှာ တွေ့ပြီ ဦးလေးရေ၊ တင်ထူးရေ မင်းရဲ့သမီးလေး ပြန်တွေ့ပြီ"

"ဒီမှာ မို့မို့ ရွာပြင်ဘက်က လာနေတယ်"

"ဟင် ... ကလေး၊ အိမ်ကနေ ရွာပြင်ရောက်အောင် ဘယ်လို ထွက်သွားတာလဲ"

"သမီးကို ဒေါ်လေးအေးအေးက ခေါ်သွားလို့ လိုက်သွားတာ၊



www.burmeseclassic.com

www.burmeseclassic.com



ချုံပင်တွေ၊ သစ်ပင်တွေကြားမှာ ရေကန်ကြီးရှိတယ်၊ ရေကန်စပ်မှာ တိုက်ပြိုပြိုကြီး၊ ဖေါ်လေးက တိုက်ထဲကို ပြမလို့ ခေါ်တယ်၊

အထဲမှာရှိတဲ့ လူတွေက တစ်မိနလူ ခေါ်မလာရဘူးဆိုပြီး အဖွားကြီးတစ်ယောက်ကို ရွာအဝင်ထိ လိုက်ပို့ခိုင်းတယ်”

“ဒါဆို ... သမီးဖေါ်လေးက ဘယ်မှာလဲ”

“သူက တိုက်ကြီးထဲမှာ ကျန်ခဲ့တယ်”

“သမီး ရှေ့နားရောက်လို့ ဖေါ်လေးရဲ့တိုက်ကြီးကို ပြန်လှည့်ကြည့်တော့ ဘာမှ မရှိဘူး။ ကွင်းပြင်ကြီးပဲ တွေ့တယ်”

ထိုကဲ့သို့ အတူတူအိပ်ခဲ့သော တူမလေးအား သူရောက်ရှိနေသော နေရာကို သိရန် လိုက်ပြမည်ဆိုပြီး ထူးဆန်းစွာ ခေါ်သွားခဲ့သည်။

အားလုံးရဲ့ အသိစိတ်ထဲမှာ အေးအေးတစ်ယောက် သိုက်အတွင်း ဥစ္စာစောင့် သိုက်နန်းရှင်ဘဝမှ လူ့ဘဝသို့ ရောက်လာပြီး သိုက်က ပြန်ခေါ်သွားခြင်းဟု မှတ်ယူလိုက်ကြသည်။

“ငါ့သမီးလေး ... ဥစ္စာစောင့်ဘဝက ရောက်လာပြီး၊ သူ့ဘဝ သူ့ဌာနကို ပြန်သွားတာပဲ။ မို့မို့ပြောတဲ့ နေရာကဘယ်မှာ ရှိမှန်းလည်း မသိဘူး”

“သိုက်က ဒီအနီးအနားမှာပဲ ရှိလိမ့်မယ်ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ရှာရှိ လူများလည်း အေးအေးတစ်ယောက် သိုက်ကပြန်ခေါ်သွား၍ သိုက်သို့ ပြန်ရောက်သွားပြီဆိုသည့်အကြောင်း ...

တူမလေးမို့မို့အား ... အေးအေးက သိုက်ကိုပြရန် လာခေါ်သွားသည့်အကြောင်း ပြောမဆုံးအောင် ရှိနေကြလေတော့သည်။



မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# လက်ဖွဲ့အထိုးကောင်းတဲ့ သူရဲ

ဆီးဖြူရွာသား ထင်ကျော်၊ အလုပ်ရွာသား လှဖေတို့က သူငယ်ချင်းများ ဖြစ်ကြသည်။ ရွာချင်းမတူဘဲ ဝါသနာချင်းတူပြီး သူငယ်ချင်းဖြစ်ရပုံက အနည်းငယ်တော့ ထူးသည်။

သူတို့ သူငယ်ချင်း ဖြစ်ပုံက ဤသို့တည်း။

အလုပ်ရွာ ဘုရားပွဲမှာ လက်ဝှေ့ဝါသနာရှင်များအတွက် ရိုးရာလက်ဝှေ့ပွဲကို ကျင်းပပေးသည်။

ထိုဘုရားပွဲမှာ လက်ဝှေ့ဝါသနာပါလျှင် မည်သူမဆို ဝင်၍ ထိုးသတ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဂေါ်ပကာလူကြီးများနှင့် ပွဲစီစဉ်သူများထံ စာရင်းပေးလိုက်လျှင် ငါးသနာရှင်များ အချင်းချင်း၊ ကျွမ်းကျင်သူများအချင်းချင်း၊ ချန်ပီယံများ အချင်းချင်း တွဲပေးပြီး ထိုးသတ်ခွင့်ရှိသည်။

ထိုပွဲတွင် နိုင်သောသူက အတန်းအစားလိုက် သတ်မှတ်ထားသော ဆုကြေးကိုရသည်။

ရှုံးသူက မည်သည့် ထိုးကြေးမှ မရ။

နောက်ရက်မှ ရှုံးသူရော နိုင်သူပါ ပြန်ထိုးသတ်မည်ဆိုလျှင် ထိုးသတ်နိုင်သည်။

ထင်ကျော်နှင့် လှဖေတို့က ဘုရားပွဲ ငါးရက်လုံး နေ့တိုင်း စာရင်းပေးပြီး ဝင်ပြိုင်ကြသည်။

ထင်ကျော်က ဘုရားပွဲငါးရက်မှာ နှစ်ကြိမ်နိုင်၊ နှစ်ကြိမ်ရှုံး၊ တစ်ပွဲသရေ ရခဲ့သည်။

လှဖေက နှစ်ကြိမ်နိုင်၊ တစ်ပွဲရှုံး၊ နှစ်ပွဲသရေ ရခဲ့သည်။

နောက်ဆုံးညမှာ ထင်ကျော်နှင့် လှဖေတို့ ထိုးသတ်ရန် အတွဲများနာမည်ထွက်လာသောအခါ အတူတူကျနေခဲ့သည်။

ပွဲက ငါးချီ ထိုးသတ်ရမည်။

ထုံးစံအတိုင်း နိုင်သူက ဆုကြေးရမည်။


www.burmeseclassic.com

www.burmeseclassic.com


သရေကျူပါက ဆုကြေးကို နှစ်ယောက် ခွဲယူရမည်။

ထင်ကျော်နှင့် လှဖေတို့အတွဲလည်း တစ်ချီပြီးတစ်ချီ ထိုးသတ်ခဲ့ရာ သူ့သာလိုက်၊ ကိုယ်သာလိုက်နှင့် နောက်ဆုံးငါးချီသာ ပြည့်သွားသည်။ မည်သူ့ကိုမှ လှဲမသိပ်နိုင်ခဲ့ချေ။

ထို့ကြောင့် ဆုကြေးကို တစ်ဝက်စီ ခွဲယူရန် သရေအဖြစ် ဒိုင်များက သတ်မှတ်လိုက်သည်။

နှစ်ယောက်သား အရှိအသေပေး နှုတ်ဆက်ပြီး စင်ပေါ်က ဆင်းခဲ့သည်။

ကွင်းပြင်ရောက်တော့ နှစ်ယောက်သား ဆုံမိသွားသည်။

"ကိုလှဖေ ... ခင်ဗျားတော့ ဘယ်လို ထင်မလဲ မသိဘူး။ လက်ဝှေ့ကြည့်တဲ့ ပရိတ်သတ်က ကျုပ်နိုင်သင့်ပါရက်နဲ့ ဒိုင်တွေ မျက်နှာလိုက်ပြီး သရေပွဲပေးတာလို့ ပြောသံကြားခဲ့တယ်၊ ဒိုင်တွေ မျက်စိမှောက်သွားတာဖြစ်မယ် ... အမှတ်စနစ် အရဆို ကျုပ်နိုင်ရမှာ"

"ကိုယ့်လူက ... ကိုယ့်ကိုယ်ကို တော်တော်လေး အထင်ကြီးတဲ့ပုံပဲ ... ကျုပ်က ညာပြီး ထိုးနေတာ၊ နောက်ဆုံးရက်မို့ ဘယ်သူ့ဘယ်သူမှ အနာတရ မဖြစ်စေချင်ဘူး"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ လက်ဝှေ့ပွဲမှာ တစ်ယောက်နဲ့


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရင်းနှီးကျွမ်းဝင်မှု မရှိဘဲနဲ့ ညှာတာထိုးတယ်ဆိုတာ မရှိနိုင်ဘူး"

"ကျုပ်က ရှိခဲ့တယ်"

"ဘာကြောင့် အတတ်ပြောနိုင်တာလဲ"

"ကျုပ်က ဖြစ်မြောက်ရေးကော်မတီဝင် ဦးသာအောင်ဆီက လောင်းကြေးယူထားလို့လေ"

"ဘာ ... ဘာပြောတယ်"

"သူက ... သရေကျအောင် ထိုးပေးရင် ... ကျုပ်သရေ ထိုးလို့ရမယ့် ဆုကြေးထက် နှစ်ဆပိုပေးမယ်တဲ့၊

အဲဒီတော့ ခင်ဗျားလည်း ဆုကြေးရ၊ ကျုပ်လည်း မြတ်မြတ် လေး ရလိုက်တာပေါ့၊ မဟုတ်ဘူးလား။ လာဗျာ၊ ကျုပ်ကို အမြင်ရှင်းစမ်းပါ။ စိတ်ဆိုးမနေပါနဲ့။ ခင်ဗျားကို ကျုပ် အရက်အဝ တိုက်ပါ့မယ်"

"နေပါဦး ... ခင်ဗျားစကားအတိုင်းဆို ကျုပ်က လူရှော် ဖြစ်သွားပြီပေါ့"

"ဘာဆိုင်လို့လဲဗျ"

"ခင်ဗျားက သရေကျအောင် ကျုပ်ကို အတင်းဖိမထိုးဘဲ အလျှော့ပေး ထိုးနေတဲ့သဘော ဖြစ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


ကျုပ်က ... အစွမ်းကုန် တိုက်ခိုက်၊ ထိုးသတ်ချင်တာ ခင်ဗျားက အခုလို လုပ်ထားတယ်ဆိုတော့”

“ခင်ဗျားကလည်း ပြီးသွားတဲ့ကိစ္စကို”

“မဟုတ်သေးဘူး ... ကျုပ် မကျေနပ်ဘူး။ အခု အပြင်မှာ ခင်ဗျားနဲ့ ကျုပ် ထိုးသတ်မယ်။ မှောက်တဲ့အထိ ထိုးကြမယ်။

ကျုပ် ရှုံးခဲ့ရင် ရတဲ့ဆုကြေးငွေ ခင်ဗျားယူသွား၊

ခင်ဗျားနိုင်ရင် ... ကျုပ်က ဘာပေးရမလဲ”

“ဘာမှ မပေးနဲ့ ကျုပ် မရှုံးဘူးဆိုတာ ပြချင်လို့”

“ကဲပါဗျာ ... ကိုထင်ကျော် စိတ်လျှော့လိုက်စမ်းပါ ... နောက်တစ်ခါ ခင်ဗျားနဲ့ ကျုပ် ဆုံခဲ့ရင် လောင်းကြေးမယူဘဲ အနိုင် ထိုးသတ်ကြတာပေါ့ ... ဒီတစ်ခါတော့ အကြွေးသတ်မှတ်လိုက် စမ်းပါ၊

ခင်ဗျားနဲ့ ကျုပ် မိတ်ဖြစ်ဆွေဖြစ် တစ်ခွက်တစ်ဖလား သောက်လိုက်ရအောင်၊ ကျုပ် တိုက်ပါ့မယ်”

ကိုထင်ကျော်လည်း မကျေနပ်ပေမယ့် ပြဿနာမဖြစ်ချင် သည့်အတွက် ကိုလှဖေခေါ်ရာ ဘုရားပွဲကျင်းပနေသည့် ကွင်းနှင့် အတော်လှမ်းသည့် နေရာမှာ ရောင်းချနေသော အရက်ပုန်းဆိုင် သို့ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရက်သောက်ရင်း စကားများ ပြောကြရာ တစ်ဦးနှင့်တစ်ဦး ခင်မင်သွားကြတော့သည်။

ကိုထင်ကျော်တို့ရွာနှင့် ကိုလှဖေတို့ရွာက တစ်ရွာနှင့်တစ်ရွာ သုံးမိုင်ခန့်သာ ကွာဝေးကြသည်။

မကြာခင် နှစ်ယောက်သား ဆုံပြီး လက်ဝှေ့ပွဲ ကျင်းပရာသို့ သဘောင်းစုံစမ်းပြီး နှစ်ယောက်သား သွားပြီးထိုးသတ်ကြသည်။

တစ်ယောက်ကသိလျှင် တစ်ယောက်ကို အကြောင်းကြားပြီး ထိုပွဲရှိရာသို့ သွားကြသည်။

တစ်ယောက်က နိုင်ပြီး၊ တစ်ယောက်က ရှုံးခဲ့လျှင် ရသော ဆုကြေးငွေကို ခွဲဝေယူကြသည်အထိပင် ရင်းနှီးခင်မင်သွားကြသည်။

သူတို့အသက်က နှစ်ဆယ့်ငါးနှစ်သာ ရှိသေးပြီး လူပျို လူလွတ်များ ဖြစ်ကြသည်။

သူတို့နှစ်ယောက် တတွဲတွဲ ရှိခဲ့ရာမှ လှဖေတစ်ယောက် ထင်ကျော်တို့ရွာသူနှင့် ချစ်ကြိုက်ကြပြီး မကြာခင် လက်ထက်ခဲ့ ကြသည်။

လှဖေက အိမ်ထောင်ကျသွားပြီး၊ ထင်ကျော်က ရည်းစားပင် မရှိသေး။

သူတို့နှစ်ယောက်ဟာ ရွာသားတို့အလုပ်ဖြစ်သော လယ်ထွန်ခုတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝါးခုတ်၊ လယ်ယာအလုပ်၊ ကိုင်းအလုပ်တို့တွင် ဘာတစ်ခုမှ ဝင်မလုပ်ကြ။

နယ်စုံလှည့်ပြီး လက်ဖွဲ့ထိုးသတ်သော အလုပ်ဖြင့်သာ အသက်မွေးဝမ်းကြောင်း ပြုခဲ့ကြသည်။

နွေရာသီရောက်ပြီဆိုလျှင် ဘုရားပွဲ၊ အလှူပွဲများတွင် လက်ဖွဲ့ရုံများတို့၌ လက်ဖွဲ့ပွဲများ ကျင်းပကြသည်။

မွန်လူမျိုး၊ ကရင်လူမျိုး အများဆုံးနေထိုင်ရာ အရပ်ဒေသများမို့ လက်ဖွဲ့ပွဲကို ကလေး၊ လူကြီး၊ မိန်းမများအားလုံးနီးပါး ဝါသနာပါကြသည်။

ရုံပွဲဆိုလျှင်လည်း ရုံပြည့်ရုံလျှံ အားပေးကြသည်။

တောင်ထန်းရွက်များဖြင့် အမိုးအကာ အလုံပိတ် လက်ဖွဲ့ရုံများထိုးကာ ပွဲများ ကျင်းပကြသည်။

ရုံအတွင်း ထိုးသတ်စင်၏ ပတ်ပတ်လည်တွင် ပရိသတ်များလက်ဖွဲ့ပွဲကြည့်ရန် စပါးခွံပွဲများ တစ်ရုံလုံးအနှံ့ ခင်းထားပေးသည်။

စပါးခွံများပေါ်မှ ထိုင်ကာ လက်ဖွဲ့ထိုးသတ်ပွဲကို ကြည့်ရသည်။

အချို့ရုံများတွင် ပါးများဖြင့် ခုံတန်းများ ထိုးပေးထားသည်။ အတန်းသတ်မှတ်ခြင်း မရှိ၊ ရှေ့နားမှကြည့်လိုလျှင် စောစော



www.burmeseclassic.com

www.burmeseclassic.com



ရုံ့ထဲဝင်ပြီး နေရာဦးရန်သာလိုသည်။

အချို့ရွာကြီးများဆိုလျှင် လက်ဝှေ့ရုံကို အခိုင်အမာ ထိုးထား သည်။ လွှတ်လပ်ရေးပွဲ ပြည်ထောင်စုပွဲများအပြင် မိမိတို့ အမျိုး သား နေ့ ထူးနေ့မြတ်များ၊ စိန်ခေါ်ပွဲများရှိလျှင် ရုံသွင်းပြကြသည်။

ထိုးချင်သူများတလည်း ရပ်နီးရပ်ဝေး၊ သတင်းစုံစမ်းပြီး လာရောက် ထိုးသတ်ကြသည်။

နိုင်ငံကျော်လက်ဝှေ့သမားများက ထိုကျေးရွာဘုရားပွဲများမှ နေ၍ စိန်ခေါ်ထိုးသတ်ရင်း နာမည်ရ ထင်ပေါ်လာကြသူများဖြစ်သည်။

နှစ်ယောက်သား လက်ဝှေ့ပွဲသတင်း စုံစမ်းပြီး အမြို့မြို့ အရွာရွာ လိုက်ထိုးသတ်ကြသည်။ တစ်နွေတစ်ဆောင်းလုံး ထိုးသတ် ၍ရသော ဆုကြေးငွေဖြင့် မိုးအခါ ထိုင်စားနိုင်သည်။ အားမွေး သည်။ ဆေးကုသရန်လိုလျှင် ဆေးကုသသည်။

ဇင်းကျိုက်ဘုရားပွဲမှာ လက်ဝှေ့ထိုးသတ်ရန် တစ်ရက်ကြိုပြီး စာရင်းပေးခဲ့သည်။

သူတို့နှစ်ယောက် အခြားပြိုင်ဘက်များနှင့် အတွဲရပြီး၊ ထိုး သတ်ကြသည်။

ဘုရားပွဲရက်များအတွင်း ထိုးသတ်မည့်သူ များလှသဖြင့် သူတို့နှစ်ယောက် သုံးရက်တစ်ပွဲစီသာ ထိုးခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲ နောက်ဆုံးအချိန်မှာ လှဖေ အတွင်းဒဏ်ရာ ရခဲ့သည်။ ရွာသို့ လှည်းနှင့် ပြန်ခေါ်ခဲ့ရသည်။

အိမ်သို့ရောက်ပြီး သုံးရက်ကြာတော့ သွေးအံပြီး လှဖေ ဆုံးသွားခဲ့ရသည်။

အိမ်ထောင်ကျသည်မှာ တစ်နှစ်ခန့်သာ ရှိသေးသည်။ လှဖေ ဆုံးသွားတော့ သူ့ဇနီးမှာ သားသမီးတစ်ယောက်မှ မရှိခဲ့။

ထင်ကျော်လည်း လက်ဝှေ့ထိုးဖော်ထိုးဖက် မရှိတော့သည့် အတွက် အခြားရွာ လက်ဝှေ့ပွဲများသို့ သိပ် မသွားဖြစ်တော့။

ယခင်ကဆိုလျှင် နှစ်ယောက်သား ဘယ်လောက်ဝေးဝေး သတင်းရသည်နှင့် သွားဖြစ်အောင် သွားကြသည်။

ယခုအချိန်မှာ ရွာနှင့် သိပ်မဝေးသော အရပ်ဒေသသို့ လက်ဝှေ့ ထိုးရန်ပင် မရောက်ဖြစ်တော့။

ထို့ကြောင့် လက်ဝှေ့ပွဲကို အဓိကထားပြီး မလုပ်တော့ဘဲ မိဘများ၏ လက်ငုတ်လက်ရင်း လယ်ယာ၊ ကိုင်းအလုပ်ကိုပါ ဝင်လုပ်ဖလတော့သည်။

ထိုသို့နေလာရင်းမှ ကိုထင်ကျော်လည်း သူတို့ရွာနှင့် မိုင်ဝက် ခန့်သာဝေးသော ဓနိကုန်းရွာသူနှင့် ချစ်ကြိုက်ခဲ့ကြသည်။

ဓနိကုန်းရွာသူ ထွေးလှနှင့် ထင်ကျော်တို့ ချစ်ကြိုက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး နေ့ခင်းအလုပ်မအားသဖြင့် ညဘက်မှသာ ချိန်း
တွေ့ကြသည်။

ညရှစ်နာရီခန့် ရွာက ထွက်ပြီး မိနစ်နှစ်ဆယ်ခန့် လျှောက်
သွားလျှင် သူ့ချစ်သူတွေးလှတို့ရွာသို့ ရောက်သည်။

ထိုသို့သွားရာ လမ်းရှာပြင်အစပ်တွင် ကုက္ကိုပင်ကြီးတစ်ပင်
လမ်းဘေးမှာ ရှိနေသည်။

တစ်ည ဆန်းစလရောင်လေး အားကိုးပြီး ထင်ကျော် ရွာက
နေ၍ ချစ်သူ၏ရွာသို့ ထွက်ခဲ့သည်။

ထိုအချိန် ကုက္ကိုပင်ကြီးနားသို့ အရောက်၊ ကုက္ကိုပင်ပေါ်မှ
ရိပ်ခနဲ တစ်စုံတစ်ယောက် ခုန်ဆင်းလိုက်သည်ကို ကိုထင်ကျော်
တွေ့လိုက်သည်။

"တင် ... ခင် ... ခင် ... ဖျား ... ကို ... လှဖေ"

"ခင်ဖျား ... သေ ... သေပြီး ... ပြီ ... လေ"

"ငါက ... သရဲလှဖေလေ ... လူ့ဘဝတုန်းက မင်းနဲ့
လက်ဖွဲ့ထိုးဖော်ထိုးဖက်လေကွာ၊ ဘာလဲ မင်းက ငါ့ကို မေ့နေ
ပြီလား"

"မမေ့ပါဘူးကွာ ... မင်းသေသွားပြီးမှ မင်းကို တွေ့လိုက်
ရလို့၊ အံ့ဩပြီး မေးမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ငါက မေ့တယ်ထားပါတော့ … မင်းနဲ့အတူနေခဲ့တဲ့ မင်းမိန်းမဆို … မင်းသေတာ … တစ်နှစ်တောင် မပြည့်သေးဘူး … အခု နောက်လင် ယူသွားပြီလေ”

“ငါ … ဒီကောင်မအကြောင်း မကြားချင်ဘူး။

မင်းလည်း ရည်စားရနေပြီ … ငါ့လို မဖြစ်စေနဲ့။ အခု မင်းရည်းစားနဲ့ တွေ့မလို့ သွားမှာမဟုတ်လား”

“ဟုတ်တယ် … နောက်ကို မကြာမကြာ သွားမှာ”

“ငါ … ဒီမှာနေရတာ ပျင်းတယ်ကွာ … တချို့က မင်းနဲ့ငါ လက်ဖွေ့ပွဲတွေ သွားပြီး လိုက်ထိုးသတ်နေတာကို အမြဲ သတိရနေတာ၊

အဲဒါကြောင့် မင်းဒီလမ်းက ရည်းစားနဲ့ တွေ့ဖို့သွားရင် ငါနဲ့ လက်ဖွေ့ထိုးသတ်ပြီးမှ မင်းကို သွားခွင့်ပြုမယ်”

“ငါက မင်းကို ကြောက်ရမှာလား”

“မင်းက ငါ့ကို လူအယောင်ဆောင်ထားလို့ မကြောက်တာပေါ့ ဟုတ်လား … မင်း ငါ့ဆံနွှကို ဆန့်ကျင်မယ်ဆိုရင် ကြည့်လိုက်”

သရဲလှဖေ စကားဆုံးသည်နှင့် တစ်ကိုယ်လုံး အမွေးအမှင်များ ပွက်လာကာ လူအရပ်ထက် တဖြည်းဖြည်း မြင့်လာသလို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လည်း ပြောင်းသွားသည်။

"တော်ပါတော့ လှဖေ ... တော်ပါတော့။ မင်းနဂိုရုပ်ကို ဖျောက်လိုက်ပါတော့ ... ငါနဲ့ လက်ဖွဲ့ထိုးမယ်ဆိုလည်း ထိုးသတ်ပါ့မယ်"

"ဒီလိုမှပေါ့"

ထိုသို့ပြောလိုက်ပြီး နဂိုလူအရွယ်သို့ ပြန်ပြောင်းသွားတော့သည်။

ထင်ကျော်လည်း သရဲလှဖေ ကျေနပ်စေရန် လက်ဖွဲ့ကို ထိုးသတ်ရတော့သည်။ အတော်လေး ထိုးသတ်ပြီးမှ ...

"ကဲ မင်းလည်း သွားစရာရှိတာ သွားတော့၊ ငါလည်း မောပြီ၊ အနားယူတော့မယ်"

"မင်းက မောလို့ အနားယူတယ်။ ငါက ငါ့ရည်းစားကို တွေ့ဖို့ သွားရမှာ ... ချွေးသံတရွှဲရွှဲနဲ့ စိတ်ပျက်ဖို့ ကောင်းနေပြီ"

ထိုမျှသာပြောပြီး ချစ်သူရှိရာ ရွာသို့ထွက်ခဲ့သည်။

နောက်နေ့ရောက်တော့ ချစ်သူနှင့်တွေ့ရန် ညခုနစ်နာရီခန့် ထွက်ခဲ့သည်။

သစ်ပင်နားအရောက် သစ်ပင်ကြီးအောက်မှာ သက်ခမောင်း

www.burmeseclassic.com

www.burmeseclassic.com



ခတ်သံ သုံးလေးချက်မျှ ကြားရပြီး ထိုအသံနှင့်အတူ သရဲလှဖေကို မြင်လိုက်သည်။

ထို့နောက် သရဲလှဖေ ကျော့နပ်စေရန် လက်ဖြင့်ထိုးရတော့သည်။

သူကျေနပ်ပြီး သစ်ပင်ကြီးပေါ် တက်သွားမှ ထင်ကျော်လည်း ချစ်သူရှိရာ ရွာသို့ ဆက်ထွက်ခဲ့ရသည်။

ထိုကဲ့သို့ ချစ်သူနှင့် တွေ့ရန် သွားသည့်အခါတိုင်း ထိုးရဖန်များလာသောအခါ ထင်ကျော်လည်း စိတ်ညစ်လာသည်။ ချစ်သူ၏ ရွာသို့သွားရာလမ်းက ဒီတစ်လမ်းပဲရှိသည် မဟုတ်ပါလား။

ထိုလမ်းကလွဲပြီး အခြားလမ်းက မရှိ၊ ရှောင်လွှဲမရဘဲ သွားနေရသည်။

နောက်ရက်များတွင် ချစ်သူထံ မသွားသေးဘဲ ထိုသရဲကို နိုင်ပြီး ဆုံးမနိုင်မည့် ဆရာတစ်ယောက် အရှာထွက်ခဲ့သည်။

အသိမိတ်ဆွေများနှင့် လူကြီးများကို စုံစမ်းရာ ဆရာတစ်ယောက်ထံကို ညွှန်ပြပြီး လွှတ်လိုက်သည်။

ထင်ကျော်လည်း ထိုဆရာထံသို့ ရောက်သည်နှင့် အကြောင်းအကြောင်းပြောပြပြီး အကူအညီတောင်းတော့သည်။

"ဟဲ ဘာမှ မပိုးရိမ်နဲ့၊ ဟောဒီ ချည်မန်းကြိုးကို သရဲရဲ့

www.burmeseclassic.com



လည်ပင်းမှာ စွပ်လိုက်၊ ဒါကို သရဲအဖြစ် သူပြန်မပြောင်းနိုင်တော့ဘူး”

ထင်ကျော်လည်း ချည်မန်းကွင်းရခဲ့ပြီးနောက် ချစ်သူနှင့်တွေ့ရန် ည ခုနစ်နာရီခန့် ထွက်ခဲ့သည်။

ထုံးစံအတိုင်း လက်ခမောင်းခတ်သံကို ကြားရပြီးနောက် သရဲလှဖေနှင့် လက်ဖွဲ့ထိုးရတော့သည်။ ထို့နောက် သရဲလှဖေအား ဝင်လုံးပြီး လည်ပင်းကို ချည်မန်းကွင်း စွပ်လိုက်သည်။

ချည်မန်းကွင်း လှဖေ လည်းပင်းမှာ စွပ်မိသွားသည်နှင့် သရဲလှဖေသည်ဏ္ဍာန်မှ ဆိတ်သိုးကြီးတစ်ကောင်အဖြစ် ပြောင်းသွားသည်။

ဆိတ်သိုးကြီးကို အိမ်သို့ ဆွဲခဲ့သည်။

ထို့နောက် ဆိတ်သိုးကြီးကို တစ်ရွာဝင်တစ်ရွာထွက် သွားလေရာ ခေါ်သွားသည်။

ဆိတ်အချင်းချင်း စိန်ခေါ်ပြီး တိုက်သည်။

ဆိတ်မွေးထားသူများရှိရာ ရွာစုံသို့ စုံစမ်းသွားရောက်ပြီး ဆိတ်ချင်းတိုက်သည်။

ညနေ ဆိတ်ချင်းတိုက်ပြီး အိမ်ပြန်လာလျှင် ဆိတ်ကြီး၏ ခေါင်းမှာ ဖူးယောင်၊ စုတ်ပြတ်၊ ဒဏ်ရာဗလပွနှင့် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကြီးနှင့် တိုက်သည့်အခါတိုင်း နိုင်သည်က များသည်။ ဆိတ်တိုက်ရန် ထွက်လာသည့်အခါ လက်ဖွေ့ပွဲရှိလျှင် လက်ဖွေ့ဝင်ထိုးသည်။

ထင်ကျော်၏ ဆိတ်အချင်းချင်း စိန်ခေါ်တိုက်ပွဲများကြောင့် အနီးအပါးရွာများရှိ ဆိတ်မွေးမြူသူတို့လည်း ဆိတ်အချင်းချင်း စိန်ခေါ်တိုက်သည့် အလေ့အထ ဖြစ်လာခဲ့သည်။

တစ်နှစ်နီးပါးခန့် ဆိတ်ကြီးနှင့် ထင်ကျော်တို့ အတူတူ လက်တွဲပြီး လက်ဖွေ့ပွဲများ ဆိတ်အချင်းချင်း တိုက်ပွဲများရှိရာ လှည့်လည်သွားလာ စီးပွားရှာခဲ့သည်။

ထင်ကျော်က ထိုအချိန်ထိ အိမ်ထောင်မကျသေး။ တစ်ရက် ဆိတ်တိုက်ပွဲတစ်ခုမှာ ဆိတ်ကြီးလည်ပင်းတွင် ချည်ထားသော ချည်မန်းကွင်းက တစ်ဖက်ဆိတ်ချိုနှင့် ငြိပြီး ပြတ်လုလု ဖြစ်သွားသည်။

သို့ဖြင့် ထိုရွာမှာ ဆိတ်ကြီးက အနိုင်တိုက်ခိုက်နိုင်သဖြင့် လောင်းကြေးနိုင်သည့် ငွေကို ယူပြီး ရွာသို့ ပြန်လာခဲ့ကြသည်။

ညဘက်ရောက်သည့်အခါ ဆိတ်ကြီးလည်း လည်ပင်းယားပြီး တိုင်နှင့်ပွတ်ပြီး အယားဖြေနေလိုက်သည်။

တဲတဲလေးသာ ကျန်တော့သည့် ဆိတ်ကြီးလည်ပင်းက



www.burmeseclassic.com

www.burmeseclassic.com



ချည်မန်းကွင်းကြိုးက ပြတ်ထွက်သွားသည်။

ထိုအခါ အနှောင်အဖွဲ့မှ လွတ်သွားသော ဆိတ်ကြီးလည်း ဆိတ်အဖြစ်မှ သရဲလှဖေအဖြစ်သို့ ပြန်ပြောင်းပြီး ကုက္ကိုပင်ကြီး ဆီသို့ ပြန်သွားတော့သည်။

နောက်နေ့ မိုးလင်းသည်နှင့် ဆိတ်ကြီးကို အစာကျွေးမည် စိတ်ကူးနှင့် ဆိတ်ကြီးချည်ထားရာသို့ ထင်ကျော် ရောက်လာခဲ့ သည်။

"ဟင် ဆိတ်သိုးကြီး မရှိတော့ဘူး"

ထိုစဉ် သူ့မျက်လုံးက တိုင်မှာငြိနေသည့် ချည်ကြိုးလေးကို မြင်ပြီး သဘောပေါက်သွားသည်။

"အင်း ... ဒင်း သရဲ ပြန်ဖြစ်သွားပြီ ... ညကြရင် ငါနဲ့ လက်ဖွေ့ထိုးရဦးတော့မယ်နဲ့ တူတယ်၊

ဒီတစ်ခါ ချည်မန်းကွင်း တောင်းပြီး စွပ်ရအောင်လည်း ငါ့ကို အနားပေးကပ်မှာ မဟုတ်ဘူး။ လက်ဖွေ့ထိုးဆိုတော့လည်း ထိုးရဦးမှာပေါ့"

ထင်ကျော်လည်း ဆိတ်ချည်ထားသော ကြိုးကို ဖြုတ်ယူ လိုက်ပြီး အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။

ညနေရောက်တော့ ထုံးစံအတိုင်း ချစ်သူနှင့် မတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com


ကြာပြီဖြစ်၍ တွေ့ပြီး တောင်းပန်စကားပြောရန် ထွက်ခဲ့သည်။

မိဘများကလည်း သဘောတူထားပြီဖြစ်၍ ညဘက်သွားလျှင် အေးအေးဆေးဆေး အိမ်ပေါ်တက်၍ စကားပြောနိုင်သည့်အခွင့် ရောက်ခဲ့သည်။

သို့ကြောင့် ညချောက်နာရီခွဲခန့် စိတ်အေးလက်အေး ထွက်ခဲ့သည်။

ကုက္ကိုပင်ကြီးအောက်ရောက်တော့ အရာရာငြိမ်သက် တိတ်ဆိတ်နေသည်ကို တွေ့လိုက်သည်။

ခါတိုင်းကြားနေကြ လက်ခမောင်းခတ်သံကို မကြားရ၊ ထူးဆန်းသည်ထင်၍ သစ်ပင်ပေါ် မော့ကြည့်ပြီး ထင်ကျော်လက်ခမောင်းဖြောင်းခနဲ ခတ်လိုက်သည်။

"ဟေ့ သူငယ်ချင်း လှဖေ၊ လက်ဖွေ့ထိုးရအောင် ဆင်းခဲ့လေ။ ငါအသင့်ဖြစ်နေပြီ"

"တော်ပါပြီ သူငယ်ချင်းရာ၊ လက်ဖွေ့အထိုးကောင်းလို့ ငါ့ထိတ်တွေ ကျိန်းနေပါပြီ"

"ဟား ဟား ဟား ဖြစ်ရလေ သူငယ်ချင်းရာ ... ဒါဆို ငါသွားပြီဟေ့"


www.burmeseclassic.com

www.burmeseclassic.com



"အေး ... နောက်ကို ငါ့ မင်းနဲ့ လက်ဇော့ မထိုးတော့ပါဘူး။ မင်းချစ်သူဆီ စိတ်ချလက်ချ သွားပါတော့"

ထို့နောက်ပိုင်းတော့ ထင်ကျော်တစ်ယောက် ချစ်သူနှင့်တွေ့လေတိုင်း အနှောင့်အယှက် မရှိတော့ဘဲ စိတ်ချလက်ချ သွားရတော့သည်။



မိုက်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သိုက်နန်းရှင်

ဒုတိယကမ္ဘာစစ်ကြီး မတိုင်ခင် ကရင်ပြည်နယ် ကော့ကွန်းရွာ၌ သီတင်းသုံးနေသော ဆရာတော်ဦးဇဝနတွင် မောင်အောင်မြတ်ဆိုသော တပည့်ရင်းတစ်ယောက်ရှိသည်။

ဆရာတော်က ကော့ကွန်းရွာ ဇာတိမဟုတ်၊ ပဲခူးတိုင်း ရွှေကျင်မြို့နယ်မှနေ၍ ကော့ကွန်းရွာရှိ ဆရာတော်အသိ ဒကာတစ်ယောက်က လွန်ခဲ့သော သုံးနှစ်ခန့်က ပင့်ဆောင်ခဲ့သဖြင့် ကော့ကွန်းရွာသို့ ရောက်လာခြင်းဖြစ်သည်။

ကော့ကွန်းရွာ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် မရှိတော့သည်မှာ တစ်နှစ်ခန့် ရှိသွားပြီ။ ထို့ကြောင့် ထိုရွာမှ ဦးစံဖေက မိမိ၏ဆရာတော်ကို တောင်းပန်ပြီး ကျောင်းသို့ ပင့်ဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှင့်အတူ ဝေယျာဝစ္စလုပ်ရန် မောင်အောင်မြတ်ကိုလည်း ဆရာတော်က ခေါ်ခဲ့သည်။ ငယ်စဉ်ကတည်းက မိဘများမရှိတော့သဖြင့် ဆရာတော်ထံမှာသာ ကျောင်းအိပ်ကျောင်းစားနေခဲ့သူဖြစ်သည်။

အသက်က နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ၊ ရဟန်းခံပေးမည့်သူမရှိ၍ ရဟန်းအဖြစ် မရောက်သေး။

ဆရာတော်လည်း ကော့ဂွန်းရွာသို့ ရောက်သည်နှင့် ကျောင်းအပ်ခြင်းကို လက်ခံကာ ကျောင်းထိုင်ခဲ့သည်။ ထိုရွာမှာ ကရင်လူမျိုးအများစု နေထိုင်ပြီး၊ ဗမာလူမျိုး အနည်းငယ်သာ ရှိသော်လည်း ဗုဒ္ဓဘာသာကရင် အများစုရှိနေသဖြင့် ဆရာတော် မပူမပင် မကြောင့်မကျ သီတင်းသုံးနိုင်ခဲ့သည်။

မောင်ကောင်းမြတ်က ဆရာတော် ဆွမ်းခံကြွရာနောက်မှ ဆွမ်းဟင်းချိုင့်ကို ဆွဲပြီး နေ့စဉ်လိုက်ပါခဲ့သည်။

ဆရာတော်၏ နောက်မှလိုက်ရင်း ရွာတွင်းက လောင်းလှူသမျှ ဆွမ်းဟင်းများကို ချိုင့်ထဲထည့်သည်။

ကော့ဂွန်းရွာ အစွန်သို့ရောက်လျှင် ဆရာတော်က ကျောင်းသို့ လှည့်ပြန်သည်။ ထိုအချိန် ဆရာတော်အတွက် ဆွမ်း၊ ဆွမ်းဟင်းများ ပြည့်စုံလုံလောက်စွာ ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရွာ၏အစွန်ဆုံး အိမ်တစ်အိမ်မှ အသက်ဆယ့်ရှစ်နှစ်ခန့် မိန်းကလေးတစ်ယောက် နေ့စဉ်ပုံမှန် သစ်သီးဆွမ်းများ ထွက်ကပ်လေ့ရှိသည်။ ရုပ်ရည်က အသင့်အတင့်ရှိသည်။

အဝတ်အစားက မသစ်လွင်သော်လည်း သန့်သန့်ပြန့်ပြန့်ရှိသည်။ အောင်မြတ်လည်း ထိုမိန်းကလေးကို နေ့စဉ်တွေ့နေရခြင်းကြောင့် စိတ်ဝင်စားလာသည်။

အောင်မြတ်နည်းတူ မိန်းကလေးကလည်း စိတ်ဝင်စားနေသည်။

ဆရာတော်ကလည်း တပည့်အောင်မြတ်နှင့် မိန်းကလေးတို့၏ အခြေအနေကို အနည်းငယ် ရိပ်စားမိနေသည်။

ပြီးတော့ မိန်းကလေးအား ဆရာတော်ကြီး စတွေ့စဉ်ကတည်းက အကဲခတ်မိသည်။ ဆရာတော်က အင်း၊ အိုင်၊ လက်ဖွဲ့ မန္တာန်တတ်သော ဆရာတော်ဖြစ်သဖြင့် မိန်းကလေးက ဘယ်အမျိုးအနွယ် ဘယ်သူဖြစ်သည်ကို သိသည်။

နေ့စဉ် ဆွမ်းလာလောင်းလှူနေသော မိန်းကလေးသည် လူသားစစ်စစ် မဟုတ်၊ ဥစ္စာစောင့်တစ်ယောက်မှန်း ဆရာတော် မြင်မြင်ချင်း သိလိုက်သည်။

နေ့တိုင်း ဆွမ်းလာလောင်းနေသော မိန်းကလေးသည် လူသား


www.burmeseclassic.com

www.burmeseclassic.com


မတုတ်ဟု အောင်မြတ်အား အစွဲအလန်း မရှိစေရန်၊ ဆရာတော်က အသိပေးသည့်အနေဖြင့် ပြောပြလိုက်သည်။

ဆရာတော်က ဥစ္စာစောင့်ဟု ပြောလိုက်သည့်အချိန်မှစပြီး အောင်မြတ်တစ်ယောက် ကိုရင်၊ ကျောင်းသား၊ ဦးပဉ္စင်းများနှင့် ရောရှောနှောနှော မနေတော့ဘဲ တစ်ယောက်တည်းသာ ငေးငိုင်နေတော့သည်။

တစ်ခါ တစ်ခါ ကျောင်းမှ ပျောက်သွားတတ်သည်။

ဆရာတော်နှင့် မျက်နှာချင်းဆိုင်မှု သိပ်မရှိတော့ဘဲ ကျောင်းမှ နေ့ရော ညပါ တစ်ခါတစ်ခါ ပျောက်နေတတ်သည်။

ကော့ဂွန်းရွာ ကျောင်းနောက်ဘက်တွင် ကျောက်ဆောင် ကျောက်တုန်းများ များပြားစွာ ရှိသလို ကော့ဂွန်းဂူကလည်း နာမည်ကြီးလှသည်။

ထိုကျောက်ဆောင်ကျောက်စွယ်များကြားမှာ အစာတော်ခံကာ သွား၍ ထိုင်နေတတ်ကြောင်း၊ တစ်ယောက်တည်း စကားပြောနေ တတ်ကြောင်း ကျောင်းသားတစ်ချို့ ပြန်လျှောက်ကြသဖြင့် ...

တစ်ရက် အောင်မြတ်ကျောင်းမှ ပျောက်သွားသည်နှင့် ဆရာ တော်က နောက်မှလိုက်ပြီး အခြေအနေကို အကဲခတ်ကြည့်သည်။

ဆရာတော် တွေ့လိုက်ရသည်က ဆရာတော်ထင်ထားသည့်


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့် စကားပြောနေသည်ကို တွေ့လိုက်ခြင်းဖြစ်သည်။

ကျောင်းသားလေးများ ပြောသကဲ့သို့ တစ်ယောက်တည်း စကားပြောနေခြင်းမဟုတ်ဘဲ ဆရာတော်ကြီး၏ သီလသမာဓိ စွမ်းအားကြောင့် အနားမှာ ထိုင်နေသော ဥစ္စာစောင့်မိန်းကလေးကို တွေ့လိုက်သည်။

ထိုသို့ သွားရောက်ကြည့်ရှုခဲ့ပြီး နောက်နေ့ရောက်သော် အောင်မြတ်အား ဆရာတော်ကြီးက ခေါ်လိုက်သည်။

"ကဲ ... ဒါ့တပည့် ဆရာတော်ကို အမှန်အတိုင်း ပြောစမ်း၊ မင်းက ဟိုသစ်သီးဆွမ်းလောင်းတဲ့ မိန်းကလေးကို တွေ့ပြီးကတည်းက မှုပျက်နေတာ။ အခု အဲဒီမိန်းကလေးနဲ့ ဘာလိုလို ဖြစ်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ တပည့်တော် ကျောင်းသားတွေနဲ့ စကား မပြောချင်လို့ အပြင်မှာ သွားနေတာပါဘုရား"

ထိုသို့ လျှောက်လေလျှင် ဆရာတော်က

"ဒါ့တပည့် ဆရာတော်ကို မလိမ်နဲ့၊ ဆရာတော် မနေ့က ဒါ့တပည့်ရှိတဲ့နေရာအထိ ရောက်ခဲ့ပြီးပြီ၊ ဆရာတော်အားလုံး မြင် ပြီးပြီ"

ထိုသို့ ဆရာတော်ကြီးက ပြောလိုက်သည့်အခါမှတော့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ် ဘာမှ မပြောနိုင်တော့ဘဲ ခေါင်းကြီး ငုံ့သွားသည်။

တပည့်ဖြစ်သူ အနေအထိုင် ခက်နေသည်ကို သိသဖြင့် ဆရာတော်ကြီးက စကားဆက်သည်။

"ဃရာဝါသော၊ ဗဟုကိစ္စော" လို့ဆိုထားတယ် မဟုတ်လား၊ အိမ်ထောင်ပြုခြင်းကိစ္စဟာ ဆင်းရဲတွင်းနက်တဲ့ ညွှံ့ဗွက်နဲ့ မခြားဘူးကွယ့်။ ဒီလို ကြောက်စရာကောင်းတဲ့ အပြုအမူကို ဒကာလေး အနေနဲ့ အသိခေါက်ခက် အဝင်မနက်စေချင်လို့ ဘုန်းကြီးပြောတာ"

အောင်မြတ်လည်း ဆရာတော်အား ဘာမှ မလျှောက်တင်ဘဲ ငြိမ်ပြီးနေသည်။ မျက်နှာမကောင်းပုံ ရသဖြင့် ဆရာတော်ကြီးက

"ဒီမှာ ဒကာလေး ဘုန်းကြီး အခုလို ပြောရတာက မင်းတို့ အခုလို ချစ်ကြိုက်နေကြတာကို ဘာမှ မပြောလိုပါဘူး၊ ခွဲဖို့လည်း မစဉ်းစားပါဘူး၊

ဒကာလေးအနေနဲ့ စဉ်းစားပိုင်းဖြတ်ပြီး ရှေ့ဆက်မတိုးဘဲ နောက်ဆုတ်လိုက နောက်ဆုတ်နိုင်ရန် ဆရာတော်က အသိပေး လမ်းညွှန်ရတာဖြစ်တယ်"

ထိုသို့ မိန့်ဆိုလိုက်တော့မှ အောင်မြတ်လည်း စိုးရိမ်စိတ် ငလျှော့ပါးသွားပြီး ဆရာတော်အား ဖြစ်ပျက်သမျှအကြောင်းစုံကို တင်ပြလျှောက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာစောင့်မလေး မနန်းနှင့် တွေ့ဆုံမိကတည်းက စိတ်ဝင်စားခဲ့သလို သူရှိရာ ကျောင်းအနီးသို့ နန်းကလာရောက် တွေ့ဆုံကြရာမှ ချစ်သူဘဝသို့ ရောက်ခဲ့ကြောင်း လျှောက်တင်လိုက်သည်။

တပည့်တော်အနေနှင့် ထိုမိန်းကလေးကို ဥစ္စာစောင့်မှန်းသိသော်လည်း လုံးဝမခွဲနိုင်တော့ပါကြောင်း လျှောက်ထားလေတော့သည်။

အောင်မြတ်က ထိုသို့ လျှောက်ကြားလိုက်သောအခါ ဆရာတော်က တပည့်အတွက် စဉ်းစားရ ကြပ်သွားခဲ့သည်။

ဥစ္စာစောင့်မက နာနာဘာဝ၊ ငါ့တပည့်က လူသား ..ဘတ်သဘာဝအရ ဘဝခြားနေတဲ့ သူတို့နှစ်ဦးကို ဘယ်ကဲ့သို့ ကြံဖန်ပေါင်းစပ်ပေးရမည်မသိ၊ စဉ်းစားရခက်နေသည်။

"ကဲ ... ကဲ၊ ဆရာတော်အနေနဲ့ မင်းတို့ချစ်ခြင်းကို မခွဲခြားလိုပါဘူး။ ဒါပေမဲ့ ဒီကိစ္စအတွက် တပည့်ကြီးဘတ်ဇာဆရာတော်မသိဘဲ ဘာမှ မလုပ်စေချင်ဘူး။ ကဲ ... ကဲ သွား"

အောင်မြတ်လည်း ဆရာတော်ကြီးအား ဦးချပြီး အနားမှထသွားသည်။

အောင်မြတ်ထွက်သွားတော့ ဆရာတော်က အောင်မြတ်၏နောက်ကျောကို ကြည့်ပြီး စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဇီ့တပည့်ပုံစံ ကြည့်ရတာ ... သူ့ချစ်သူနဲ့ ဖြတ်နိုင်းလို့ ရမယ့်ပုံ မမြင်ဘူး။ ဇါလည်း အတင်းမခွဲလိုပါဘူး။ ဒီလိုကိစ္စမျိုးတွေမှာ ဇါဝင်ပါလို့လည်း မသင့်တော်ပေဘူး"

"သထုံက ဇီ့ရဲ့တပည့် ရှမ်းဆရာကြီးကို လှမ်းမှာပြီး မောင်အောင်မြတ်ကိစ္စ ကြည့်ရှု စီစဉ်နိုင်းရတော့မှာပဲ"

ထိုကဲ့သို့ ဆုံးဖြတ်ချက်ချပြီးသည်နှင့် သထုံမြို့တွင် ပယောဂကိစ္စများ ကုသရာတွင် နာမည်ကြီးနေသော ရှမ်းဆရာကြီးကို ဆရာတော်ကျောင်းကို လာခဲ့ရန် လူကြုံနှင့် အကြောင်းကြားလိုက်လေသည်။

မကြာသောရက်အတွင်း သထုံမြို့မှ ရှမ်းဆရာကြီးရောက်လာသည်။ ထိုရှမ်းဆရာကြီးက ဟာစ်ချိန်က ဆရာတော်ထံမှာ အင်း၊ အိုင်၊ မန္တန်များ သင်ခဲ့ပြီး နယ်တကာလှည့်၍ ဆေးကုသနေသူဖြစ်သည်။

အင်္ဂလိပ်အုပ်စိုးစဉ်ကာလဖြစ်၍ တောကြောင်များ ပုန်ကန်ထကြွနေသူများကြောင့် နေရာအတည်တကျ မရှိ။

ရှမ်းဆရာကြီးလည်း သထုံမြို့မှာ အခြေချ နေထိုင်ဆေးကုစဉ် မိမိကို ပညာသင်ပေးသော ဆရာတော် ကော့ဂွန်းရွာမှာ သီတင်းသုံးနေသည့် သတင်းကြားသိ၍ တစ်ခါတစ်ခေါက် လာရောက်



www.burmeseclassic.com

www.burmeseclassic.com


ဖူးမြော်ခဲ့သည်။

ယခု ဆရာတော်က ကျောင်းသို့ ခေတ္တလာပါရန် အကြောင်းကြားသဖြင့် ရက်မဆိုင်းဘဲ ဆရာတော်ထံ လာရောက်ဖူးမြော်လေသည်။

ဆရာတော်ကြီးက တပည့်ရှမ်းဆရာအား ခရီးရောက်မဆိုက်ပင် ခေါ်လိုက်ရခြင်းအကြောင်းကို ရှင်းပြသည်။

"ဆရာတော် ဒီကိစ္စ ဘာမှ မစိုးရိမ်၊ မကြောင့်ကြပါနှင့်။ တပည့်တော် တာဝန်ယူပေးပါ့မယ်။ မောင်အောင်မြင့်ရဲ့ကိစ္စကို ဆရာတော်ရဲ့သဘောထားအတိုင်း မခွဲမခြား နေနိုင်အောင် တပည့်တော် စီစဉ်ပေးပါ့မယ်ဘုရား"

"အေး ... အေး၊ ဘယ်လိုမှ ခွဲမရလို့ စီစဉ်ပေးခိုင်းတာပဲ၊ သူတို့ဘဝ၊ သူတို့ကုသိုလ်ကံ ကောင်းခဲ့ရင်လည်း စံကြမယ့် ကုသိုလ်အကျိုးပေးနည်းခဲ့လို့ ဆင်းဆင်းရဲရဲ နေရလည်း သူတို့ ခါးစည်းခံလိမ့်မပေါ့"

"မှန်လှပါ ... သူတို့အတွက် ဘာမှ ကြောင့်ကြမနေပါနဲ့။ အဆိုးကြီးမဖြစ်အောင် တပည့်တော် အစီအမံတွေ စီမံပေးခဲ့ပါ့မယ်ဘုရား"

"နေ့ဆွမ်းကပ်ကြတော့မယ်၊ ဘုန်းကြီးဆွမ်းစားပြီးရင် အဘ


www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ခေါ်ခိုင်းလိုက်မယ်၊ နေ့လည်စာ စားသောက်ပြီးမှ လုပ်စရာရှိတာ လုပ်ပေါ့"

"မှန်ပါ ... ညနေပိုင်းမှ စီရင်ပေးပါ့မယ်၊ တပည့်တော် အမြန်ပြန်ဖို့ မလိုပါဘူး။ မနက်ဖြန်မှ ပြန်မှာပါ။ အချိန်ရပါသေးတယ်ဘုရား"

သို့ဖြင့် ရှမ်းဆရာကြီးလည်း နေ့လည်စာစားပြီးသည်နှင့် စီရင်စရာရှိသည်များကို စီရင်နေလိုက်သည်။

ညနေသုံးနာရီခန့်ရောက်တော့ စီရင်ပြီးပြီဖြစ်၍ မောင်အောင်မြတ်အား ဆရာကြီးက ရှေ့သို့ ခေါ်လိုက်သည်။

"ကဲ ... မောင်အောင်မြတ်၊ ဆရာတော်ကတော့ မင်းရဲ့အကြောင်းစုံကို ဆရာ့ကို ပြောပြပြီးပြီ၊ မင်းကရော အဲဒီမိန်းကလေးကို မခွဲနိုင်တာ သေချာလား၊ မင်း သူ့ကို နှစ်နှစ်ကာကာ ချစ်လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် နှန်းနဲ့ မဝေးချင်တော့ဘူး"

"မင်းက သူ့ကို ယူမယ်ဆိုရင် သူက မင်းကို လက်ခံမယ်ဆိုတာ ဆရာကြီးကို အာမခံနိုင်လား"

"သူက ကျွန်တော်နဲ့ အတူတူနေချင်တဲ့အကြောင်း ပြောတာကြာပါပြီ၊ ဘဝချင်းမတူလို့ ဆရာတော်က ခွင့်မပြုမှာစိုးလို့ ဒီအချိန်ထိ ကြာနေတာပါ၊ ဆရာတော်က ခွင့်ပြုခဲ့ရင် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အတူတူနေဖို့ ဆုံးဖြတ်ပြီးသားပါ”

“အင်း ... အချစ်ကလွဲရင် ဘာမှ မမြင်နိုင်တော့ဘူး ဆိုပါတော့၊ ကဲ ... ဆရာကြီးပြောတဲ့စကား သေသေချာချာ မှတ်ထား။ အဲဒီမိန်းကလေးနဲ့ ဘယ်အချိန်မှာ တွေ့တတ်လဲ”

“ကျွန်တော် သူ့ကို အချိန်မရွေး တွေ့နိုင်ပါတယ်”

“အေး ... ဒါဆို၊ သူနဲ့ မတွေ့ခင် မင်းရွတ်ဆိုရမယ့် မန္တန်ကို ဆရာသင်ပေးမယ်”

“အဲဒီ မန္တန်ကို အလွတ်ရအောင် မှတ်ထား”

မန္တန်က သိပ်မရှည်သဖြင့် သုံးခေါက်မျှ ရွတ်ပြရုံနှင့် မောင်အောင်မြတ် အလွတ်ရသွားပြီဖြစ်သည်။

“မန္တန်ကို ရပြီးပြီဆိုရင် ရော့ ... ဟောဒီ ခေါင်းပေါ်တဲ့ အပ်သုံးချောင်းယူထား၊

မိန်းကလေးနဲ့ တွေ့တဲ့အချိန် မန္တန်ကို ရွတ်ပြီး ဒီအပ်သုံးချောင်းကို ခေါင်းမှာ မြုပ်အောင် စိုက်လိုက်ပေတော့”

“အလွယ်စိုက်လို့ ရပါ့မလား ဆရာကြီး”

“သူ့ကို အာရုံလွှဲတဲ့အနေနဲ့ စကားတွေ အများကြီးပြောပြီး သူ အမှတ်တမဲ့ ဖြစ်တုန်း ခေါင်းပေါ်တည့်တည့် အပ်ကို စေ့စေ့ချက်ချက် တည်းဝင်အောင် အားကုန်စိုက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



အပ်တစ်ချောင်း ဝင်သွားပြီးရင် သူသတိမေ့သလို ဖြစ်သွားလိမ့်မယ်၊ အဲဒီအခါကျရင် ကျန်အပ်နှစ်ချောင်းကို အလှယ် စိုက်လိုက်လို့ရပြီ"

အောင်မြတ်လည်း ဆရာကြီးက နှစ်ဦးသားပေါင်းစပ်နိုင်ရေး စီရင်ပေးနေမှန်းသိတော့ အတိုင်းမသိ ဝမ်းသာပြီး ဆရာမှာသည့်အတိုင်း ဖြစ်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။

"မောင်အောင်မြတ် ... အခု ညနေနဲ့ ညပိုင်း မင်းရဲ့ မိန်းကလေးကို မတွေ့နဲ့ဦး။ မနက်ဖြန်မှ ဆရာမှာတဲ့အတိုင်း မလွဲအောင်လုပ် ကြားလား"

"အခု ညနေပိုင်း စီရင်လို့ မရဘူးလား ဆရာကြီး၊ ကျွန်တော်ကတော့ ... သူ့ခေါင်းမှာ အပ်စိုက်ချင်နေပြီ"

"ဆရာ ... ကိုယ်ချင်းစာပါတယ်၊ အခု ညနေပိုင်း အပ်စိုက်လိုက်ပါပြီတဲ့ မိန်းကလေးက သူ့သိုက်နန်း ပြန်လို့မရဘူးဆိုရင် မင်းတို့ နေဖို့ထိုင်ဖို့ ညကြီးအချိန်မတော် ဆရာတော်က စီစဉ်ပေးရတော့မယ်။ ဒါကြောင့် နောက်နေ့အထိ စောင့်ဖို့ ပြောတာ"

ဆရာကြီး ပြောလိုက်မှ အောင်မြတ်သဘောပေါက်သွားသည်။ သို့ကြောင့် မိမိဆန္ဒကို မြိုသိပ်လိုက်ရသည်။

နောက်နေ့ အာရုံဆွမ်း ကပ်ပြီးသည်နှင့် အောင်မြတ်ကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည်။

ချိန်းတွေ့နေကျ ကျောက်ဆောင်နောက်သို့ သွားပြီး သူချစ်သော နန်းအား ခေါ်လိုက်သည်။

မကြာခင် မိန်းကလေး ရောက်လာသည်။

အောင်မြတ်နှင့် နန်းတို့ စကားတွေ တဝကြီး ပြောကြသည်။ ရီလိုက် မောလိုက်နှင့် မောင်အောင်မြတ်၏ အပြောကို သဘောတွေ့နေသည်။

ထိုအချိန် အောင်မြတ်လည်း အပ်သုံးချောင်းကို ကိုင်တာ မန္တန်ကို ရွတ်လိုက်သည်။ မန္တန်ဆုံးသည်နှင့် အပ်တစ်ချောင်းကို ခေါင်းပေါ် အားစိုက်ပြီး ထိုးသွင်းလိုက်သည်။

အပ်က ခေါင်းအတွင်း ထိုးစိုက်သွားသည်။ အပ်မှာ ခေါင်းငါ သဖြင့် အပ်ခေါင်းက ဦးရေမှာ ကပ်လျက်ရှိနေသည်။ ခေါင်းမှာ အပ်စိုက်ခြင်း ခံလိုက်ရ၍ နာကျင်ထိတ်လန့်သွားပြီး ရုတ်တရတ် သတိလစ်သွားသည်။

ထိုအခါ ဆရာကြီးမှာသည့်အတိုင်း ကျန်အပ်နှစ်ချောင်း ပထမ အပ်အနီးမှာ ထိုးစိုက်လိုက်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာမှ နန်းလည်း သတိရလာသည်။

သူတို့နှစ်ယောက် ကျောက်ဆောင်နောက်မှာ တင်းသာတတ်တို့


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖက်ပြီး ထိုင်နေကြစဉ် ...

ဆရာတော်ကြီးနှင့် ရှမ်းဆရာကြီးတို့အနီး ရောက်လာသဖြင့် လက်များကို ရုပ်လိုက်ပြီး ကိုယ်ကို ပြင်ထိုင်လိုက်ကာ လက်အုပ်ချီထားကြသည်။

ရှမ်းဆရာကြီးက စကားစလိုက်သည်။

"မောင်အောင်မြတ် ဆရာမှာတဲ့ကိစ္စ ပြီးပြီလား"

"ဆရာကြီး ခိုင်းတဲ့အတိုင်း ဆောင်ရွက်ပြီးပါပြီ"

ထိုအခါ ဆရာတော်ကြီးက မောင်အောင်မြတ်အား မိန့်မှာလေသည်။

"မောင်အောင်မြတ် ဒကာလေးဟာ အခုအချိန်မှာ ကျောင်းသားမဟုတ်တော့ဘူး။ ကြင်ယာနှင့်ဖြစ်နေပြီ၊ ဒီမိန်းကလေးကို ကျောင်းမှာ ခဏထားခဲ့။ ရွာထဲက ဒကာစံဖေကို ဆရာတော် ခေါ်နေတယ် ဆိုပြီး သွားခေါ်ခဲ့"

"ဒကာမလေးက ကျောင်းကိုလိုက်ခဲ့"

"တင်ပါ့ဘုရား"

အောင်မြတ်က ဆရာတော်ကို ဦးချပြီး ထွက်သွားသလို နန်းလည်း ဆရာတော်နှင့် ရှမ်းဆရာကြီးတို့နောက်မှ လိုက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


မကြာခင်မှာပင် အောင်မြတ်နှင့် ဦးစံဖေတို့ ကျောင်းသို့ ရောက်လာကြသည်။ ဆရာတော်အား ဦးချပြီး ထိုင်လိုက်ကြသည်။

"ကဲ ... ဒကာကြီးစံဖေရေ ... ကိစ္စအထူးရှိလို့ ခေါ် လိုက်တာပဲ။ ဒကာကြီးတို့မှာ မိသားစုနည်းတယ်ဆိုတော့ အိမ်ရဲ့ မြေရင်းခန်းကို ကန့်ပြီး မောင်အောင်မြတ်တို့ ဇနီးမောင်နှံကို အငှားသဘောမျိုးနဲ့ ထားပေးဖို့ ဆရာတော် မေတ္တာရပ်ခံပါတယ်"

"တောင်းပန်စရာ မလိုပါဘူး ဘုရား၊ တပည့်တော်ခြံထဲမှာ သားနဲ့ဇနီး ကွဲသွားလို့ လူမနေတော့တဲ့ အိမ်လေးတစ်လုံး ရှိနေပါတယ် ဘုရား၊

သူတို့ဇနီးမောင်နှံကို တပည့်တော် နေဖို့ ပေးထားပါ့မယ် ဘုရား"

"အေး ... အေး၊ သာဓု ... သာဓု ... သာဓု"

"ကဲ မောင်စံလွင်တို့ ဒကာကြီး ဦးစံဖေပြန်သွားရင် လိုက်သွား ကြပေတော့။ ကျောင်းမှာရှိတဲ့ မင်းရဲ့ပစ္စည်းတွေယူပြီး သွားကြ"

ဆရာတော် မိန့်ပြီးသည်နှင့် မောင်အောင်မြတ်တို့လည်း ဆရာတော်ကြီးအား ကန်တော့ပြီး ရှမ်းဆရာကြီးကိုပါ ဆက်၍ ကန်တော့လိုက်သည်။

ထို့နောက် ဦးစံဖေခေါ်ရာနောက်သို့ လိုက်သွားကြတော့


www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးစံပေ၏ အိမ်ခြေရင်းမှာ အသင့်ဆောက်ထားသော အိမ်လေးမှာ လင်မယားနှစ်ယောက်ကို နေရာချပေးခဲ့သည်။

"မောင်အောင်မြတ် … ဘယ့်နှယ်လဲ၊ အိမ်ကို သဘောကျရဲ့လား"

"ဟုတ်ကဲ့ … သဘောကျပါတယ်၊ ကျေးဇူးလည်း အထူးတင်ပါတယ် ခင်ဗျာ"

ကော့ဂွမ်းရွာဝန်းကျင်မှာ လယ်ယာများရော ဥယျာဉ်ခြံများရော ရှိနေသည်။ ထို့ကြောင့် တစ်ဝမ်းတစ်ခါးအတွက် အောင်မြတ်တို့လင်မယားအား ဥယျာဉ်ခြံမှာ နေ့စားအလုပ်ရအောင် ကူညီ ဆောင်ရွက်ပေးသည်။

ထိုမှရသော လုပ်အားခနှင့် လင်မယားနှစ်ယောက် စားဝတ်နေရေး ပြေရှင်းနိုင်ခဲ့ကြသည်။

အိမ်ထောင်သက် "၂"နှစ်သို့အရောက် သမီးဦးလေး တစ်ယောက် ရခဲ့သည်။ သမီးကြီးမြမြကိုမွေးပြီး နောက်တစ်နှစ်ခွဲအကြာ မောင်ကျော်စွာဆိုသော သားလေးကို မွေးဖွားခဲ့သည်။

သားလေးကျော်စွာပင် ခြောက်နှစ်အကျော်သို့ ရောက်ခဲ့ပြီ။ ရွာမှ စီးပွားရှာရသည်မှာ တစ်နေ့ရသော လုပ်စာ၊ တစ်နေ့ ပြေရှင်းနေရသဖြင့် ပိုပိုလျှံလျှံ မဖြစ်လာခဲ့။



www.burmeseclassic.com

www.burmeseclassic.com


မနန်းက ဥယျာဉ်ခြံအတွင်း ရရာအလုပ် ဝင်လုပ်သလို ကိုနှစ်အရွယ်သို့ ရောက်လာသော မြမြလေးလည်း မိခင်နှင့်အတူ နိုင်သောအလုပ်ကို ဝင်လုပ်ကိုင်ကြသည်။

ကိုအောင်မြတ်လည်း တစ်ခုစဉ်းစားသည်။ သားဖြစ်သူ မောင်ကျော်စွာက ခြောက်နှစ်ကျော် ခုနစ်နှစ်အတွင်းသို့ပင် ရောက်နေပြီ။

သားကို ရှင်ပြုရန် မိဘတို့မှာ တာဝန်ရှိသည်။ ထို့ကြောင့် သားရှင်ပြုနိုင်ရန် ငွေကို အလုံးအရင်းလိုက် ရနိုင်ရန် ကြိုးစားမည်ဟု အသိဝင်လာသည်။

ထို့နောက် တစ်ရွာတည်းနေသူ ကိုလှကြိုင်၊ စောဖိုးထူးတို့က အောင်မြတ်အား သူတို့နှင့်အတူ ပဲခူးတွင် ဆောက်လုပ်ရေး အလုပ်များ ရှိသည်။ လုပ်လိုက လိုက်ခဲ့ရန်ခေါ်သည်။

အင်္ဂလိပ်အစိုးရမှ ဆောက်လုပ်နေသော ရုံးအဆောက်အဦးများတွင် အကြမ်းလုပ်သား နေ့စားအလုပ် သွားလုပ်ရန် ဇနီးဖြစ်သူအား တစ်နှစ်တန်သည် နှစ်နှစ်တန်သည် သားအမိသုံးယောက် ချွေချွေတာတာ သုံးပြီး နေထိုင်ကြရန် မှာကြားသည်။

ဦးစံဖေတို့အား ဇနီးနှင့်သားသမီးတို့ကို အပ်ပြီး သုံးယောက်သား ပဲခူးသို့ ထွက်ခဲ့ကြသည်။

ပဲခူးရောက်တော့ ပဲခူးတွင် အလုပ် အဆင်မပြေသဖြင့်


www.burmeseclassic.com

www.burmeseclassic.com

မန္တလေးသို့ ထွက်ခဲ့သည်။

မန္တလေးရောက်တော့ အင်္ဂလိပ်အစိုးရ၏ ဆောက်လက်စ ရုံးအဆောက်အဦးများ အများအပြားရှိသဖြင့် အလွယ်တကူ အလုပ် ရခဲ့သည်။

× × × × ×

ရွာမှာ ကျန်ခဲ့သော မနန်းနှင့် ကလေးနှစ်ယောက်က မိမိ တို့၏ ရရှိသော လုပ်အားကလေးများနှင့် စားဝတ်နေရေးကို ဖြေရှင်းဖနေထိုင်ခဲ့ကြသည်။

အချိန်က "၂"နှစ်နီးပါး ကြာသွားပြီ၊ ယောက်ျားဖြစ်သူထံက ပိုက်ဆံလည်း ရောက်မလာ၊ သတင်းလည်း မကြား၊ မိသားစု အားလုံး စိတ်ပူနေကြရသည်။ လုပ်နိုင်ကိုင်နိုင်သောအရွယ်မို့ ငတ် ပြတ်ခြင်းတော့ မရှိခဲ့ကြပါ။

အချိန်က ကြာသွားသည်နှင့်အမျှ မြမြလေးက ဆယ့်တစ်နှစ် အတွင်းသို့ပင် ဝင်လာပြီ၊ အိမ်၏ ချက်ရေးပြုတ်ရေးကို နိုင်နင်းစွာ ချက်ပြုတ်နိုင်ပြီဖြစ်သည်။

တစ်ရက် အလုပ်မှ နေ့ခင်းထမင်းစား ပြန်ခဲ့သည်။ စား သောက်ပြီး တစ်နာရီခွဲခန့် နားချိန်ရသည့်အတွက် မနန်းက သမီး မြမြအား ...


www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ...၊ မီးဖိုထဲမှာ သိမ်းလို့ ပြီးပြီလား"

"ဟုတ်ကဲ့ ... ပြီးပါပြီ၊ ဘာခိုင်းဦးမလို့လဲ"

"ပြီးရင် အမေ့ခေါင်းက ယားလို့ ခေါင်းမှာ သန်းခဏလောက် ရှာပေးပါလား၊ အခုတလော ခေါင်းမလျှော်ဖြစ်လို့ ခေါင်းမှာ သန်းတွေ များလာတယ် ထင်တယ်"

"သမီးက တစ်ခါမှ သန်းမှ မရှာဘူးတာ"

"သမီး ဆံပင်က တိုတိုလေးဆိုတော့ သန်း မရှိပေမယ့် အမေတို့လို ဆံပင်ရှည်ရင် သန်းက ရောက်လာရော"

"ကဲ သမီးရှာပေးမယ် ... ခေါင်းရင်းအိမ်က အရီးနန်းမူတို့ သန်းရှာနေတာ တွေ့ဖူးတယ်"

ခဏကြာတော့ မြမြလည်း မိခင်မနန်းခေါင်းမှ သန်းများကို စိတ်ဝင်တစား ရှာပေးနေလေသည်။

သန်းရှာနေရင်း တစ်နေရာတွင် မြမြလည်း တစ်စုံတစ်ခုကို မြင်တွေ့သွားသည်။ မိခင်၏ခေါင်းထိပ် အလယ်တည့်တည့်အရောက် အထူးအဆန်းတစ်ခုကို မြင်တွေ့သွားသည့်အလား မိခင်တို့၏ အခြေ အနေကို မသိဘဲ ...

"ဟင် ... အမေ၊ အမေ့ခေါင်းမှာ သံချောင်းအသေးလေး သုံးချောင်းတောင် စိုက်ဝင်နေတယ်၊ အမေ မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး သမီးရယ်၊ အဲဒီဆူးတွေကြောင့်များ ခေါင်းယားနေတာလား မသိဘူး"

"ကဲ ... သမီး၊ နှုတ်လို့ရရင် နှုတ်ပစ်လိုက်စမ်းပါ"

မနန်းကိုယ်တိုင်လည်း ဥစ္စာစောင့်အဖြစ်မှ လူ့ဘဝကူးပြောင်းလာရခြင်းမှာ ဤအပ်သုံးချောင်းကြောင့်ဟု သိမထားပါ။ ကိုအောင်မြတ်ကလည်း ပြောပြမထားပါ။

မြမြလေးလည်း အကြောင်းမသိ၊ သံချောင်းတကယ်ပင် စူးဝင်နေသည်ထင်ပြီး တစ်ချောင်းချင်း ဆွဲနှုတ်နေသည်။

အပ်သုံးချောင်းကို ဆွဲနှုတ်လိုက်ပြီးသည်နှင့် မနန်းလည်း လူ့စိတ်ပျောက်သွားလေတော့သည်။

မူလဥစ္စာစောင့်တို့၏စိတ်က ပြန်လည်ဝင်ရောက်လာတော့သည်။

ထိုအခါ သားသမီး၊ လင်သားယောက်ျားထက် ဥစ္စာစောင့်ဆိုသော အသိကြောင့် နေရပ်ပြန်ရန်သာ စိတ်မှာ ဆန္ဒဖြစ်ပေါ်နေတော့သည်။

မနန်းက သမီးမြမြလေးအား

"သမီးအမေက လူသားစင်စစ် မဟုတ်ဘူး သမီး၊ အမေက နောင်ပွင့်မယ့် မြတ်စွာဘုရားရဲ့ကျောင်းတော်တွေ ဆောက်ရန်အတွက် စုဆောင်းထားတဲ့ ပစ္စည်းတွေကို စောင့်ရှောက်နေရတဲ့ ဥစ္စာစောင့် တစ်ယောက်ဖြစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com


အဲကြောင့် အမေက သားနဲ့သမီးတို့အနားမှာ မနေနိုင်တော့ဘူး။ သမီးတို့အဖေ ပြန်လာတဲ့အထိလည်း အမေ မစောင့်နိုင်တော့ဘူး။ သိုက်ထဲက ထွက်လာတဲ့အချိန်ကလည်း ကြာခဲ့ပြီ၊

သမီးတို့အဖေက သားရှင်ပြုဖို့ ငွေရှာထွက်သွားတာ ကြာချင်လည်း ကြာဦးမှာပဲ၊

အမေ့မှာ ဘုရားပစ္စည်းတွေ စောင့်ရှောက်ရင်း အမေပိုင်တဲ့ငွေလေးရာလောက်တော့ စုထားတာရှိတယ်။ သားနဲ့သမီး လိုက်ပြီးယူကြ၊

အဲဒီငွေကို အဘဦးစံဖေဆီမှာ အပ်ထား၊ သမီးတို့အဖေ ပြန်လာရင် သူရလာတဲ့ငွေနဲ့ပေါင်းပြီး သားရှင်ပြုပွဲလုပ်ကြ၊

အလှူလုပ်ရင် အမေ့အတွက်လည်း ရည်စူးပြီး ရေစက်ချ အမျှဝေပေးပါ။ အမျှရရင် ဒီဘဝက ကျွတ်လွတ်ချင်လည်း ကျွတ်လွတ်သွားမှာပဲ၊

အလှူမှာ အမျှရလို့ သာဓုခေါ်နိုင်ရန် အမေ့နေရာအတွက် ဥစ္စာစောင့်တစ်ယောက် ရောက်လာခဲ့ရင် အမေ ကျွတ်လွတ်ရမှာပဲ"

အမေ၏မှာကြားချက်များကို မောင်နှမနှစ်ယောက်လည်း မျက်ရည်စက်လက်နှင့် နားထောင်နေကြသည်။

"ကဲ ... အမေနဲ့ လိုက်ခဲ့ကြ၊ အချိန်ရှိတုန်း သွားလိုက်


www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်”

တစ်နေရာသို့ ရောက်သောအခါ မနန်းက ရပ်လိုက်သည်။ ပတ်ဝန်းကျင်မှာ ထန်းပင်ကြီး သုံးပင်ရှိနေသည်။

“ကဲ သမီးနဲ့ သားတို့ ဒီက စောင့် ဟုတ်လား၊ သိုက်ထဲကို လူစိမ်းတွေ ခေါ်လာလို့ မရဘူး။ အမေအခုပဲ ပြန်လာခဲ့မယ်”

တိုက်ကြီးတစ်လုံးရှေ့မှာ မနန်းက သားနှင့်သမီးတို့ကို ထားခဲ့ကာ တိုက်အတွင်းသို့ ဝင်သွားသည်။

ခဏအတွင်းမှာပင် ပြန်ထွက်လာသည်။ ထွက်လာတော့ ဝင်သွားတုန်းက အဝတ်အစား မဟုတ်၊ နန်းဝတ်နန်းစား အဝတ်အစားမျိုး ဝတ်ကောင်းစားလှများနှင့် ဖြစ်လာသည်။

“ရော့ ဒီပိုက်ဆံကို ယူသွားကြ၊ အဲဒီပိုက်ဆံကို အလှူမှာ ထည့်သုံးကြ ဟုတ်လား”

“အမေ သားတို့နဲ့ တကယ် ခွဲသွားတော့မှာလား”

“အမေ သမီးတို့နှစ်ယောက်ကို စိတ်ချပြီး ထားခဲ့ပြီလား၊ အမေ မသွားပါနဲ့ ... ဟီး ... ဟီး ... ဟီး”

“ဝမ်းမနည်းပါနဲ့ သမီးရယ်၊ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ အမေတို့နဲ့ ဘဝခြင်းမတူဘဲ လောကသားတစ်ယောက် ဖြစ်သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် သားနဲ့သမီးကို မခွဲချင်ပေမယ့် ရင်ထဲက နာနာနဲ့ပဲ ခွဲလာခဲ့ရတာပါ"

"ဟော့ ... မလာသေးဘူးလား၊ တစိမ်းတွေကို ပြန်လွှတ်လိုက်"

တိုက်ကြီးအဝမှ အရုပ်ဆိုးဆိုးလူကြီး၏ လှမ်းအော်လိုက်သည့် အသံကို ကြားသည်နှင့် ...

"ကဲ ... သမီးတို့၊ သားတို့ သွားကြတော့၊ အမေ အထဲဝင်တော့မယ်"

ထိုသို့ပြောပြီးသည်နှင့် တိုက်ထဲဝင်သွားသည်။ သူတို့ မောင်နှမ မျက်စိအောက်မှာပင် ထန်းသုံးပင်နှင့် တိုက်ကြီး ပျောက်သွားတော့သည်။

မောင်နှမနှစ်ယောက်လည်း ထိုနေရာမှ ပြန်ခဲ့ကြပြီး ပါလာသော ငွေများကို ဦးစံဖေအား အပ်ထားလိုက်သည်။

ဦးစံဖေလည်း မြမြပြောပြ၍ မနန်းအကြောင်းစုံကို သိသွားတော့သည်။

"အင်း ... ဒီကိစ္စတွေကို ဆရာတော်ကြီး သိမှာပဲ၊ ငါ ဆရာတော်ကျောင်းသွားပြီး မောင်အောင်မြတ်နဲ့ မနန်းတို့ ဆိုက်နန်းရှင်နဲ့လူ ပေါင်းစပ်တဲ့အကြောင်း သွားစုံစမ်းကြည့်ဦးမှပဲ"


www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် အလုပ်အားသည်နှင့် ဦးစံဖေလည်း ဆရာတော်အား ဆက်ကပ်ရန် ခြံထွက်အသီးအနှံများ တောင်းဖြင့်ထည့်ပြီး ကျောင်းသို့ ထွက်လာခဲ့သည်။

ကျောင်းသို့ ရောက်သောအခါ ဆရာတော်ကို သစ်သီးတောင်း ဆက်ကပ်၍ မနုန်းသိုက်အတွင်းသို့ ပြန်ရောက်သွားပြီဖြစ်ကြောင်း လျှောက်ထားလိုက်ပြီး သူသိချင်သော အကြောင်းအရာများကို တင်ပြ လျှောက်ထားလိုက်သည်။

"အခု ... မောင်အောင်မြတ်နဲ့ မနုန်းတို့ အိမ်ထောင်သက် ဆယ့်သုံးနှစ်ကျော်မှာ တစ်စစီ ဖြိုကွဲသွားပါပြီဘုရား"

"ဟဲ့ ဘယ်လို ဖြစ်ကြတာလဲ ... စိတ်သဘောချင်း မတိုက် ဆိုင်ကြတော့လို့လား၊ စီးပွားရေး မပြေလည်လို့ လမ်းခွဲလိုက်ကြ တာလား"

"မဟုတ်ပါဘူး ဘုရား၊ မနုန်းက ဥစ္စာစောင့်ဘဝက လာတာ ဆိုပြီး ဥစ္စာစောင့် ပြန်ဖြစ်သွားလို့ သားအဖသုံးယောက် ကျန်ခဲ့ ပါတယ်ဘုရား"

"ဟေ ... ဘယ်လိုကြောင့် ဥစ္စာစောင့်ဘဝ ပြန်ရောက် သွားရတာလဲ၊ ပြန်ရောက်စရာအကြောင်း မရှိပါဘူး"

"မနုန်းရဲ့ခေါင်းက အပ်သုံးချောင်းကို သူ့သမီး အနုန်းရှာရင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားပြီး ဘွဲ့နှုတ်ပယ်လိုက်တာ၊ အပ်သုံးချောင်းလည်း နှုတ်ပြီးရော လူစိတ်ပျောက်ပြီး ဥစ္စာစောင့်အဖြစ် ပြန်ရောက်သွားတော့တာပါပဲ ဘုရား"

"ကြော် ... အပ်သုံးချောင်းကို နှုတ်ပယ်လိုက်ကြတာကိုး အေးလေ သူတို့အားလုံးရဲ့ ရေစက်က ဒီလောက်ပဲ ပါကြတာပဲ"

"ဆရာတော် ဒီကိစ္စကိုသိရင် တပည့်တော် သိပါရစေလား ဘုရား"

"အင်း ဒီကိစ္စ ဆရာတော်မှာလည်း တာဝန်မကင်းသေးဘူး ကွယ့်၊ သူတို့နှစ်ယောက် ဥစ္စာစောင့်နဲ့ လူ၊ ခွဲလို့မရအောင် ချစ်ကြိုက်နေကြတာ၊

ဆရာတော်ကလည်း အကြောင်းအမျိုးမျိုး ပြပြီး၊ မဖြစ်နိုင်ကြောင်း ပြောတာ၊ ဘယ်လိုမှ ဖြတ်နိုင်းလို့ မရတဲ့အတွက် ဘုန်းကြီးရဲ့တပည့် ရှမ်းဆရာကြီးကို တာဝန်ပေးလိုက်မိတယ်၊

ရှမ်းဆရာရဲ့ အစီအမံနဲ့ သိုက်ကိုချုပ်တဲ့ ဂါထာစုတ်ပြီး အပ်သုံးချောင်းကို ခေါင်းမှာ စိုက်ပေးခဲ့တယ်။ ဥစ္စာစောင့်မိန်းကလေး က လူသားစိတ်ဝင်ပြီး သူတို့ပေါင်းသင်းနေနိုင်ကြတာပေါ့။

အခု အပ်သုံးချောင်းကို နှုတ်ပယ်လိုက်ပြီဆိုတော့လည်း သိုက်ကို ချုပ်ထားတာ ပျက်ပျယ်သွားတဲ့အတွက် ဘဝဟောင်းကို ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ဒကာစံဖေ"

"တပည့်တော် သိပါပြီဘုရား၊ မောင်အောင်မြတ်ရဲ့ သားကို ဆရာတော်ကျောင်းမှာ အပ်ပါရစေ၊ သူ့အဖေလာရင် ရှင်ပြုပေးဖို့ အဆင်သင့် ဖြစ်နေတာပေါ့ ဘုရား၊

အကြီးသမီးလေးကိုတော့ တပည့်တော် ဇနီးရယ်၊ သမီးငယ် တို့နဲ့အတူ ထားပါ့မယ် ဘုရား၊ သမီးအငယ်ဆုံးလေးကလည်း အခုမှ ဆယ့်သုံးနှစ်ပဲ ရှိတာဆိုတော့ သူတို့ချင်း အရွယ်တူ အဖော်ရတာပေါ့ဘုရား"

"ဒကာကြီးစံဖေ စီစဉ်တဲ့အတိုင်း ကောင်းပါတယ်၊ မောင် အောင်မြတ်ရဲ့သားကို မနက်ဖြန် ကျောင်းမှာ လာပို့ထားလိုက်ပါ"

"မောင်အောင်မြတ်က သူ့သားရှင်ပြုမလို့ "စီးပွားထွက်ရှာ နေတယ်၊ ပြန်လာလို့ မိန်းမ မရှိတော့တာ သိရင်၊ အတော်ခံစား ရမှာ၊ အစပဟာတည်းက ဘုန်းကြီးပြောခဲ့တယ် "ဃရာဝါသ ပြုက ဆင်းရဲမည်" လို့ မိန့်ခဲ့ပြီးပြီ။ သူတို့က ဒီနွံဗွက်အတွင်း အတင်း ဆင်းချင်ကြတာကိုး၊

BURMESE CLASSIC

ကဲ ... ကဲ၊ သူပြန်လာရင် အလျှပြစ်မြောက်အောင် ဝိုင်း ကူညီလိုက်ကြပါ"

"တင်ပါ့ဘုရား၊ တပည့်တော်ကို ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com


"အေး ... အေး"

ဦးစံဖေဆရာတော်ကြီးအား ဝတ်ပြုပြီး အိမ်သို့ ပြန်လာခဲ့သည်။

ဦးစံဖေ၏ မိသားစုကြောင့် တစ်ရွာလုံးနီးပါး ကိုအောင်မြတ်နှင့် ဥစ္စာစောင့်တို့ ဆုံဆည်းကြသည့်အကြောင်း တစ်ရွာလုံး သိသွားကြတော့သည်။

မနန်း သိုက်နန်းသို့ ပြန်သွားပြီး သုံးလခန့်အကြာမှာ စီးပွားထွက်ရှာသော ကိုအောင်မြတ် သားရှင်ပြုရန် ငွေထုပ်ပိုက်ပြီး ပြန်လာတော့သည်။

အိမ်သို့ရောက်တော့ သားက ဘုန်းကြီးကျောင်း ရောက်နေသည်။ သမီးက မျက်နှာမကောင်း၊ မနန်းကို မတွေ့သဖြင့် ရင်ထဲ ထိတ်သွားရသည်။

"အမေ ... အမေ မရှိတော့ဘူး ... ဟီး ... ဟီး"

"အဖေက အခုမှ ပြန်လာတယ်၊ သမီးတို့ မောင်လေးတို့ နှစ်ယောက်တည်း ရှိတော့တယ် ... ဟီး ... ဟီး"

အိမ်အောက်မှ လူသံများ ကြားသဖြင့် ဦးစံဖေ အိမ်ပေါ်တက်ဆင်းလာခဲ့သည်။

ဦးစံဖေ ရှင်းပြလိုက်သဖြင့် အပျော်နှင့်လာခဲ့သော ကိုအောင်မြတ်


www.burmeseclassic.com

www.burmeseclassic.com



လည်း အရုပ်ကျိုးပြတ် ဖြစ်သွားရသည်။

ဆရာတော်ကြီး ပြောခဲ့သော "ဃရာဘုံရှပ် ဤအလုပ်ကို မစက်ဆုတ်ဘူးလား" မိန့်ခဲ့သော စကားသံကို ကြားလာသည်။ တပည့်တော် ဆရာတော့်စကား နားမထောင်မိတာ မှားမှန်းသိပါပြီဟု ပြောရင်း မျက်ရည်များ စီးကျလာတော့သည်။

BURMESE CLASSIC

သို့ဖြင့် မကြာခင်မှာပင် ရှင်ပြုအလှူပွဲကို အောင်မြင်စွာ ပြုလိုက်နိုင်သည်။ အလှူရေစက်ချရင်း ဥစ္စာစောင့် မနန်းနှင့်တကွ ဝေနေယျသတ္တဝါတို့အား အမျှပေးဝေခဲ့ပါသည်။

ကိုအောင်မြတ်လည်း သမီးအား ဦးစံဖေ လင်မယားကို မွေးစားရန် ပေးခဲ့ပြီး သာသနာဘောင်သို့ အပြီးတိုင် ဝင်ခဲ့လေတော့သည်။

**ကောန်မင်း**

ပိဘက်ဆွေစာပေ

www.burmeseclassic.com